# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ချမ်းသာ၏**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏။ သဒ္ဓါတရားတည်တံ့ခိုင်မြဲခြင်းသည် ချမ်းသာ၏။ ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

ခုဒ္ဒကနိကာယ် (ဓမ္မပဒ - ၃၃၃)


၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၃ ရက် ၂၀၁၇ ခုနှစ်၊ မေ ၂၈ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၆)၊ အမှတ် (၂၃၇)


## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး)အား ဂုဏ်ပြုပါ၏





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အပေါ့စားကွန်ကရစ်အုတ်နှင့် ဖိအားမြင့်ခံကွန်ကရစ်အုတ်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစဉ် (သတင်းစဉ်)

# နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ထုတ်ဖန်တီးပေးနိုင်ရေးအတွက် စက်မှုလုပ်ငန်းသည် အထူးအရေးကြီးကြောင်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြောကြား

**ရန်ကုန် မေ ၂၇**

နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် Public Private Partnership အစီအစဉ်အရ စက်မှုဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံသားပိုင် Mother Industrial Co., Ltd က တည်ဆောက်သည့် အပေါ့စားကွန်ကရစ်အုတ်နှင့် ဖိအားမြင့်ခံကွန်ကရစ်အုတ်စက်ရုံဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် ပုလဲလမ်းရှိ အဆိုပါစက်ရုံ၌ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အားပေးပြီး စက်ရုံကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် စက်ရုံအတွင်းရှိ ကုန်ထုတ်လုပ်မှုနှင့် အရည်အသွေးထိန်းသိမ်းမှုများကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❋


## နိုင်ငံဖြတ်ကျော်ဖြစ်ပွားနေသည့် အုပ်စုဖွဲ့ပြစ်မှုကျူးလွန်မှုများ၏ ခြိမ်းခြောက်မှုအန္တရာယ်နှင့် ပတ်သက်၍ဆွေးနွေး


စာမျက်နှာ - ၄




## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကိုယ်စားလှယ်များ နေပြည်တော်ကောင်စီနယ်မြေအတွင်း လေ့လာကြည့်ရှု


စာမျက်နှာ - ၅





ပထမ အမျိုးသားအာမခံ

FNI

FIRST NATIONAL INSURANCE

ASSURING PEACE OF MIND. THE ESSENCE OF LIFE

www.fnipublic.com

သောကကင်းဝေး စိတ်အေးစေနိုင် FNI

မော်တော်ယာဉ် အာမခံ

မီး အာမခံ

မြေငလျင် အာမခံ

လေမုန်တိုင်း အာမခံ

ရေကြီးရေလျှံ အာမခံ

ဖောက်ထွင်းခိုးယူမှု အာမခံ

ခရီးသွား အာမခံ

ကျန်းမာရေး အာမခံ

ကုန်စည်သယ်ယူပို့ဆောင်မှု အာမခံ

နှင့်

အခြားအာမခံများ

လျော်ကြေးနှင့် Survey ဝန်ဆောင်မှုများကို (၂၄)နာရီဝန်ဆောင်မှုပေးနေပါသည်။

ရန်ကုန်(ရုံးချုပ်) 01-8610661~5

ရန်ကုန်(မရမ်းကုန်းရုံးခွဲ) 01-9666163~4

မန္တလေး 02-2844525, 09-423687900

မော်လမြိုင် 057-26538, 09-442258990~1

မုံရွာ 071-26281, 09-442258992~3

ပြည် 053-24220, 09-442258994~5

မြန်မာ့အလင်း

# အမှောင်ကမ္ဘာမှ ရုန်းထွက်ခြင်း

ကမ္ဘာကြီးတစ်ခုလုံးကို ညအချိန်တွင် လှည့်ပတ်၍ ဓာတ်ပုံမှတ်တမ်းတင်ခဲ့သော ဂြိုဟ်တုတစ်လုံး၏ဓာတ်ပုံများကို ကွန်ပျူတာဖြင့် တွဲဆက်လိုက်သောအခါ လျှပ်စစ်မီးအလင်းရောင်များဖြင့် တောက်ပထိန်ညီးနေသော အစိတ်အပိုင်းများ၊ မမှိန့်တမှိန်အစိတ်အပိုင်းများ၊ မှောင်အတိကျနေသော အစိတ်အပိုင်းများစသည်တို့ကို အကွက်လိုက် အကွက်လိုက်တွေ့ရသည်။ ဂြိုဟ်တုဓာတ်ပုံမှ အလင်းရောင်များက ကမ္ဘာ့နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှု၊ မဖွံ့ဖြိုးမတိုးတက်မှုတို့ကို ပြနေသည်။ လူမနေသည့် ကန္တာရတောတောင်များသည် ခြွင်းချက်ဖြစ်သော်လည်း လူနေသောအစိတ်အပိုင်းများမှ အလင်းရောင်များ သိပ်သည်းတောက်ပမှုနှင့် မတောက်ပမှုတို့က အစိတ်အပိုင်းအလိုက်ကွာခြားနေကြသည်။ ဖွံ့ဖြိုးတိုးတက်မှုနည်းပါးလှစွာသော နိုင်ငံတို့မှာ အမှောင်ကမ္ဘာမှ ရုန်းထွက်နိုင်ရန် အားစိုက်ကြိုးပမ်းနေကြရဆဲ။

ကမ္ဘာ့နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုမညီမမျှ ကွာခြားရခြင်းတွင် အကြောင်းရင်းခံအမျိုးမျိုးတို့ရှိကြသည်။ နိုင်ငံတစ်ခု မဖွံ့ဖြိုးမတိုးတက်ရခြင်းသည် ဘာကြောင့်ဟူသည်ကို သီအိုရီအမျိုးမျိုး၊ ပညာရှင်တို့၏ ယူဆချက်အမျိုးမျိုးတို့ရှိကြသည်။ အရင်းအနှီးချို့တဲ့မှု၊ နည်းပညာ၊ အတတ်ပညာချို့တဲ့မှု၊ သယံဇာတအရင်းအမြစ်ခေါင်းပါးမှု၊ လူလတ်တန်းစား စွန့်ထွင်ဦးစီးသူနည်းပါးမှု၊ စိုက်ပျိုးမြေရေယာနှင့် လူဦးရေထူထပ်မှုနှုန်းအဆမတန်ကွာခြားမှု စသည့် စီးပွားရေးဆိုင်ရာအခက်အခဲများအပြင် နိုင်ငံသူနိုင်ငံသားတို့၏ ကိုယ်ရည်ကိုယ်သွေး၊ ဓလေ့ထုံးတမ်းအစဉ်အလာများ စသည်တို့ကလည်း နိုင်ငံမဖွံ့ဖြိုးမှုကို ပြဋ္ဌာန်းစေသည်ဟု ဆိုသည်။ နိုင်ငံတစ်ခုဖွံ့ဖြိုးမှု၊ မဖွံ့ဖြိုးမှုတွင် အခြားအရေးပါသောအကြောင်းတစ်ရပ်မှာ အမျိုးသားစည်းလုံးညီညွတ်မှု (National Unity) ဖြစ်ပြီး ယင်းနှင့်ဆက်စပ်၍ နိုင်ငံတော်အတွင်း နိုင်ငံတော်၏အာဏာထိရောက်ပျံ့နှံ့မှု၊ ခေါင်းဆောင်နှင့် ပြည်သူတစ်သားတည်းရှိမှု၊ နိုင်ငံ၏အရေးအရာများတွင် ပြည်သူတို့ စိတ်ရောကိုယ်ပါ ပူးပေါင်းပါဝင်မှု၊ ပြည်သူတို့၏ လူမှုရေးစည်းကမ်း (Social Discipline)လိုက်နာမှုတို့ အထူးပင်လိုအပ်သည်။

နိုင်ငံတွင်တည်ရှိနေသော ရုပ်ဝတ္ထုနှင့် လူအင်အားအရင်းအမြစ်များကို ထိရောက်စွာအသုံးပြုနိုင်ရေး၊ နိုင်ငံတော်၏ ယန္တရားအသီးသီးတို့ကို ကျွမ်းကျင်စွာစီမံခန့်ခွဲနိုင်ရေး၊ လုပ်ငန်းစွမ်းဆောင်ရည်များ မြင့်မားရေး၊ လူမှုရေးနှင့်ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ပြည့်စုံလုံလောက်ရေးတို့သည် အစိုးရတစ်ရပ်၏ အရည်အသွေးများပင်ဖြစ်သော်လည်း အမျိုးသားစုစည်းမှု (National Integration) မှာမူ အားလုံးနှင့်သက်ဆိုင်သည့်ကိစ္စပင်ဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်းလုံးညီညွတ်ရေးက အခြေခံကျကျအရေးပါလှကြောင်း မိမိတို့ဖြတ်သန်းနေကြရသည့် မျက်မှောက်သမိုင်းအတွေ့အကြုံများကပင် သက်သေခံနေပြီ ဖြစ်သည်။ ရှေးရိုးအစဉ်အလာအစွဲအလမ်းကြီးပြီး မည်သည့်အပြောင်းအလဲကိုမျှ စိတ်ဝင်စားမှုမရှိခြင်းသည် ဖွံ့ဖြိုးတိုးတက်မှုတွင် တားဆီးနေသည့် လူတို့၏ မှားယွင်းသည့်သဘောထားပင်ဖြစ်ကြောင်း နိုင်ငံရေး ဘောဂဗေဒပညာရှင်တစ်ဦးက ဆိုထားသည်။ အမှန်ဟုယူဆပြီး ဆုပ်ကိုင်ထားသော အစွဲအလမ်းတို့ကို စွန့်လွှတ်ရန်မှာ တစ်ခါတစ်ရံ ခက်ခဲကောင်းခက်ခဲနိုင်သည့်တိုင်အောင် အမျိုးသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဉာဏ်မြေကတုတ်ပြု၍ စွန့်လွှတ်စွန့်စားနိုင်ကြပါစေကြောင်း။ ။




## သဘာဝဘေးအန္တရာယ်လျှော့ချရေး ကမ္ဘာလုံးဆိုင်ရာညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်

**နေပြည်တော် မေ ၂၇**

သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် ပတ်သက်၍ ၂၀၁၇ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ညီလာခံကို သဘာဝဘေးလျှော့ချရေး ဆန်ဒိုင်းမူဘောင် ၂၀၁၅-၂၀၃၀၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်ရည်မှန်းချက် ၂၀၃၀၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူညီချက်တို့ကို အခြေခံ၍ ကမ္ဘာ့နိုင်ငံအသီးသီးက ဆောင်ရွက်လျက်ရှိသော သဘာဝဘေးလျှော့ချမှုဆိုင်ရာ အကောင်အထည်ဖော်မှုအခြေအနေများကို ဆန်းစစ်ခြင်း၊ အသိပညာနှင့် အတွေ့အကြုံ ဗဟုသုတများကို ဖလှယ်ခြင်းနှင့် ဆက်စပ်ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း စသည့်ရည်ရွယ်ချက်များဖြင့် မက္ကဆီကိုနိုင်ငံ ကန်ကွန်းမြို့၌ မေ ၂၂ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့သည်။

အဆိုပါကမ္ဘာ့ညီလာခံဖွင့်ပွဲအခမ်းအနားကို မေ ၂၄ ရက်က ကန်ကွန်းမြို့ Moon Palace Resorts ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အဖွဲ့ တက်ရောက်ခဲ့သည်။ ဖွင့်ပွဲအခမ်းအနားသို့ မက္ကဆီကိုနိုင်ငံသမ္မတ၊ ကုလသမဂ္ဂ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်နှင့် နိုင်ငံပေါင်း ၁၈၂ နိုင်ငံမှ နိုင်ငံတော်အကြီးအကဲများ၊ ဝန်ကြီးများ၊ သဘာဝဘေးလျှော့ချရေးဆိုင်ရာ လက်တွေ့ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းအသီးသီးမှ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့သည်။

ညီလာခံအတွင်း ပြည်ထောင်စုဝန်ကြီးသည် လူထုအခြေပြုဘေးအန္တရာယ် ရင်ဆိုင်တုံ့ပြန်နိုင်မှု၊ ကြိုးပမ်းအားထုတ်မှုများ မြှင့်တင်ရေးဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးပွဲတွင် သဘာပတိအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ် လျှော့ချရေးဆိုင်ရာ လက်တွေ့အကောင်အထည်ဖော်မှုနှင့်ပတ်သက်၍ အောင်မြင်မှုများ၊ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများ၊ လိုအပ်ချက်များနှင့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ညီလာခံသို့ ဖတ်ကြားတင်သွင်းခဲ့သည်။ ထို့အပြင် မေ ၂၅ ရက် ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဖွံ့ဖြိုးပြီးနိုင်ငံများ၊ ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများမှ ဝန်ကြီးများအဆင့်တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ၊ သဘာဝဘေးလျှော့ချရေးဆိုင်ရာ မြန်မာနိုင်ငံ၏ မူဝါဒသဘောထားများ၊ ပြောင်းလဲကျင့်သုံးလျက်ရှိသော စီမံခန့်ခွဲမှုနည်းလမ်းများ၊ သဘာဝဘေးတုံ့ပြန်နိုင်မှု အသင့်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်မှုများနှင့် လိုအပ်ချက်များ၊ သဘာဝဘေးတုံ့ပြန်မှုဆိုင်ရာ ရန်ပုံငွေတိုးမြှင့်ချထားဆောင်ရွက်မှု အခြေအနေများ၊ သဘာဝဘေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ထိခိုက်မှုများ၊ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းတို့၏ ကူညီထောက်ပံ့ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရခိုင်လူမျိုးတို့၏ ဝေသာလီခေတ်သုံးဒင်္ဂါးပြားများအပ်နှံသူကို ဆုငွေပေးအပ်ချီးမြှင့်

**မြောက်ဦး မေ ၂၇**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ရခိုင်လူမျိုးတို့၏ ဝေသာလီခေတ်သုံး ဒင်္ဂါး ၅၁ ပြားကို လာရောက်အပ်နှံသူအား ပြည်နယ်အစိုးရအဖွဲ့က ဆုငွေကျပ် ၁၀ သိန်းကျော်ကို ယနေ့မွန်းလွဲ ၁ နာရီခွဲက မြေပုံမြို့နယ် အုပ်ချုပ်ရေးမှူးရုံး၌ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါဒင်္ဂါးပြားကို မြေပုံမြို့နယ် ကမ်းထောင့်ကြီးအုပ်စု ငန်းတောင်ကျေးရွာမှ မနုနုနွယ်က ကျေးရွာအနီး မြေကိုတူးဆွရာမှ ရရှိခြင်းဖြစ်ပြီး ဒင်္ဂါးပြားများအတွင်း အေဒီ ၃ ရာစုနှင့် ၆ ရာစု အကြား ရခိုင်လူမျိုးတို့၏ ဝေသာလီခေတ်အက္ခရာများ ရေးသားထားပြီး ဝေသာလီခေတ်သုံး တစ်ကျပ်တန် ၁ ပြား၊ တစ်မူးဒင်္ဂါး ၁၂ ပြား၊ မတ်စေ့ဒင်္ဂါး ၁၂ ပြားနှင့် ပြားစေ့ဒင်္ဂါး ၂၆ ပြားကို သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ အပ်နှံခဲ့သည်။



ဒင်္ဂါးပြားများတွင် ဝေသာလီခေတ်ဘုရင်အမည်နှင့် အခြားမင်းများ၏ အမည်များ ရေးထိုးထားသည်ကိုလည်း တွေ့ရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၇-၅-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၃၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၉၀/၆၉၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၉၀/၇၁၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၄၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၁၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၇ ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၃၂ ·၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၈၅ ·၄၄ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ ·၈၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၁၇ |
| တရုတ် | တစ်ယွမ် | ၁၉၈ ·၅၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၆ ·၉၅ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ခင်ရတနာ၊သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ပြည်သူနှင့်အတူ

❋ *ရှေ့ဖုံးမှ*

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့်စက်ရုံသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အထောက်အကူပြုသော စက်ရုံတစ်ရုံဖြစ်ပါကြောင်း။

**အားပေးဆောင်ရွက်**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား၍ အားပေးဆောင်ရွက်လျက်ရှိပြီး အစိုးရနှင့်ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု (Public Private Partnership–PPP) ကိုလည်း ကဏ္ဍအများအပြား၌ ဆောင်ရွက်လျက်ရှိပါကြောင်း။

**ပုဂ္ဂလိကပိုင် ပြောင်းလဲလုပ်ဆောင်**

ထို့ကြောင့်လည်း နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ချမှတ်ထားသည့်စီးပွားရေးမူဝါဒ ၁၂ ရပ်တွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ ပိုမိုအောင်မြင်စေရန်ဆောင်ရွက်ခြင်း၊ ပြုပြင်ပြောင်းလဲ လုပ်ကိုင်နိုင်ခြေရှိသောလုပ်ငန်းများကို ပုဂ္ဂလိကပိုင်အဖြစ်ပြောင်းလဲလုပ်ဆောင်ခြင်း ဆိုသည့်အချက်ကို ထည့်သွင်းဆောင်ရွက်ထားခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာရန် ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပြီး အာဆီယံစီးပွားရေးအသိုက်အဝန်း (AEC)နှင့်အတူ ဒေသတွင်းနိုင်ငံများနှင့် ပိုမိုပေါင်းစည်း ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းစက်မှုလုပ်ငန်းများအပေါ် စိန်ခေါ်မှုများလည်း တစ်ပါတည်းမြင့်တက်နေပါကြောင်း၊ အစိုးရအနေဖြင့်လည်း ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အခက်အခဲများ၊ လိုအပ်ချက်များကို ကူညီပံ့ပိုးပေးနိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာမူဝါဒကောင်းများချမှတ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

**အလုပ်အကိုင်အခွင့်အလမ်း**

ပို့ကုန်မြှင့်တင်နိုင်ရေး၊ လယ်ယာစက်မှုချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံဖော်ထုတ်နိုင်ရေး၊ နိုင်ငံသားများ၏ အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ဖန်တီးပေးနိုင်ရေး၊ နိုင်ငံရပ်ခြားမှ ပြန်လည်ဝင်ရောက်လာသော မြန်မာနိုင်ငံသားများအတွက် အလုပ်အကိုင်များ ဖော်ထုတ်ပေးနိုင်ရေးတို့အတွက် စက်မှုလုပ်ငန်းများသည် အထူးအရေးကြီးလှပါကြောင်း၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံသားတို့၏ လူမှုစီးပွားဘဝများသည်လည်း လိုက်ပါ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်ကမူဝါဒများချမှတ်ဆောင်ရွက်နေသကဲ့သို့ ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများကိုနည်းပညာ၊ ရင်းနှီးမြှုပ်နှံမှုများဖြင့် ပူးပေါင်းဆောင်ရွက်နေသည့်အတွက် မကြာမီကာလများတွင် နိုင်ငံတော်၏စီးပွားရေးသည် ပြန်လည်ဦးမော့လာမည်ဖြစ်ပါကြောင်း၊ ဤစက်ရုံသည်လည်း စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးကောင်းမွန်သော ထုတ်ကုန်များ ထုတ်လုပ်နိုင်မည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏စက်မှုကဏ္ဍတွင် အားထားရမည့်စက်ရုံတစ်ရုံဖြစ်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်သော စက်ရုံတစ်ရုံဖြစ်ပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိကကဏ္ဍဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများကို ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ ဖက်စပ်ဆောင်ရွက်ခြင်းတို့ကို စနစ်တကျ ဆောင်ရွက်လျက်ရှိရာ စက်မှုဝန်ကြီးဌာနအနေဖြင့် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများကို စိတ်ဝင်စားမှုဖော်ပြခြင်းအဆိုပြုလွှာ (Expression of Interest) ကြေညာဖိတ်ခေါ်ပြီး ပုဂ္ဂလိကနှင့်ပူးပေါင်းဆောင်ရွက်ရန် လျင်လျင်မြန်မြန်နှင့် ထိထိရောက်ရောက် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပူးပေါင်းဆောင်ရွက်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်များကိုလည်း အစစအရာရာပံ့ပိုးကူညီပေးပြီး နိုင်ငံတော်လည်း အကျိုးရှိစေ၊ စက်မှုထုတ်ကုန် အရည်အသွေးများလည်း စံချိန်စံညွှန်းမြင့်မားပြီးဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအားမြင့်မားကာ ပုဂ္ဂလိကကလည်းအကျိုးရှိစေသည့် Public Private Partnership ကို ရည်ရွယ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် Mother Industrial Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးစိုးရီက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ဥက္ကဋ္ဌဦးအောင်မြတ်က အသင်းအဖွဲ့များအား အလှူငွေများ ပေးအပ်လှူဒါန်းသည်။

**အုတ်သန်း ၉၀ ထုတ်လုပ်မည်**

အဆိုပါစက်ရုံကို စက်မှုဝန်ကြီးဌာန အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း အုတ်စက်ရုံ(တညင်းကုန်း)နှင့် ဖော့ကန်ဆိပ်ကမ်းမြေနေရာတို့အား Mother Industrial Co.,Ltd သို့ ၂၀၁၂ ခုနှစ် ဩဂုတ် ၂၄ ရက်မှစ၍ နှစ်ရှည်ငှားရမ်းခဲ့ပြီး ယခင် တညင်းကုန်းအုတ်စက်ရုံများမှ ထုတ်လုပ်သည့် မြေအုတ်များအစား ဆွီဒင်နိုင်ငံ၏ နည်းပညာများကို အသုံးပြု၍ တစ်နှစ်လျှင် အပေါ့စားကွန်ကရစ်အုတ် ၂၂၅ သန်းနှင့် ဖိအားမြင့်ခံကွန်ကရစ်အုတ်သန်း ၉၀ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

စက်ရုံကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြေဆီလွှာထိန်းသိမ်းရေးနှင့်လယ်ယာမြေများ ရေရှည်တည်တံ့ရေးတို့အတွက် ကုန်ကြမ်းမြစ်သဲကို အခြေခံသည့်အပေါ့စားနှင့် ဖိအားမြင့်ခံကွန်ကရစ်အုတ်များကို အဆင့်မြင့်နည်းပညာအသစ်များအသုံးပြု၍ မီးဖုတ်ထုတ်လုပ်သည့် မြေအုတ်များအစား အသုံးပြုနိုင်ရေး ရည်ရွယ်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် တာဝန်ရှိသူများ အပေါ့စားကွန်ကရစ်အုတ်နှင့် ဖိအားမြင့်ခံကွန်ကရစ်အုတ်စက်ရုံ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်



အပေါ့စားကွန်ကရစ်အုတ်နှင့် ဖိအားမြင့်ခံကွန်ကရစ်အုတ်စက်ရုံကို တွေ့ရစဉ်

## ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအကြား လုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးဆွေးနွေး

**မန္တလေး မေ ၂၇**

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအကြား ချိတ်ဆက်ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့က စေလွှတ်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို မေ ၂၆ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တက်ရောက်၍ ပြုပြင်ဖြည့်စွက် ဆောင်ရွက်ရမည့် လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးခဲ့သည်။

ယင်းဆွေးနွေးပွဲတွင် ဝန်ကြီးချုပ်နှင့်အတူ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့အစည်းဝင်များ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့မှ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများကလည်း ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရာတွင် ဝန်ကြီးဌာနအသီးသီး၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ လုပ်ငန်းဆောင်ရွက်မှုများ ဟန်ချက်ညီညီ အပြန်အလှန်ချိန်ဆက်ဆောင်ရွက်နိုင်ရေး၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိရေး၊ ဌာနဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည့်အချိန်ထက် ပိုမိုနှောင့်နှေးကြန့်ကြာမှုမရှိစေရေး၊ အကောင်အထည်ဖော်ရမည့် ကိစ္စရပ်များအပေါ် ပကတိအခြေအနေအား ကွင်းဆင်းကြည့်ရှုပြီးမှသာ ဆုံးဖြတ်ချက်ချမှတ်ဆောင်ရွက်ရေး ဆွေးနွေးသည်။

ထို့အပြင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့များအား NGOs များအဖြစ် လွတ်လပ်စွာရွေးချယ်ဖွဲ့စည်းနိုင်ရေး၊ သဘာဝဘေးစီမံခန့်ခွဲမှုများအား ပိုမိုလျင်မြန်ထိရောက်စေရေး၊ လုပ်ငန်းဆောင်ရွက်မှုများကို နှောင့်နှေးပြီး ရှင်းလင်းပြတ်သားမှုမရှိသော ဥပဒေ၊ နည်းဥပဒေများအား ပြင်ဆင်ပြောင်းလဲနိုင်ရန် ဆောင်ရွက်ရေးတို့အပြင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြေယာစီမံခန့်ခွဲမှု၊ ဝန်ထမ်းအပြောင်းအရွှေ့ဆိုင်ရာများ၊ လျှပ်စစ်ဓာတ်အားစီမံခန့်ခွဲမှု၊ မြို့ပြဖွံ့ဖြိုးရေးနှင့် နိုင်ငံတကာ လေ့လာခွင့်ဆိုင်ရာများ၊ အနာဂတ်စီမံကိန်းဆိုင်ရာများနှင့် ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲခွင့်ဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ယနေ့တွေ့ဆုံသော ပြည်ထောင်စုကိုယ်စားလှယ်အဖွဲ့သည် စီးပွားရေးရာမူဝါဒများတွင် အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည်များကို ပကတိအခြေအနေနှင့် နီးစပ်စွာဖြင့် သွက်လက်မြန်ဆန်ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ညွှန်ကြားမှုဖြင့် လာရောက်ဆွေးနွေးရခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် အဖွဲ့များခွဲ၍ တွေ့ဆုံဆွေးနွေးနေကြခြင်းဖြစ်သည်။

**တင်မောင်(မန္တလေး)**

# နိုင်ငံဖြတ်ကျော်ဖြစ်ပွားနေသည့် အုပ်စုဖွဲ့ပြစ်မှုကျူးလွန်မှုများ၏ ခြိမ်းခြောက်မှုအန္တရာယ်နှင့်ပတ်သက်၍ ဆွေးနွေး

**ရန်ကုန် မေ ၂၇**

ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းခေါင်းဆောင်၍ ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်အောင်စိုး၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများလိုက်ပါသည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာ နစ်ကိုလိုင်ပက်ထရူရှက်ဗ်၏ ဖိတ်ကြားချက်အရ ရုရှားနိုင်ငံ တီဗာဒေသ ဇာဗီဒိုဗို၌ မေ ၂၃ ရက်မှ ၂၅ ရက်အထိ ကျင်းပသည့် လုံခြုံရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ (၈)ကြိမ်မြောက် နိုင်ငံတကာအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၉၀ ကျော်မှ အဆင့်မြင့်ကိုယ်စားလှယ်များပါဝင်တက်ရောက်ခဲ့ပြီး မျက်မှောက်ခေတ်နည်းပညာအခန်းကဏ္ဍ ပြောင်းလဲတိုးတက်လာသည်နှင့်အမျှ ဆိုက်ဘာလုံခြုံရေးမှုခင်းဆိုင်ရာ ခြိမ်းခြောက်မှုများအပါအဝင် နိုင်ငံတကာသတင်းအချက်အလက်လုံခြုံရေးကဏ္ဍတွင် ဖြစ်ပေါ်နေသည့် ခြိမ်းခြောက်မှုပြဿနာများ၊ နိုင်ငံဖြတ်ကျော်ဖြစ်ပွားနေသည့် အုပ်စုဖွဲ့ပြစ်မှုကျူးလွန်မှုများ၏ ခြိမ်းခြောက်မှုအန္တရာယ်များနှင့် ပတ်သက်၍ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်သည် အစည်းအဝေးကာလအတွင်း၌ ရုရှားနိုင်ငံလုံခြုံရေးကောင်စီအတွင်းရေးမှူး မစ္စတာ နစ်ကိုလိုင်ပက်ထရူရှက်ဗ်၊ ဖက်ဒရယ်စစ်ဘက်ရေးရာနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဌာန ဒုတိယအကြီးအကဲ ဘော့တ်ဆော့ဗ်အာတိုရီဗစ်ချ်၊ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီနိုင်ငံရေးရာနှင့် ဥပဒေရေးရာကော်မရှင်အတွင်းရေးမှူး မစ္စတာ မုန်ကျန်းကျူ၊ အိန္ဒိယအမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် မစ္စတာ အဂျစ်ဒိုဗယ်လ်တို့နှင့် သီးခြားစီတွေ့ဆုံခဲ့ပြီး အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နှစ်နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့်များတွင် အကျိုးတူပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် ဆွေးနွေးခဲ့သည်။

ထို့အပြင် မော်စကိုမြို့၌ရောက်ရှိစဉ် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး အီဂေါမော်ဂူလာ့ဗ်နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရန် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းနှင့်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရုရှားသံအမတ်ကြီး H.E.Mr.Nikolay Listopadov နှင့် တာဝန်ရှိသူများက ကြိုဆိုကြစဉ်

# ဂရန်း(စ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံ ပထမအဆင့်ဖွင့်



**ရန်ကုန် မေ ၂၇**

အထွေထွေရောဂါကု အထူးကုဆေးရုံဖြစ်သည့် ဂရန်း(စ်)ဟံသာ အင်တာနေရှင်နယ်ဆေးရုံ ပထမအဆင့် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဆေးရုံတည်နေရာ ရန်ကုန်မြို့ကမာရွတ်မြို့နယ် နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၌ ကျင်းပသည်။

အခမ်းအနားတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် တာဝန်ရှိသူတို့က ဂရန်း(စ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံ ပထမအဆင့်ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆေးရုံ၏ ဆေးလက်တွေ့ကုသမှုပိုင်းဆိုင်ရာ တာဝန်ယူထားသူ ပါမောက္ခဒေါက်တာသန်းသန်းအေးက "ပထမဆုံးအဆင့်ဖွင့်လှစ်တာဖြစ်ပြီး ပြင်ပလူနာဝန်ဆောင်မှု၊ အရေးပေါ်လူနာဝန်ဆောင်မှု၊ အတွင်းလူနာဝန်ဆောင်မှု အစရှိတဲ့ ဝန်ဆောင်မှုအပိုင်းတွေ အစုံအလင်ပါဝင်ပါတယ်။ ရင်သားခွဲစိတ်မှုကိုလည်း အထူးထူထောင်ဖို့ရှိတယ်။ ခေတ်မီတဲ့ သားဖွားမီးယပ်ကဏ္ဍကိုလည်း စီစဉ်ထားတယ်။ ကျွန်မက ဆီးချိုရောဂါအထူးကု တစ်ဦးဖြစ်တာကြောင့် ဆီးချိုစင်တာနဲ့ ဟိုမုန်းရောဂါအထူးကုစင်တာပါ ထူထောင်ထားရှိပါတယ်။ စက်ပစ္စည်းကိရိယာပိုင်းတွေအနေနဲ့ နှလုံးသွေးကြောချဲ့တဲ့စက်၊ ပြန်လည်သန်စွမ်းရေး လုပ်ဆောင်ရာမှာလည်း စက်ရုပ်တွေနဲ့ လေ့ကျင့်ခန်းလုပ်ပေးတာမျိုး၊ နောက်ပြီး ခွဲစိတ်တဲ့နေရာမှာလည်း ပိုးမဝင်နိုင်အောင် အထူးစီမံထားတာတွေပါဝင်ပါတယ်"ဟု ပြောသည်။

အဆိုပါ ဂရန်း(စ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံသည် ခုတင် ၇၀၀ ဆံ့ပြီး အထပ်ရှစ်ထပ်အမြင့်ရှိသည်။ ဆေးရုံတွင် ဆရာဝန်၊ သူနာပြု စသည့် ကျန်းမာရေးဝန်ထမ်းအင်အား ၈၀၀ ကျော်ရှိကြောင်းနှင့် ပြည်တွင်း ဆရာဝန်များအပြင် ပြည်ပအတွေ့အကြုံရှိ ဆရာဝန်ကြီးများ ခန့်အပ်ထားကြောင်း သိရသည်။

ဆေးရုံ၏ဒုတိယအဆင့် ဖွင့်လှစ်မှုကို မကြာမီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဒုတိယအဆင့်တွင် မျက်စိကုသမှုဌာန၊ အရေပြားအထူးကုဌာန၊ ကင်ဆာရောဂါ ဓာတ်ရောင်ခြည်ကုသမှုဌာန၊ ကျောက်ကပ်သွေးသန့်စင် ကုသသည့်ဌာနများ စုံလင်စွာဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဆေးရုံဒါရိုက်တာတစ်ဦးဖြစ်သူ ဒေါ်ဇင်မီသိမ့်က ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆေးရုံစီမံခန့်ခွဲရေး အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ကျောင်းထွက်နှုန်း လျော့ကျရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်

**နေပြည်တော် မေ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ဇမ္ဗူရွှေကြာခန်းမ၌ ယနေ့ နံနက် ၉ နာရီတွင် ကျင်းပရာ အခမ်းအနားကို ကျောင်းသား ကျောင်းသူများက 'ကျောင်းအပ်နှံရေး' သီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက နှစ်စဉ်မေလ၏ နောက်ဆုံးသီတင်းပတ်ကို ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် သတ်မှတ်၍ ပြည်သူလူထုနှင့်ပူးပေါင်းကာ ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်းလာရောက်အပ်နှံရေး နှိုးဆော်ခြင်း၊ အစိုးရလွှတ်တော်ကိုယ်စားလှယ်များ၊ ဆရာ၊ မိဘအုပ်ထိန်းသူများပူးပေါင်း၍ ကျောင်းအပ်နှံရေးအခမ်းအနား ကျင်းပခြင်းများကို တစ်နိုင်ငံလုံး တစ်ပြိုင်နက် ကျင်းပဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းနေအရွယ်ကလေးများအားလုံး အခမဲ့ပညာသင်ယူခွင့်ရရှိစေရေးနှင့် လူတိုင်းအကျိုးဝင်ပညာရေးအားကောင်းလာစေရန် ပံ့ပိုးပေးခြင်းများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် သူငယ်တန်း (KG)စနစ်ကို အကောင်အထည်ဖော်စတင်ခဲ့ပြီး ယခု ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပထမတန်း (Grade-1) သင်ရိုးသစ်ကို အသုံးပြုနိုင်ရေးအတွက် အချိန်မီ ကြိုးပမ်းဆောင်ရွက်အတည်ပြုပေးပါသော အမျိုးသားပညာရေးမူဝါဒကော်မရှင်နှင့် အမျိုးသား သင်ရိုးညွှန်းတမ်းကော်မတီတို့ကို ကျေးဇူးတင်ရှိပါကြောင်း၊ လာမည့်ပညာသင်နှစ်များအတွက် သင်ရိုးညွှန်းတမ်းအသစ်ကို ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွင်း ပြုစုပြီးစီးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

သင်ရိုးသစ်မှာ ကျောင်းသားများ၏ ဘက်စုံဖွံ့ဖြိုးမှုကို ဦးတည်ပြီး သင်ကြားသင်ယူနည်းစနစ်မှာလည်း သင်ယူသူဗဟိုပြုချဉ်းကပ်သင်ယူနည်းကို အသုံးပြုမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများ ကိုယ်တိုင်စူးစမ်းရှာဖွေစဉ်းစား လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် သင်ယူနိုင်အောင် သင်ယူမှုအခွင့်အလမ်းများပေးမည့် သင်ရိုးညွှန်းတမ်းဖြစ်ပါကြောင်း။

ဆရာ ဆရာမများအနေဖြင့် ကျောင်းသားလူငယ်များကို တာဝန်ယူတာဝန်ခံဆောင်ရွက်တတ်သည့် စိတ်ဓာတ်များ၊ တီထွင်ကြံဆမှုစွမ်းရည်များ၊ အများနှင့်ပူးပေါင်းပါဝင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများနှင့် ပြည့်စုံသောလူသားကောင်းများဖြစ်အောင် ပြုစုပျိုးထောင်သင်ကြားလေ့ကျင့်ပေးကြရမည်ဖြစ်ပါကြောင်းနှင့် ကျောင်းထွက်နှုန်းလျော့ကျရေးအတွက် ပြည်သူများမှ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ပညာရေးတာဝန်ခံ ဦးတင်ထွန်းက အမှာစကားပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အခမဲ့ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးများက လက်ခံရယူကြပြီး ကျောင်းသား ကျောင်းသူများက 'ဇာတိမာန်' တေးသီချင်းဖြင့် သီဆိုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ကျောင်းအပ်နှံရေး သီတင်းပတ်ပြခန်းနှင့် စာသင်ခန်းအလိုက် ကျောင်းအပ်နှံလက်ခံနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်

# NCA စာချုပ်သည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ခိုင်မာသည့် မူဝါဒတစ်ခုဖြစ်ပြီး NCA လက်မှတ်ရေးထိုးထားခြင်းမရှိသည့်အဖွဲ့များ ပါဝင်နိုင်ရေးအတွက်လည်း လမ်းဖွင့်ထား

**သတင်း - ရဲခေါင်ညွန့် ၊ ဓာတ်ပုံ - ဖိုးထောင်**

**နေပြည်တော် မေ ၂၇**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ စတင်တင်သွင်းခဲ့သည့် စာချုပ်မူကြမ်းကို အခြေခံထားခြင်းဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနက် "ဝ" ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA )၊ အမျိုးသား ဒီမိုကရေစီ မဟာမိတ် တပ်မတော် (NDAA) နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) သုံးဖွဲ့မှလွဲ၍ အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး ပါဝင်ကြောင်း ဦးလှမောင်ရွှေက ပြောသည်။

ယနေ့နံနက်ပိုင်းက နေပြည်တော် MICC-2 ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ (ဒုတိယ အစည်းအဝေး) စတုတ္ထနေ့တွင် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ဝင်များ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ဦးလှမောင်ရွှေက ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

"NCA စာချုပ်မူကြမ်းဆိုတာ တိုင်းရင်းသားတွေယူလာတာ။ အစိုးရနဲ့တပ်မတော် ရေးဆွဲခဲ့တာ မဟုတ်ဘူး။ "ဝ"၊ မိုင်းလားနဲ့ RCSS ကလွဲရင် အကုန်ပါတယ်။ တိုင်းရင်းသားတွေယူလာတာကိုပဲ ဆွေးနွေးခဲ့တာ။ "ဝ"၊ မိုင်းလားနဲ့ RCSS မပါပေမယ့် တကယ်လက်မှတ်ထိုးတော့ NCA စာချုပ်ကို RCSS က ထိုးလိုက်တယ်။ ဒါကြောင့် NCA တိုးတက်မှုမရှိဘူး၊ ရှိတယ်ဆိုတာ ပြန်စဉ်းစားရမယ်။ NCA သဘောတူစာချုပ် အတိုင်းသွားနေတဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရော၊ ကာကွယ်ရေးဦးစီးချုပ်ရော၊ ဒီအတိုင်းဆက်သွားတဲ့အတွက် NCA ထီးရိပ်ဟာ အားလုံးကို လွှမ်းခြုံတယ်လို့ ပြောလို့ရတယ်" ဟု ဦးလှမောင်ရွှေက ပြောသည်။

လက်ရှိညီလာခံတွင်ဆွေးနွေးလျက်ရှိသည့် နိုင်ငံရေးကဏ္ဍတွင် ပါဝင်သည့် အချက်များသည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဒီမိုကရေစီအင်အားစုများ ၂၀၀၅ ခုနှစ်ကတည်းက သဘောတူညီထားသည့် အချက်များသာ ပါဝင်ကြောင်း ချင်းအမျိုးသားတပ်ဦး (CNF) ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းက ပြောကြားသည်။



ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ဝင်များ သတင်းစာရှင်းလင်းပွဲကျင်းပစဉ်

နိုင်ငံရေးကဏ္ဍနဲ့ ပတ်သက်လို့ကတော့ ကျွန်တော်တို့တင်ပြနေတာတွေက အသစ်တစ်ခုမှ မဟုတ်ဘူး။ ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ဒီမိုကရေစီအင်အားစုတွေ ၂၀၀၅ ခုနှစ် သဘောတူညီခဲ့တဲ့ သဘောတူညီချက်တွေကို ဒီမှာလာပြီးတင်ပြတာ ဖြစ်ပါတယ်။ အခြေအနေပြောင်းလဲနေတဲ့အပေါ်မှာ ကျွန်တော်တို့ ၂၀၁၆ မိုင်ဂျာယန်ညီလာခံမှာ ပြန်ပြီးတော့ ပြင်တယ်။ ၂၀၁၇ ဧပြီလမှာတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ညီလာခံတစ်ခုလုပ်တယ်။ အဲ့ဒီထိပ်သီးညီလာခံမှာ နောက်ထပ်တစ်ခါတင်ပြီး ဆောင်ရွက်တာဖြစ်ပါတယ်။ ဒါကြောင့် မူအားဖြင့်တော့ လက်မှတ်ထိုးတဲ့ အဖွဲ့တွေကသာလက်ခံတဲ့ မူမဟုတ်ဘဲနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက တစိုက်မတ်မတ်ကိုင်စွဲလာတဲ့ မူကိုတင်ပြတာဖြစ်တယ်။ ဒါကြောင့် လက်မှတ်မထိုးသေးတဲ့အဖွဲ့တွေ နောက်နောင်လက်မှတ်ထိုးရင်လည်း အဆင်ပြေပါလိမ့်မယ်။ အားလုံးလက်ခံပြီးသားဖြစ်တယ်လို့ ခံယူပါတယ်"ဟု ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းက ပြောသည်။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက NCA စာချုပ်သည် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ခိုင်မာသည့် မူဝါဒတစ်ခုဖြစ်ပြီး NCA လက်မှတ်ရေးထိုးထားခြင်းမရှိသည့်အဖွဲ့များ ပါဝင်နိုင်ရေးအတွက်လည်း လမ်းဖွင့်ထားသည့် အရာတစ်ခုဖြစ်ကြောင်း သတင်းမီဒီယာများအား ဖြေကြားသည်။

ဦးဇော်ဌေးက "အပစ်ရပ်စာချုပ်တွေ အမျိုးမျိုးချုပ်ခဲ့တယ်။ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးသွားတယ်။ မပျက်စီးအောင်ဆိုတဲ့ စဉ်းစားချက်က NCA မှာပါတယ်။ NCA လက်မှတ်ထိုးထားတဲ့အဖွဲ့တွေ ရှိတယ်။ မထိုးရသေးတာတွေရှိတယ်။ ပြီးရင် ကျွန်တော်တို့မှာ နှစ်ပေါင်းများစွာ ဖြစ်လာတဲ့ နိုင်ငံ ရေးပြဿနာတွေရှိတယ်။ နောက်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ တစ်ဖွဲ့ချင်းဖြစ်ပေါ်လာတဲ့ သမိုင်းကြောင်း နောက်ခံအခြေအနေကမတူညီကြဘူး။ မတူညီတဲ့ အနေအထားမှာ ညှိနှိုင်းတဲ့အခါမှာလည်း ပုံစံတွေ၊ တင်ပြပုံတွေက မတူညီဘူး။ ချဉ်းကပ်ပုံမတူဘူး။ ဒါကြောင့် ဘုံရပ်တည်ချက် အပစ်ရပ်လုပ်ငန်းစဉ် ခိုင်မာရေး ၊ အပစ်ရပ်ပြီးပစ်ခတ်မှုတွေ ဆက်မဖြစ်အောင် နောက်ထပ်ပါလာမယ့်အဖွဲ့တွေကိုလည်း လမ်းဖွင့်ပေးထားတယ်။ ကျွန်တော်တို့ လုပ်နေတာကအားလုံးလက်ခံနိုင်မယ့် အခြေခံမူဝါဒပါ။ ကျွန်တော်တို့ လုပ်နေတာသည် မပါသေးတဲ့ အဖွဲ့တွေ လက်ခံနိုင်မယ့် မူဝါဒနဲ့ စဉ်းစားပြီးလုပ်နေတာ ဖြစ်ပါတယ်" ဟု ပြောသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းရှစ်ဖွဲ့မှာ KNU (ကရင်အမျိုးသားအစည်းအရုံး)၊ KNU/KNLA(P.C) ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်(ငြိမ်းချမ်းရေးကောင်စီ)၊ DKBA (ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်)၊ CNF (ချင်းအမျိုးသားတပ်ဦး)၊ PNLO (ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ်)၊ ABSDF (မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး)၊ RCSS (ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ)၊ ALP (ရခိုင်ပြည်လွတ်မြောက်ရေးပါတီ) တို့ဖြစ်ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရတွင် လက်မှတ်ရေးထိုးခဲ့သည်။

ယနေ့ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် သတင်းမီဒီယာ များ၏ သိရှိလိုသည်များကို UPDJC အတွင်းရေးမှူးအဖွဲ့ဝင်များ ဖြစ်သည့် ဦးဇော်ဌေး၊ ဦးလှမောင်ရွှေ၊ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းနှင့် ဦးအောင်စိုးတို့က ဖြေကြားပေးခဲ့သည်။

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကိုယ်စားလှယ်များ နေပြည်တော်ကောင်စီနယ်မြေအတွင်း လေ့လာကြည့်ရှု

**နေပြည်တော် မေ ၂၇**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယ အစည်းအဝေး)သို့ တက်ရောက်နေသည့် အဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ် ၁၈၁ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြည့်ရှုကြသည်။

ရှေးဦးစွာ ညီလာခံကိုယ်စားလှယ်များသည် နေပြည်တော် ကျက်သရေဆောင် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြကာ စေတီတော်ပရိဝုဏ်အတွင်းရှိ ဆင်ဖြူတော်များအား လေ့လာကြည့်ရှုကြသည်။

ဆက်လက်၍ ကိုယ်စားလှယ်များသည် နေပြည်တော် သတ္တသတ္တာဟ ဗုဒ္ဓဂယာရှိ ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဇနိယ လေးဌာနသို့ သွားရောက်ဖူးမြော်ကြသည်။

နေ့လယ်ပိုင်းတွင် ညီလာခံကိုယ်စားလှယ်များသည် မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ရောက်ရှိရာ ပြတိုက်မှူးနှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။ ထို့နောက် ကျောက်မျက်ရတနာဈေးနှင့် ကျောက်မျက်ပြခန်းဆောင်တွင် ပြသထားသော မြန်မာနိုင်ငံထွက် အဖိုးတန်ရှားပါး ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ ငွေထည်နှင့် သယံဇာတများကို လေ့လာကြသည်။

ယင်းနောက် ကိုယ်စားလှယ်များသည် တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာကြရာ ပြတိုက်တာဝန်ရှိသူများက တပ်မတော်(ကြည်း) ပြခန်းဆောင်၊ တပ်မတော် (ရေ) ပြခန်းဆောင်နှင့် တပ်မတော်(လေ) ပြခန်းဆောင်တို့တွင် ပြသထားသော သမိုင်းမှတ်တမ်းများကိုရှင်းလင်းပြသကြသည်။

**(သတင်းစဉ်)**




ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကိုယ်စားလှယ်များ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၌ ကြည့်ရှုလေ့လာကြစဉ်

### ❍ *ကျောဖုံးမှ*

တောင်းဆိုကြရာ မေ ၂၇ ရက် မွန်းလွဲ ၁ နာရီဝန်းကျင်တွင် တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဦးမြင့်ကြည်၊ လူမှုရေးဝန်ကြီး ဒေါက်တာ ဇော်ဝင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံတို့သည် ယင်းမာပင်ခရိုင် အုပ်ချုပ်ရေးမှူး၊ ဆားလင်းကြီးမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ အဖွဲ့သည်ဒေသခံများ၏ လိုအပ်ချက်ကို အတတ်နိုင်ဆုံးဒေသခံများဘက်မှရပ်တည်ကာ ဖြေရှင်းပေးရန်အတွက် လာရောက်ညှိနှိုင်းအဖြေရှာခဲ့ကြသည်။

"အက်စစ်စက်ရုံက အနံ့ဆိုးတွေနံတဲ့အတွက် ဒေသခံတွေအနေနဲ့ စက်ရုံကို အနံ့နံ တဲ့အကြောင်း စက်လည်တာရပ်ပေးဖို့ သွားပြောကြပါတယ်။ စက်ရုံမှူး တာဝန်ရှိသူတွေ ထွက်တွေ့တာမျိုး မရှိခဲ့ဘူး။ မေ ၂၆ ရက် ညက လွှတ်တော်ကိုယ်စားလှယ်တွေ၊ ဝန်ကြီးတွေထံကို ဆက်သွယ်ပြီး လက်ရှိမြေပြင်အခြေအနေကို ကွင်းဆင်းဖို့အကြောင်း ကြားပေးမယ့် ဒီနေ့နေ့လယ်မှရောက်ရှိ ဆွေးနွေးကြတာ ဖြစ်ပါတယ်။ စက်ရုံတာဝန်ရှိသူတွေ၊ ဝန်ကြီးသုံးဦးနဲ့ ဒေသခံကိုယ်စားလှယ်တွေ အက်စစ်စက်ရုံထဲမှာ ဒီကိစ္စနဲ့ပတ်သက်ပြီး တံခါးပိတ်ဆွေးနွေးတာပြေလည်မှုတော့ မရခဲ့ပါဘူး။ ဆွေးနွေးတာထက် စက်ရုံက ဘာကြောင့် ဒီလိုမျိုးအနံ့တွေဖြစ်ရတယ်ဆိုတာ၊ သူတို့စက် ဘယ်လိုချွတ်ယွင်းတယ်ဆိုတာကိုရှင်းပြပြီး အစိုးရအနေနဲ့လည်း နောက်ထပ်ဒါမျိုးမဖြစ်ဖို့ တာဝန်ယူ တာဝန်ခံမှုရှိဖို့ဆိုတာတွေ ပြောပြတာပဲရှိခဲ့ပါတယ်။ အဓိကက စက်ရုံအနံ့ ဘာကြောင့် နံတယ်ဆိုတာကို စက်ရုံမှူးက ဝန်ကြီးတွေခေါ်ပြီး ရှင်းပြတာပဲရှိပါတယ်"ဟု ဒေသခံ ကိုတင့်အောင်စိုးက ပြောသည်။ အက်စစ်စက်ရုံအနံ့ဆိုးပြဿနာသည် ယခုမှဖြစ်သည် မဟုတ်ဘဲ စက်ရုံတည်လည်ပတ်စဉ်ကတည်းက ဒေသခံများဖြင့် ထိပ်တိုက်တွေ့နေသည့်ပြဿနာဖြစ်ရာဖြစ်တိုင်းလည်း စက်ချွတ်ယွင်း၍ဖြစ်ရသည်ဟူသော အဖြေသာရသော်လည်း ခံစားရသည့် ဒေသခံများအနေဖြင့် မူးဝေအော့အန်ခြင်းမျိုးဖြစ်နေသလို ကိုယ့်အိမ်ကိုယ်နေ၍မရဘဲ မျက်စိစပ်ခြင်း၊ အသားအရေယားယံခြင်းများ ဖြစ်ပွားနေကြောင်း ကိုတင့်အောင်စိုးက ထပ်လောင်းပြောသည်။

"ချောင်းတွေလည်း ဆိုးနေတယ်။ လည်ချောင်းတွေလည်း နာနေတယ်။ စက်ရုံကြီးက အနားကပ်နေတော့ ကလေးလေးတွေအနေနဲ့ အတော်ခံရပါတယ်။ တစ်ရွာလုံးချောင်းတွေဆိုး ပျို့ပြီးအန်ကြတာတွေရှိနေပါတယ်။ နံပါတယ်သွားပြောလည်း စက်ရုံအပေါက်ပိတ်ပြီး အဝင်မခံ ဘေးကလည်းအပြောမခံဘူး ဖြစ်နေပါတယ်။ သူတို့က သစ်ရွက်မီးရှို့ပြီး ညော်နဲ့တိုက်တာတွေလည်း စက်ရုံကလူတွေလုပ်နေတာ အားလုံးအသိပါ။ အဲဒီအက်စစ်စက်ရုံမရှိလေ ဒေသခံတွေအတွက် ကောင်းလေပါပဲ"ဟု ဒေသခံ ဒေါ်ခင်ပေါ်က ပြောသည်။

### ❖ *ကျောဖုံးမှ*

မြန်မာနိုင်ငံ၏စက်မှုလုပ်ငန်းများသည် ၂၀၁၁ ခုနှစ် မတိုင်မီက နိုင်ငံပိုင်အဖြစ်သာရှိခဲ့ကြောင်း၊ ပုဂ္ဂလိကအခန်းကဏ္ဍအားကောင်းမှုမရှိခဲ့ကြောင်း၊ ယခုအခါ နိုင်ငံပိုင်မှ ပုဂ္ဂလိကပိုင်သို့ အလေးထားဆောင်ရွက်နေပြီဖြစ်၍ ပုဂ္ဂလိကစက်မှုလုပ်ငန်းများ စနစ်တကျ တိုးတက်ပြောင်းလဲရမည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးအောင်စိုးရက ဆိုသည်။ အဆိုပါအခမ်းအနားတွင် စီးပွားရေးလုပ်ငန်းရှင်လေးဦးက စက်ပစ္စည်းများဖြင့် တီထွင်ထုတ်လုပ်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။



# ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကျင်းပ



**နေပြည်တော် မေ ၂၇**

ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) အတွင်းရေးမှူးအဖွဲ့ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြီး ကဏ္ဍအလိုက်၊ အစုအဖွဲ့အလိုက် ဆွေးနွေးခဲ့သည့် အကြောင်းအရာများကို ပြန်လည်သုံးသပ်ဆွေးနွေးကြသည်။ **(ဓါတ်ပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် အတွင်းရေးမှူး အဖွဲ့ဝင်များဖြစ်ကြသည့် ဦးခင်ဇော်ဦး၊ ဦးဇော်ဌေး၊ ဦးလှမောင်ရွှေ၊ ဦးအောင်စိုး၊ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဦးမျိုးဝင်း၊ စိုင်းလ၊ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်း၊ ခွန်မြင့်ထွန်း၊ စောမြရာဇာလင်း၊ စိုင်းကျော်ညွန့်၊ မင်းကျော်ဇေယျာဦး၊ တာလုဖေ၊ ဦးမြင့်စိုး၊ ဦးနိုင်ငံလင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညီလာခံဒုတိယနေ့နှင့် တတိယနေ့များတွင် ကဏ္ဍအလိုက်၊ အစုအဖွဲ့အလိုက် ဆွေးနွေးခဲ့ကြသည့် အကြောင်းအရာများကို UPDJC အတွင်းရေးမှူးအဖွဲ့က ပြန်လည်သုံးသပ်ဆွေးနွေးပြီး UPDJC အစည်းအဝေးသို့ တင်ပြသွားမည်ဖြစ်ကြောင်း၊ UPDJC အစည်းအဝေးတွင် အတွင်းရေးမှူးအဖွဲ့က တင်ပြလာသည့်အချက်များကို ပြန်လည်သုံးသပ်ပြီး ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်းအဖြစ် အတည်ပြုနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

# အီးယူအနေဖြင့် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ကူညီပေးရန် ယူရိုသန်း ၈၀ ကျော် ခွဲဝေသတ်မှတ်ထားပြီးဖြစ်

## မြန်မာနိုင်ငံဆိုင်ရာဥရောပသမဂ္ဂသံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာ



မြန်မာနိုင်ငံဆိုင်ရာဥရောပသမဂ္ဂသံအမတ်ကြီး
မစ္စတာ ရိုလန်ကိုဘီယာ

**နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း စင်တာ MICC-2 ၌ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ(ဒုတိယအစည်းအဝေး)ကျင်းပလျက်ရှိရာ အစည်းအဝေးကာလအတွင်း မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာကို ၎င်း၏နိုင်ငံရေးအကြံပေး Isabell POPPELBAUL မှတစ်ဆင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။**

**မေး - မြန်မာနိုင်ငံမှာ ယခုလုပ်ဆောင်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ ထာဝရငြိမ်းချမ်းရေးရရှိဖို့ ဘယ်လောက်အချိန်ကြာမယ်ဆိုတာ အဆွေတော်ရဲ့ထင်မြင်ချက်ကို သိလိုပါတယ်။ ငြိမ်းချမ်းရေးလုပ်ဆောင်တဲ့အခါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ဆက်ဆံရာမှာ မြန်မာအစိုးရအနေနဲ့ ဘယ်လိုအခက်အခဲတွေရှိပြီး အဲ့ဒီ အခက်အခဲတွေကို ဘယ်လိုကျော်လွှားရမယ်ဆိုတာ သိချင်ပါတယ်။**

ဖြေ - မြန်မာနိုင်ငံက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က မျက်မှောက်ကမ္ဘာမှာ လုပ်ဆောင်နေကြတဲ့ အရှုပ်ထွေးဆုံး ငြိမ်းချမ်းရေးတည်ဆောက်မှုထဲက တစ်ခုဖြစ်ပါတယ်။ ရာစုနှစ်များစွာ ပဋိပက္ခဖြစ်ပွားခဲ့ခြင်းနဲ့ ပြည်တွင်း၊ ပြည်ပမှ ပါဝင်ပတ်သက်သူများစွာရှိနေတဲ့အတွက် လူတိုင်းကို ဆွေးနွေးရေး စားပွဲပေါ်ရောက်ရှိစေဖို့နဲ့ အားလုံးက လက်ခံတဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ အဖြေရရှိဖို့ဆိုတာ စိန်ခေါ်မှုများစွာ ရှိမယ်လို့ ကျွန်တော်တို့နားလည်ပါတယ်။ သို့သော်လည်း လက်မှတ်မထိုးရသေးတဲ့အဖွဲ့တွေက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါမလာဘူးဆိုရင် နိုင်ငံတော်မှာလုပ်ဆောင်နေတဲ့ နိုင်ငံရေးဆွေးနွေးပွဲနဲ့ ငြိမ်းချမ်းရေးသဘောတူညီချက် အလားအလာဟာ အကန့်အသတ်နဲ့ပဲရှိနေမှာ ဖြစ်ပါတယ်။ စေ့စပ်ဆွေးနွေးပွဲမှာ အမြဲတမ်းအခွင့်အရေးပေးရမှာပဲ ဖြစ်ပါတယ်။ ပြင်ပမှာဆက်လက်ရှိနေခြင်းဟာ အောင်မြင်တဲ့ မဟာဗျူဟာတစ်ရပ်တော့ မဟုတ်ပါဘူး။ ဒီငြိမ်းချမ်းရေးအစီအစဉ်ဟာ ဘယ်လောက်ကြာမယ်ဆိုတာ ဘယ်သူမှမပြောနိုင်ပါဘူး။ ဒါပေမယ့် သမိုင်းကြောင်းအရ ပြီးပြည့်စုံတဲ့ ငြိမ်းချမ်းရေးသဘောတူညီချက်တွေကို အကောင်အထည်ဖော်ဖို့ အချိန်များစွာယူရပါတယ်။ ဘာကြောင့်လဲဆိုတော့ ပါဝင်ပတ်သက်သူတွေက အဆင့်ဆင့်သော အခက်အခဲအတားအဆီးတွေကို ဖြတ်ကျော်ခဲ့ရတာပဲဖြစ်ပါတယ်။

မြန်မာအစိုးရသစ်အနေနဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကြိုးပမ်းဆောင်ရွက်ရာမှာ ငြိမ်းချမ်းရေးမရရှိရင် ဘယ်လိုမှ မအောင်မြင်နိုင်ဘူးဆိုတာ ရှင်းရှင်းလင်းလင်းပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့လည်း ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး အစိုးရသစ်ရဲ့ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်နေပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ ပထမအဆင့်ကို လုပ်ဆောင်ခဲ့ပြီးဖြစ်သလို ဒုတိယအဆင့်အနေနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ (ဒုတိယအကြိမ်) အစည်းအဝေးကို ကျင်းပနေတာပဲ ဖြစ်ပါတယ်။ သို့သော်လည်း မြန်မာနိုင်ငံရဲ့ တိုင်းရင်းသားပြည်နယ်တွေမှာ တိုက်ပွဲတွေ ဆက်လက်ဖြစ်ပွားနေတာတွေကို တွေ့ရတော့ ကျွန်တော်တို့အနေနဲ့ စိတ်မကောင်းပါဘူး။ ပစ်ခတ်တိုက်ခိုက်မှုတွေ အဆုံးသတ်နိုင်ပါမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်မှာပဲဖြစ်ပါတယ်။ ယုံကြည်မှုကိုလည်း ဆွေးနွေးပွဲကနေတစ်ဆင့် ရယူနိုင်မှာဖြစ်ပါတယ်။ ဒီငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ နိုင်ငံတကာရဲ့ ထောက်ပံ့မှုအများကြီးရှိပါတယ်။ အီးယူအနေနဲ့ ပြည်တွင်းအင်အားစုကို အခြေခံတဲ့ အဖွဲ့အစည်းတွေကိုပဲကူညီပံ့ပိုးနေပါတယ်။ အီးယူက မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုလုံးဝလုပ်မှာ မဟုတ်ပါဘူး။ မိမိတို့ရဲ့ အတွေ့အကြုံအရ ထာဝရငြိမ်းချမ်းရေးဆိုတာ သက်ဆိုင်ရာအဖွဲ့တွေအားလုံး ပါဝင်ဆွေးနွေးသဘောတူညီမှုရကြမှသာ ရရှိနိုင်ပါတယ်။ ထို့အတူဆုံးဖြတ်ချက်ချရာတွင်သော်လည်းကောင်း၊ တစ်ဦးအပေါ်တစ်ဦး ပူးပေါင်းဆောင်ရွက်လိုစိတ်ကိုအခြေခံမှသာ သဘောတူညီမှုတစ်ရပ်ရရှိနိုင်မှာ ဖြစ်ပါတယ်။ ဒီအတွေးအခေါ်ဟာလည်း ဆယ်စုနှစ်နဲ့ချီတဲ့ ဥရောပငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အခြေခံထားတဲ့အတွက် မြန်မာနိုင်ငံအတွက်လည်း အရေးပါမယ့် အချက်တစ်ချက်လို့ ယုံကြည်ပါတယ်။

**မေး - မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အီးယူက ဘယ်လိုအကူအညီမျိုး ပေးခဲ့ပြီးနောက်ထပ်ပေးမယ့် အကူအညီများရှိပါသေးသလား။**

ဖြေ - မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အီးယူက ကူညီပံ့ပိုးနေသလို ဆက်လက်ပြီးတော့ ကူညီပံ့ပိုးဖို့ အဆင်သင့်ပါပဲ။ ကူညီပံ့ပိုးတဲ့နည်းလမ်းနှစ်ခုရှိပါတယ်။ နိုင်ငံရေးအရနဲ့ ငွေကြေးထောက်ပံ့ရေးအရဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အီးယူက ယုံကြည်ရတဲ့ မိတ်ဖက်တစ်ဦးအဖြစ်ရှိခဲ့ပြီး စွမ်းဆောင်ရည်နဲ့ ယုံကြည်အားထားရမှုမှတ်တမ်းတွေလည်း ရှိခဲ့ပြီးဖြစ်ပါတယ်။ မကြာသေးမီက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဘရပ်ဆဲလ်မြို့ကိုရောက်ရှိသွားချိန်မှာ အီးယူအနေနဲ့ မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဦးစားပေးလုပ်ငန်းတစ်ရပ်အနေနဲ့ များစွာထောက်ပံ့သွားမှာဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့ပါသေးတယ်။ အီးယူအနေနဲ့ နောက်ထပ် ဘာတွေကူညီပေးရမလဲဆိုတဲ့အပေါ် ရှင်းလင်းတဲ့အဖြေတစ်ခုကို စောင့်နေပါတယ်။ အီးယူကငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နှစ်ပေါင်းများစွာ ငွေကြေးထောက်ပံ့ခဲ့ပါတယ်။ အခြေအနေအရပ်ရပ်ပေါ်မူတည်ပြီး ထောက်ပံ့မှုနည်းသွားတာ၊ ရပ်သွားတာတော့ရှိပါတယ်။ သို့သော်လည်းပဲ ဒီကနေ့အခြေအနေကို ကြည့်ရင် ကျွန်တော်တို့ လုပ်ဆောင်ခဲ့တာမှန်တယ်လို့ မြင်ရမှာဖြစ်ပါတယ်။ လက်ရှိမှာငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး အီးယူကထောက်ပံ့တဲ့ငွေကြေးအများစုက "ပူးတွဲငြိမ်းချမ်းရေးရန်ပုံငွေ (JPF)" ကနေတစ်ဆင့် သွားတာပဲဖြစ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်တဲ့သူတွေက ဒေသအသီးသီးက မတူကွဲပြားတဲ့ ဒေသကလာရောက်ရတာဖြစ်တဲ့အတွက် ကုန်ကျစရိတ်များပါတယ်။ အစိုးရအနေနဲ့ အစည်းအဝေးကျင်းပပေးဖို့နဲ့ နည်းပညာအကူအညီ၊ သင်တန်းတွေပေးဖို့ လိုပါတယ်။ အီးယူအနေနဲ့ မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကူညီပေးဖို့ ယူရိုသန်း ၈၀ ကျော် (ကျပ် ၁၂၀ ထရီလီယံ) ခွဲဝေသတ်မှတ်ထားပြီးဖြစ်ပါတယ်။ ဒီရန်ပုံငွေတွေဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၊ UPDJC၊ JMC စတဲ့ အဖွဲ့အစည်းနဲ့ အင်စတီကျူးရှင်းတွေမှာ တာဝန်ထမ်းဆောင်နေတဲ့သူတွေရဲ့ စွမ်းဆောင်ရည်မြှင့်တင်ရာမှာ အသုံးပြုတာများပါတယ်။ ဒုတိယဦးစားပေးကတော့ ပဋိပက္ခဖြစ်ပွားတဲ့ ဒေသက လူထုအခြေပြုလုပ်ငန်းစဉ်တွေမှာ ထောက်ပံ့ကူညီတာဖြစ်ပါတယ်။ အဓိကကတော့ လူ့အခွင့်အရေးကာကွယ်မှုမြှင့်တင်ဖို့၊ အမျိုးသားပြန်လည်သင့်မြတ်ဖို့၊ ဒေသခံတွေရဲ့သက်မွေးဝမ်းကျောင်းလုပ်ငန်းများ မြှင့်တင်ဖို့ပဲဖြစ်ပါတယ်။

**မေး - မြောက်ပိုင်းမှာ ဖြစ်ပွားနေတဲ့ ပဋိပက္ခနဲ့ ရခိုင်ပြည်နယ်က ဖြစ်ရပ်တွေဟာ နိုင်ငံတော်အပေါ် ဘယ်လောက်ထိခြိမ်းခြောက်နိုင်သလဲ။ ထိုအန္တရာယ်တွေကို ဘယ်လိုထိရောက်အောင် ကိုင်တွယ်ဖြေရှင်းမှာလဲ။**

ဖြေ - ပဋိပက္ခဟာ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ အဓိကအဟန့်အတားပဲဖြစ်ပါတယ်။ အချင်းချင်းတိုက်ခိုက်မှုတွေရှိနေသရွေ့ လူမှုရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ နှောင့်နှေးနေမှာဖြစ်ပြီး ပြည်သူအများစုကလည်းသာယာဝပြောမှုနဲ့ အလှမ်းဝေးနေမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့လို အပြင်ကလူတွေအနေနဲ့ အဆုံးအဖြတ်ပေးမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ဟာ မြန်မာနိုင်ငံရဲ့အချုပ်အခြာအာဏာကို လေးစားပါတယ်။ ကျွန်တော်တို့ရဲ့ အတွေ့အကြုံ အရရှေ့တိုးဖို့ အကောင်းဆုံးနည်းလမ်းကတော့ လူတိုင်းပါဝင် တဲ့ တွေ့ဆုံဆွေးနွေးမှုနဲ့ မတူညီတဲ့ အဖွဲ့အစည်းတွေကြား ယုံကြည်မှုတည်ဆောက်ဖို့ပဲ ဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ ကလည်း နိုင်ငံတော်ရဲ့ အနာဂတ် အရေးမှာ ကိုယ့်ကံကြမ္မာ ကိုယ် ဖန်တီးနိုင်ဖို့အရေးဆုံးဖြတ်ချက်ချမှတ်ရာမှာ သူတို့ပါဝင်ခွင့်ရမယ်ဆိုတာ ယုံကြည်ဖို့ အရေးကြီးပါတယ်။ ဖက်ဒရယ်စနစ် သို့မဟုတ် အခြားသော စနစ်မှတစ်ဆင့် အနာဂတ်နိုင်ငံတော်ကို ဘယ်လိုဖော်ဆောင်ရမလဲဆိုတာ ဒီမိုကရေစီအရ ရွေးကောက်တင်မြှောက်ထားတဲ့ လက်ရှိအစိုးရနဲ့ ပြည်သူ တွေကသာ ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ ထို့အတူပဲ အမျိုးသား အဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာပါဝင်တဲ့သူတွေကလည်း အနာဂတ်နိုင်ငံရေးနဲ့ပတ်သက်ပြီး ၎င်းတို့ရဲ့အမြင်၊ ၎င်းတို့ရဲ့ဆန္ဒကို ဖွင့်ပြဖို့ အခွင့်အလမ်းကောင်းတစ်ရပ်ရရှိနေမှာ ဖြစ်ပါတယ်။ ဒီအခွင့်အရေးကနေတစ်ဆင့် တိုင်းရင်းသားဒေသတွေမှာ ဖြစ်ပွားတဲ့ပဋိပက္ခတွေကို ကိုင်တွယ်ဖြေရှင်းရာမှာ အခွင့်အလမ်းတစ်ရပ်အဖြစ် ပေါ်ပေါက်လာမှာမလွဲပါဘူး။

**မေး - တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ အရေးကိစ္စတွေ ကို ဖြေရှင်းရာမှာ ဘယ်နည်းလမ်းက အကောင်းဆုံးဖြစ်နိုင်မယ်လို့ ထင်ပါသလဲ။**

ဖြေ - နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ဒုတိယအကြိမ် ပင်လုံညီလာခံဖွင့်ပွဲမှာ မိန့်ခွန်းပြောကြားခဲ့စဉ်က ပွင့်လင်းပြီး အများပါဝင်တဲ့ တွေ့ဆုံဆွေးနွေးမှုအပေါ်အခြေခံပြီး အများကလက်ခံတဲ့ သဘောတူညီချက်တစ်ရပ် ရှာဖွေရန် လိုအပ်ကြောင်း ပြောကြားခဲ့တဲ့အပြင် ဘုံသဘောတူညီချက်တစ်ရပ်ရရှိဖို့ရာအတွက် မျက်နှာချင်းဆိုင်ဆွေးနွေးညှိနှိုင်းကြဖို့ တိုက်တွန်းမှုတစ်ရပ် ထုတ်ပြန်ခဲ့ပါတယ်။ ထို့အတူ တိုင်းရင်းသားတွေကိုယ်စား မိန့်ခွန်းပြောကြားခဲ့တဲ့ စောမူတူးစေးဖိုးကလည်း ယုံကြည်မှု တည်ဆောက်ကြဖို့နဲ့ အားလုံးပါဝင်တဲ့ နိုင်ငံရေးဆွေးနွေးပွဲတစ်ရပ်ဖြစ်ဖို့ တိုက်တွန်းခဲ့ပါတယ်။ အီးယူရဲ့ ရှုထောင့်အမြင်ကနေ ကြည့်မယ်ဆိုရင်တော့ လူတိုင်းပါဝင်တဲ့ တွေ့ဆုံဆွေးနွေးမှုရဲ့ အရေးကြီးပုံကတော့ မရှိမဖြစ်လိုအပ်တယ်လို့ထင်ပါတယ်။ အီးယူရဲ့အတွေ့အကြုံပေါ် အခြေခံရရင် ပါဝင်ဆွေးနွေးသူတွေက စိတ်ရင်းစေတနာအမှန်နဲ့ အပေးအယူ အတိုးအလျှော့စိတ်ဓာတ်တွေနဲ့အတူ ဆွေးနွေးညှိနှိုင်းကြမယ်ဆိုရင် ထာဝရငြိမ်းချမ်းရေးကို ရရှိရောက်ရှိမှာ အမှန်ပင်ဖြစ်ပါတယ်။

**မြန်မာနိုင်ငံက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က မျက်မှောက်ကမ္ဘာမှာ လုပ်ဆောင်နေကြတဲ့ အရှုပ်ထွေးဆုံး ငြိမ်းချမ်းရေးတည်ဆောက်မှုထဲက တစ်ခုဖြစ်ပါတယ်။ ရာစုနှစ်များစွာ ပဋိပက္ခဖြစ်ပွားခဲ့ခြင်းနဲ့ ပြည်တွင်း၊ ပြည်ပမှ ပါဝင်ပတ်သက်သူ များစွာရှိနေတဲ့အတွက် လူတိုင်းကို ဆွေးနွေးရေး စားပွဲပေါ်ရောက်ရှိစေဖို့နဲ့ အားလုံး က လက်ခံတဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ အဖြေရရှိဖို့ဆိုတာ စိန်ခေါ်မှုများစွာ ရှိမယ်လို့ ကျွန်တော်တို့နားလည်ပါတယ်**

**ဘာသာပြန် - သာစိန်၊ ကျော်ထိုက်စိုး**

# နိုင်ငံတော်အစိုးရနှင့် ကချင်လွတ်မြောက်ရေးတပ်မတော်(KIA) တို့ မကြာခင် ပြန်လည်တွေ့ဆုံဖွယ်ရှိ

**နေပြည်တော် မေ ၂၇**

နိုင်ငံတော်အစိုးရနှင့် မြန်မာပြည်မြောက်ပိုင်းအဖွဲ့များမှ ကချင်လွတ်မြောက်ရေးတပ်မတော်(KIA) တို့ မကြာခင်ပြန်လည်တွေ့ဆုံဖွယ်ရှိကြောင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအကြိမ် အစည်းအဝေးဖွင့်ပွဲသို့ တက်ရောက်လာသည့် မြန်မာနိုင်ငံမြောက်ပိုင်း အဖွဲ့ခုနစ်ဖွဲ့ တရုတ်နိုင်ငံ ကူမင်းမြို့သို့ ပြန်လည်မထွက်ခွာမီ KIA ဒုတိယဥက္ကဋ္ဌ ဦးအင်ဘန်လက သတင်းမီဒီယာများအား ပြောကြားခဲ့သည်။



**အစိုးရနဲ့ဆက်ပြီးဆွေးနွေးဖို့ရှိ**

KIA ဒုတိယဥက္ကဋ္ဌ ဦးအင်ဘန်လက "အားလုံးကို နှုတ်ဆက်တယ်။ အောင်မြင်မှုနဲ့ ပြန်ပြီနော်။ အစိုးရနဲ့ဆက်ပြီးဆွေးနွေးဖို့ရှိတယ်။ ဘယ်တော့လောက်ဆွေးနွေးဖို့ရှိလဲ ဆိုတော့ မကြာဘူး၊ မကြာဘူး"ဟု Horizon Lake View ဟိုတယ်မှ မထွက်ခွာမီ မီဒီယာများအား ပြောကြားခဲ့သည်။



ဦးအင်ဘန်လ



ကျောက်ကော့အန်း

**ငြိမ်းချမ်းရေးကို မျှော်လင့်ထား**

"ဝ"ပြည်နယ် ပြင်ပဆက်ဆံရေးအကြီးအကဲ ကျောက်ကော့အန်းက "ကျွန်တော်တို့ ဒီနေ့ နေပြည်တော်က ထွက်ခွာမယ်။ ကူမင်းကနေတစ်ဆင့် အဖွဲ့အသီးသီးရဲ့ နေရာကို ပြန်သွားကြမယ်။ အဖွဲ့ခုနစ်ဖွဲ့ရဲ့နေရာချင်းက မတူညီကြပါဘူး။ ကျင်းဟုန်မြို့က ပြန်တာလည်း ရှိမယ်။ အချို့က မိုးနဲဘက်က ပြန်မှာရှိသလို ရွှေလီဘက်က ပြန်မှာလည်း ရှိတယ်။ အချို့ကလည်း အခြားနေရာတွေက ပြန်မယ်။ အဲ့ဒါကြောင့် ပြန်ကြမယ့်လမ်းကြောင်းတွေကလည်း မတူပါဘူး။ ကျွန်တော်တို့ကတော့ ငြိမ်းချမ်းရေးကို မျှော်လင့်ထားပါတယ်"ဟု နေပြည်တော်မှ ကူမင်းသို့ ပြန်လည်မထွက်ခွာမီ ပြောကြားသည်။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက မြောက်ပိုင်း အဖွဲ့ခုနစ်ဖွဲ့နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့ တွေ့ဆုံမှုအပေါ် ယခုကဲ့သို့ သတင်းမီဒီယာများအား ဖြေကြားခဲ့သည်။

**စေ့စပ်ညှိနှိုင်းဆွေးနွေးမှုလမ်းကြောင်း**

"မနေ့က မွန်းလွဲ ၁၂ နာရီခွဲမှာ KIA ဒုတိယဥက္ကဋ္ဌ ဦးအင်ဘန်လနဲ့ ဇနီးကို အတိုင်ပင်ခံက နေ့လယ်စာနဲ့ တည်ခင်းဧည့်ခံတယ်။ နေ့ခင်း ၂ နာရီမှာ KIA၊ UWSA၊ SSPP ၊ NDAA လေးဖွဲ့နဲ့တွေ့ပါတယ်။ ညနေ လေးနာရီ မှာ AA, MNDAA, TNLA သုံးဖွဲ့နဲ့ တွေ့ပါတယ်။ ပုဂ္ဂိုလ်ရေးရင်းနှီးမှုအရ တွေ့ဆုံတယ်။ ရင်းနှီးမှု တည်ဆောက်တဲ့ တွေ့ဆုံမှုမျိုးပါ။ ကတိကဝတ်တွေတော့ အကြမ်းဖျင်းမရှိပေမယ့် ပဋိပက္ခတွေ ဘယ်လိုပဲ ဖြစ်နေပါစေ၊ စေ့စပ်ညှိနှိုင်းဆွေးနွေးမှုလမ်းကြောင်း ရှိသင့်တယ်လို့ လက်ခံတယ်" ဟု ဦးဇော်ဌေးက ပြောသည်။

မြောက်ပိုင်းအဖွဲ့ ခုနစ်ဖွဲ့သည် ပြည်ထောင်စုနိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေးကော်မတီကို ဖွဲ့စည်းထားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကြားဝင်ညှိနှိုင်းပေးမှု၊ အစိုးရနှင့် တပ်မတော်တို့၏ ဖိတ်ခေါ်မှုကြောင့် မေ ၂၃ ရက်က နေပြည်တော်သို့ ရောက်ရှိ၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

မြောက်ပိုင်းအဖွဲ့များအား ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်တို့မှ နေပြည်တော် လေဆိပ်သို့ လိုက်ပါပို့ဆောင်ပေးခဲ့သည်။ **(အပေါ်ပုံ)**

**သတင်း-ရဲခေါင်ညွန့်**

**ဓာတ်ပုံ-ကျော်ဇေယျ**

# ကုန်သွယ်မှုဆိုင်ရာ ငွေပေးသွင်းမှုဆောင်ရွက်ရာတွင် MPU စနစ်ဖြင့် ပြောင်းလဲအသုံးပြုရေး အလုပ်ရုံဆွေးနွေး

**ရန်ကုန် မေ ၂၇**

ကုန်သွယ်မှုဆိုင်ရာ ငွေကြေးပေးသွင်းမှုများတွင် MPU (Myanmar Payment Union) စနစ်ဖြင့် ပြောင်းလဲအသုံးပြုသွားနိုင်ရေး၊ Fully Online စနစ်ဖြင့် လျှောက်ထားသည့် ပို့ကုန်သွင်းကုန် ကုန်ပစ္စည်းများ တိုးချဲ့ထုတ်ပေးနိုင်ရေးနှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို မေ ၂၂ ရက်က ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းရုံးတွင် ကျင်းပခဲ့သည်။



ကမ္ဘောဇဘဏ်လီမိတက်၏ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်မှုကို တွေ့ရစဉ်

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းဆွေ၊ ကုန်သွယ်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ Myanmar Payment Union ၏ CEO ဦးဇော်လင်းထွဋ်၊ ကမ္ဘောဇဘဏ်လီမိတက်၏ Deputy CEO ဦးအောင်ကျော်မျိုးနှင့် ဖိတ်ကြားထားသော ကုန်သွယ်စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲ၌ ကုန်သွယ်ရေးဦးစီးဌာနတွင် ကုန်သွယ်မှုနှင့်သက်ဆိုင်သည့် ငွေကြေးပေးသွင်းမှုများကို မြန်မာနိုင်ငံသားများဘဏ် (MCB)နှင့် ချိတ်ဆက်၍ e-Payment စနစ်ဖြင့် ၂၀၀၇ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာမှ ယခုအခါတွင် MPU (Myanmar Payment Union) ဖြင့် ချိတ်ဆက်ထားသည့် ဘဏ်များအားလုံးမှ ပေးချေနိုင်သည့်စနစ်ကို ပြောင်းလဲအသုံးပြုဆောင်ရွက်သွားရန် အဓိကဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် ကမ္ဘောဇဘဏ်လီမိတက်၏ Deputy CEO ဦးအောင်ကျော်မျိုးက "အခုအချိန်ဟာ မြန်မာနိုင်ငံသွင်းကုန် ပို့ကုန်လုပ်ငန်း လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် အားလုံးဝိုင်းဝန်းကြိုးစားနေတဲ့ အချိန်ကာလတစ်ခုဖြစ်ပါတယ်၊ ဒီလို ဖွံ့ဖြိုးတိုးတက်လာဖို့ ဆောင်ရွက်တဲ့နေရာမှာ ဘဏ္ဍာရေးကဏ္ဍရဲ့ ကူညီပံ့ပိုးပေးနိုင်မှုကလည်း အလွန်အရေးပါပါတယ်၊ ကျွန်တော်တို့ ဘဏ္ဍာရေးကဏ္ဍမှာ Myanmar Payment Union လို့ခေါ်တဲ့ ဘဏ်အားလုံးက ပေးချေနိုင်တဲ့ Payment ကွန်ရက်ကြီးတစ်ခုကို တည်ထောင်ထားပြီး ဖြစ်ပါတယ်၊ ဒီကွန်ရက်ကိုအသုံးပြုပြီး ကျွန်တော်တို့ ကမ္ဘောဇဘဏ်အနေနဲ့ သွင်းကုန်ထုတ်ကုန်လုပ်ငန်းရှင်တွေ လွယ်လွယ်ကူကူနဲ့ ၂၄ နာရီပတ်လုံး ကုန်သွယ်မှုနဲ့သက်ဆိုင်တဲ့ ငွေကြေးပေးသွင်းမှုတွေကို ဆောင်ရွက်နိုင်အောင် စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ကမ္ဘောဇဘဏ် လီမိတက်သည် ပထမအဆင့်အနေဖြင့် နေပြည်တော်ကုန်သွယ်ရေးရုံးချုပ်၊ ရန်ကုန် ကုန်သွယ်ရေးရုံး၊ မူဆယ်ကုန်သွယ်ရေးဇုန်နှင့် မြဝတီကုန်သွယ်ရေး ဇုန်များတွင် Digital Banking စနစ်ကို အသုံးပြု၍ ငွေကြေးပေးသွင်းမှုများ စနစ်တကျဖြင့် အောင်မြင်စွာဆောင်ရွက်နိုင်ရန် ကမ္ဘောဇဘဏ်၏ POS System ကို အသုံးပြုသွားမည်ဖြစ်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ Internet Website သို့ သွားရောက်၍လည်း ၂၄ နာရီပတ်လုံး ငွေကြေးပေးသွင်းနိုင်စေရန် ကမ္ဘောဇဘဏ်၏ E-commerce စနစ်ဖြင့် ပံ့ပိုးသွားမည်ဖြစ်သည်။ ဆက်လက်၍ ကျန်ရှိနေသေးသည့် နယ်စပ်ကုန်သွယ်ရေး စခန်းများတွင်လည်း အဆိုပါစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ယခုပြုလုပ်ခဲ့သည့် ငွေကြေးပေးသွင်းမှုစနစ်ကြောင့် ကုန်သွယ်ရေးလုပ်ငန်း ပြုလုပ်သူများအနေဖြင့် ယခင်ငွေသားဖြင့် ငွေပေးသွင်းနေရာမှ ယခုအခါတွင် Card ဖြင့် ငွေပေးသွင်းနိုင်ခြင်း၊ ယခင် Transaction တစ်ကြိမ်လျှင် ငွေကျပ် ၅၀၀ ကျသင့်ရာမှ ယခုအခါတွင် ငွေကျပ် ၂၀၀ သာ ကျသင့်ခြင်းနှင့် E-commerce Online မှတစ်ဆင့် မည်သည့်နေရာကမဆို ၂၄ နာရီ ပိတ်ရက်မရှိ ငွေပေးချေခြင်းများကို ဆောင်ရွက်နိုင်တော့မည် ဖြစ်ကြောင်း သိရသည်။ **သဲနိုင်ဦး(မြန်မာစာ)**

# ရေဦးမြို့၌ ကျေးရွာပိုင်မြေနှင့် ရပ်ကွက်စာကြည့်တိုက်မြေပြန်လည်ရရှိရေး ဆန္ဒထုတ်ဖော်

**ရေဦး မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့၌ မေ ၂၆ ရက် နံနက်ပိုင်းက ကျေးရွာပိုင်မြေပြန်လည်ရရှိရေးနှင့် ရပ်ကွက်စာကြည့်တိုက်မြေ ပြန်လည်ရရှိရေးတို့အတွက် တောင်သူလယ်သမားနှင့်အလုပ်သမားအရေး ဆောင်ရွက်နေသူ ဦးတင်အုန်းကျော်နှင့် ရွှေကျင်မော်ကျေးရွာတံခွန်အဖွဲ့၊ အောင်ဆန်းရပ်ကွက်သားအချို့ အပါအဝင် စုစုပေါင်း အမျိုးသား ၆၁ ဦး၊ အမျိုးသမီး ၂၂ ဦးဖြင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည် ဆန္ဒထုတ်ဖော်ခဲ့သည်။

ငြိမ်းချမ်းစွာစီတန်းလှည့်လည် ဆန္ဒထုတ်ဖော်ရခြင်းမှာ ကျေးရွာပိုင်မြေအား ရောင်းစားထားသူထံမှ ပြန်လည်ရရှိစေရေး၊ ဒေသခံကျေးရွာသူ ကျေးရွာသားများအား တရားစွဲဆိုခံနေရမှုကို တာဝန်ရှိသူများ သိရှိစေရေး၊ တရားမျှတမှုရှိစေရေး၊ အောင်ဆန်းရပ်ကွက် စာကြည့်တိုက်မြေ ပြန်လည်ရရှိရေးနှင့် ပတ်သက်၍ ငြိမ်းချမ်းစွာစုပေါင်းစီတန်းလှည့်လည် ဆန္ဒထုတ်ဖော်ရခြင်းဖြစ်ကြောင်း၊ အကယ်၍ မြို့နယ်သက်ဆိုင်ရာမှ ဖြေရှင်းဆောင်ရွက်မပေးပါက ခရိုင်အထိ ဆက်လက်ဆန္ဒထုတ်ဖော်သွားမည်ဖြစ်ပြီး ရေဦးမြို့၌ တရားဝင်သပိတ်စခန်းဖွင့် ဆန္ဒပြတောင်းဆိုသွားမည်ဖြစ်ကြောင်း ဦးဆောင်သူက ပြောသည်။

ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ဆန္ဒထုတ်ဖော်ရာတွင် စုရပ်ဖြစ်သော အောင်မင်္ဂလာရပ်ကွက် လမ်းဦးစီးဌာနရှေ့မှစတင်ကာ တရုတ်တန်းလမ်း- နာရီစင်လမ်း-ကျောင်းကြီးလမ်းမှ အောင်ဆန်းရပ်ကွက်(၂)လမ်းအထိ သတ်မှတ်လမ်းကြောင်းအတိုင်း ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေစည်းကမ်းချက်များနှင့်အညီ ခွင့်ပြုချက်ပါ ဗီနိုင်းပိုစတာများ၊ စာတန်းပါ ဗီနိုင်းဆိုင်းဘုတ်များ ကိုင်ဆောင်လှည့်လည်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**သန်းထိုက်(ရေဦး)**



# မယ်ဆိုင်ချောင်းအတွင်းရှိ ငှက်ပျောရေဆိပ်ရေတားအား ထိုင်းဘက်က ပြန်လည်ဖယ်ရှားဆောင်ရွက်

**တာချီလိတ် မေ ၂၇**

မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်ရှိ တာချီလိတ်မြို့နှင့် မယ်ဆိုင်မြို့အကြား ဖြတ်သန်းစီးဆင်းလျက်ရှိသော မယ်ဆိုင် ရေချောင်းအတွင်းမှ ငှက်ပျောရေဆိပ် ရေတားအား ထိုင်းဘက်က ပြန်လည်ဖယ်ရှားခြင်းကို မေ ၂၇ ရက် နံနက်က ဆောင်ရွက်ကြောင်း သိရသည်။

ယင်းသို့ ဖယ်ရှားရာတွင် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှ လယ်သမားများနှင့် တာဝန်ရှိသူများက ပြန်လည်ဖယ်ရှားခြင်းဖြစ်ပြီး ရေတားဖယ်ရှားရာသို့ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက သွားရောက်၍ ရေစီးရေလာကောင်းမွန်ရေး ကြီးကြပ်ဆောင်ရွက်ပေးသည်။

အဆိုပါ ငှက်ပျောရေဆိပ်ရေတားအား ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှ လယ်သမားများက စိုက်ပျိုးရေရရှိရေးအတွက် ယင်းရေတားများအား ဆောင်ရွက်ခဲ့သဖြင့် တာချီလိတ်မြို့တွင် မိုးရာသီကာလအတွင်း မြေနိမ့်ပိုင်းနေရာများတွင် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်ခဲ့သည့်အတွက် နှစ်ဖက်ညှိနှိုင်းသဘောတူချက်အရ ယခုကဲ့သို့ ပြန်လည်ဖယ်ရှားပေးခြင်းဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# ကလေးစာပေပွဲတော်(တောင်ကြီး) စည်ကားစွာကျင်းပမည်

**ကျိုင်းတုံ မေ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်း၍ ကလေးစာပေပွဲတော်များ ကျင်းပလျက်ရှိရာ ဇွန် ၂ ရက်မှ ၄ ရက်အထိ တောင်ကြီးတက္ကသိုလ် ဘက်စုံခန်းမ၌ ကျင်းပမည့် ကလေးစာပေပွဲတော်(တောင်ကြီး)သည် အစိုးရသစ်လက်ထက်၌ စတုတ္ထအကြိမ်မြောက် ဖြစ်သည်။

ခရိုင်အဆင့် ကလေးစာပေပွဲတော်များကိုလည်း ကျင်းပလျက်ရှိပြီး ပြည်ထောင်စုဝန်ကြီးဌာနများ၊ သက်ဆိုင်သည့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့တို့နှင့် ပူးပေါင်း၍ ကျင်းပသည့် ပထမဆုံးအကြိမ် ကလေးစာပေပွဲတော် (နေပြည်တော်)ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ (MICC -II) ၌ လည်းကောင်း၊ ဒုတိယအကြိမ် ကလေးစာပေပွဲတော် (မန္တလေး)ကို ယခုနှစ် ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ မြန်မာ့သတင်းအချက်အလက် နည်းပညာတက္ကသိုလ် မန္တလေး(MIIT)၌ လည်းကောင်း၊ ကလေးစာပေပွဲတော် (မော်လမြိုင်)ကို ယခုနှစ် မတ် ၂၅ ရက်မှ ၂၇ ရက်အထိ မော်လမြိုင်တက္ကသိုလ်၌ လည်းကောင်း ကျင်းပခဲ့ပြီးဖြစ်သည်။



ကလေးစာပေပွဲတော် နေပြည်တော်၌ ကျင်းပစဉ်က စည်ကားစွာတွေ့ရစဉ်

ဇွန် ၂ ရက်မှ ၄ ရက်အထိ တောင်ကြီးမြို့၌ ကျင်းပမည့် ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲတော်ကို ကျောင်းသား ကျောင်းသူများ၊ ကလေး၊ လူငယ်လူရွယ်များ၊ မိဘဘိုးဘွား အရွယ်စုံ ပါဝင်ဆင်နွှဲနိုင်ပြီး ပုံပြော၊ ကဗျာ၊ ကျပန်းစကားပြော၊ ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲများ၊ စက္ကူခေါက်၊ ဆေးရောင်ခြယ်၊ ပန်းချီပြိုင်ပွဲများ၊ ဂိမ်းကစားနည်းများ၊ အခြေခံပညာကျောင်း၊ ကိုယ်ပိုင်ကျောင်းများမှ ပြခန်းများ၊ တိုင်းရင်းသားယဉ်ကျေးမှု အဖွဲ့များနှင့် ကျောင်းသား ကျောင်းသူတို့၏ နေ့စဉ်ဖျော်ဖြေမှုများ၊ စာပေဟောပြောပွဲနှင့် ဆွေးနွေးပွဲများ အစရှိသည်တို့ ခံစားကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**






ကလေးငယ်များ ဉာဏ်ရည်ဖွံ့ဖြိုးမှု တိုးတက်စေရန်နှင့် ပျော်ရွှင်မှုရှိစေရန်အတွက် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ချမ်းမြေ့အိမ်မှုကြို တွင် မေ ၂၆ ရက်က မိဘများနှင့် ရင်သွေးငယ်များ၏ မိသားစုပြိုင်ပွဲများ ကျင်းပစဉ်

သန္တာမေ



မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်ဖြတ်ကျော်ကာ မတ် ၂၇ ရက်က တရားမဝင် ဝင်ရောက်ခဲ့မှုကြောင့် တာချီလိတ်မြို့ ဟောင်လိတ်မီးပွိုင့်လမ်းဆုံတွင် ဖမ်းဆီးရမိခဲ့သော ထိုင်းနိုင်ငံသူ Mrs. Chanam pornrat Akkara Chotarcha (၃၀ နှစ်)အား နှစ်နိုင်ငံချစ်ကြည်ရေးကိုရှေးရှုလျက် မေ ၁၉ ရက်တွင် ထောင်ဒဏ်အစား ငွေဒဏ်နှင့် ပြည်နှင်ဒဏ်ချမှတ်ခဲ့ကာ မေ ၂၆ ရက်က တာချီလိတ်မြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၁)တွင် မြန်မာနိုင်ငံ တာဝန်ရှိသူများက ထိုင်းနိုင်ငံ တာဝန်ရှိသူများထံ တရားဝင်လွှဲပြောင်းပေးအပ်စဉ်

မောင်ယဉ်ကျေး

## မူလတန်းအဆင့် ပထမတန်းသင်ရိုးသစ် ကျောင်းအုပ်စုအဆင့်ဆွေးနွေးပွဲသင်တန်းဆင်း

**ရေကြည် မေ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် မူလတန်းအဆင့် ပထမတန်း သင်ရိုးသစ် ကျောင်းအုပ်စုအဆင့် ဆွေးနွေးပွဲသင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂၆ ရက် နံနက်က မြို့နယ်ပညာရေးမှူးရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ခင်အေးတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြတစ်ဦးက သင်တန်းနှင့်ပတ်သက်သည်များကို ခြုံငုံသုံးသပ်ခြင်း၊ သင်တန်းသားတစ်ဦးက သင်တန်းနှင့်ပတ်သက်၍ အားသာချက်များကို တင်ပြသည်။ ထို့နောက် သင်တန်းသားများက တေးဆိုင့ကကဗျာ၊ အခြေခံအကတို့ဖြင့် သရုပ်ဖော်ဖျော်ဖြေခဲ့ကြသည်။



အဆိုပါမူလတန်းအဆင့် ပထမတန်းသင်ရိုးသစ် ကျောင်းအုပ်စုအဆင့် ဆွေးနွေးပွဲသင်တန်းကို မေ ၁၃ ရက်မှ ၂၆ ရက်အထိ သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**မြင့်သိန်း(ပြန်/ဆက်)**

# ထိုင်းနိုင်ငံ ဖူးခက်ပင်လယ်ပြင်အတွင်း နစ်မြုပ်ခဲ့သည့် မြန်မာကုန်တင်လှေမှ လုပ်သားများကို လာရောက်လွှဲပြောင်းပေးအပ်

**ကော့သောင်း မေ ၂၇**

မေ ၂၄ ရက် ညနေပိုင်းက ထိုင်းနိုင်ငံ ဖူးခက်ခရိုင် ပင်လယ်ရေပြင်အတွင်း နစ်မြုပ်ခဲ့သည့် မြန်မာနိုင်ငံသားပိုင် ကုန်တင်ရေယာဉ်မှ လှေလုပ်သား ၁၄ ဦးအား ထိုင်းနိုင်ငံမှ တာဝန်ရှိအဖွဲ့အစည်းများက မေ ၂၆ ရက် ညနေပိုင်းတွင် ကော့သောင်းမြို့သို့ လာရောက်၍ မြန်မာနိုင်ငံ တာဝန်ရှိသူများထံ လွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

အောင်စိန်မြတ်အမည်ရှိ သစ်သားဖြင့် တည်ဆောက်ထားသည့် ကုန်တင်လှေသည် မြိတ်မြို့မှ ကုန်ပစ္စည်းများ တင်ဆောင်လျက် တရားဝင်ထွက်ခွာခဲ့ပြီး ထိုင်းနိုင်ငံမှတစ်ဆင့် မလေးရှားနိုင်ငံ ပီနန်မြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြောင်း၊ ပီနန်မြို့မှ စားအုန်းဆီနှင့် အခြားစားသုံးကုန်ပစ္စည်းများ တင်ဆောင်ကာ မြန်မာနိုင်ငံသို့ မေ ၂၃ ရက်က ပြန်လည်ထွက်ခွာလာစဉ် မေ ၂၄ ရက် ညနေပိုင်းတွင် ထိုင်းနိုင်ငံရေပိုင်နက်အတွင်း ဖူးခက်ခရိုင် ကော့ရချာကျွန်းမှ ရေမိုင် ၂၀ ခန့်အကွာ ပင်လယ်ပြင်တွင် ရာသီဥတုဆိုးရွား လှိုင်းထန်ကာ လှေဝမ်းဗိုက်ပေါက်၍ လှေနစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နစ်မြုပ်သည့်လှေမှ မြန်မာနိုင်ငံသားရေလုပ်သား ၁၄ ဦးမှာ အသက်ကယ်ဖောင်ဖြင့် မျောပါနေစဉ် အနီးအနားရှိ ထိုင်း ငါးဖမ်းဝါးလပ်လှေတစ်စင်းက ကယ်တင်ကာ ထိုင်း တော်ဝင်ရေတပ်မတော်နှင့် ကမ်းခြေစောင့်ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်၍ ထိုင်းတာဝန်ရှိသူများက ဖူးခက်မြို့မှတစ်ဆင့် မြန်မာနိုင်ငံနယ်စပ် ရနောင်းမြို့သို့ ပို့ဆောင်ပေးခဲ့ပြီး မေ ၂၆ ရက် ညနေပိုင်းတွင် မြန်မာအလုပ်သမား သံအရာရှိနှင့် ထိုင်း-မြန်မာ နယ်ခြား ကော်မတီတာဝန်ရှိ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက မြန်မာနိုင်ငံ ကော့သောင်းမြို့သို့ လာရောက်ကာ လှေလုပ်သား ၁၄ ဦးအား မြန်မာနိုင်ငံ တာဝန်ရှိသူများထံ လာရောက်လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။

လာရောက် လွှဲပြောင်းအပ်နှံသည့် မြန်မာနိုင်ငံသား လှေလုပ်သားများအား ကော့သောင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်သက်နှင့် တာဝန်ရှိအဖွဲ့အစည်းများက လက်ခံကြိုဆိုပြီး ဖြစ်စဉ်နှင့်စပ်လျဉ်း၍ မေးမြန်းကာ မြန်မာနိုင်ငံသား လှေလုပ်သားများအား လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီးနောက် မိဘရပ်ထံ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



နစ်မြုပ်သည့် လှေမှ မြန်မာရေလုပ်သားများအား ခေါ်ဆောင်လာစဉ်

# သပြေကုန်း(ကုန်စိမ်း၊ကုန်ခြောက်၊သားငါး)ဈေးအား အဆင့်မြှင့်တင်ဖွင့်လှစ်ပေး



**နေပြည်တော် မေ ၂၇**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်ရှိ သပြေကုန်း (ကုန်စိမ်း၊ ကုန်ခြောက်၊ သားငါး)ဈေးအား လွှဲပြောင်းပေးအပ်ခြင်းနှင့် ဖွင့်ပွဲအခမ်းအနားကို မေ ၂၇ ရက်တွင်အဆိုပါဈေး မျက်နှာစာ၌ ကျင်းပသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်၊ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်း၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီဝင်များဖြစ်ကြသည့် ဦးမျိုးတင့်နှင့် ဒေါ်စံပယ်ထွေး၊ ဇမ္ဗူသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးဇေယျာသော်တို့က သပြေကုန်း (ကုန်စိမ်း၊ ကုန်ခြောက်၊ သားငါး)ဈေးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဈေးလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံသံအမတ်ကြီး မစ္စတာဟုန်လျန်တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက ဈေးတည်ဆောက်ခြင်းအတွက် လှူဒါန်းခဲ့သော သံအမတ်ကြီးနှင့် ဈေးတည်ဆောက်ရာတွင် လိုအပ်ချက်များကို ဆောင်ရွက်ပေးခဲ့သည့် သက်ဆိုင်ရာကုမ္ပဏီတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် သံအမတ်ကြီးက သပြေကုန်းဈေး တည်ဆောက်ခြင်းဆိုင်ရာ စာရွက်စာတမ်း များကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်ထံ လွှဲပြောင်းပေးအပ်သည်။

ယခင်က အဆိုပါဈေးသည် အကျယ် (၃၉၂× ၂၈၆) ပေအတွင်း ခြောက်ပေပတ်လည်အကျယ် ဆိုင်ခန်း ၁၂ ခန်းလျှင် ဈေးရုံတစ်ရုံဖြင့် ဈေးရုံ ၄၀ လုံးတွင် ဈေးဆိုင်ခန်းပေါင်း ၄၈၀ ရှိကြောင်း သိရသည်။

ယခုအခါတွင် အကျယ် (၁၂၄ × ၁၉၈) ပေနှင့် (၁၉၆ × ၁၉၈) ပေရှိ ဈေးရုံနှစ်ရုံတွင် ဆိုင်ခန်းတစ်ခန်းလျှင် ယခင်အကျယ်အဝန်း ခြောက်ပေပတ်လည်အတိုင်း ဆိုင်ခန်းပေါင်း ၄၈၀ နှင့် အကျယ် (၈၄ ×၁၉၈) ပေရှိ ကွက်လပ်တစ်ခုတို့အား Steel Structure များဖြင့် တစ်ဆက်တည်းအမိုးများကို ဆောင်ရွက်ခဲ့သည်။

ယင်းနောက် ဈေးသူ/ဈေးသားများကိုယ်စား ကိုယ်စားလှယ် ဦးတင်ထွေးက ဈေးအားအဆင့်မြှင့်တင်ဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့်ဧည့်သည်တော်များက သပြေကုန်းဈေးသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ဈေးရုံမှာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ လှူဒါန်း၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ထောက်ပံ့ကူညီမှုဖြင့် ပူးပေါင်းပြုပြင်တည်ဆောက်ခြင်းဖြစ်ပြီး ဆိုင်ခန်းပေါင်း ၄၈၀ ပါဝင်ကြောင်း သိရသည်။

**ရွှေကုက္ကို**

# မော်လမြိုင်သံလွင်မြစ်ကမ်း အမှိုက်များ နေ့စဉ်ရှင်းလင်းသွားမည်

**မော်လမြိုင် မေ ၂၇**

မော်လမြိုင်မြို့ ပန်းပဲတန်းရပ်ကွက်ရှိ ကမ်းနားလမ်းတစ်လျှောက်နှင့် သံလွင်မြစ်ဘေးရှိ စွန့်ပစ်အမှိုက်များကို မေ ၂၆ ရက်မှ စတင်၍ ရှင်းလင်းလျက်ရှိကြောင်း သိရသည်။

သံလွင်မြစ်တစ်လျှောက်လုံးတွင် စည်းကမ်းမဲ့စွာ ပြည်သူများက အမှိုက်များကို စွန့်ပစ်ကြသည့်အတွက် ကမ်းနားလမ်းတစ်လျှောက်နှင့် သံလွင်မြစ်တစ်လျှောက်လုံးတွင် အမှိုက်များ များပြားလျက်ရှိရာ မေ ၂၆ ရက်မှစ၍ စည်ပင်သာယာအဖွဲ့များ၊ ပရဟိတအဖွဲ့များ၊ ပြည်သူ ၃၀၀ ကျော်ဖြင့် စတင်၍ အမှိုက်ရှင်းလင်းရေးကို စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ စည်ပင်သာယာမှ နေ့စဉ်မြစ်ဘေး၌ရှိသည့် အမှိုက်များကို ရှင်းလင်းသွားပြီး ပြည်သူနှင့် ပရဟိတအဖွဲ့များက အားလပ်ရက်များတွင် ဝိုင်းဝန်းကူညီပေးသွားမည်ဖြစ်ကြောင်း၊ အမှိုက်များ ရှင်းလင်းပြီးသွားပါက ကမ်းနားလမ်းတစ်လျှောက်တွင် ဗီနိုင်း၊ ပိုစတာ၊ ကြော်ငြာများ၊ လက်ကမ်းကြော်ငြာများကို ဝေငှပေးသွားမည်ဖြစ်ကြောင်း၊ သံလွင်မြစ်အတွင်း အမှိုက်စွန့်ပစ်သူများကို ဒဏ်ငွေ (သို့) ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း မွန်ပြည်နယ်စည်ပင်သာယာရေး ညွှန်ကြားရေးမှူးဦးမြင့်အောင်က ပြောသည်။



သံလွင်မြစ်တစ်လျှောက် စွန့်ပစ်အမှိုက်များ ရှင်းလင်းရာသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပရဟိတအဖွဲ့များ၊ ပြည်သူများပူးပေါင်းပါဝင်ခဲ့ကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**

# ၁၀၅ မိုင်ကုန်သွယ်ရေးဇုန် ကုန်စစ်ကွင်းပြင်ဆင်ဆောက်လုပ်ရေး ထောက်ပံ့ကူညီမှုသဘောတူစာချုပ် လက်မှတ်ရေးထိုး

**မူဆယ် မေ ၂၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံယူနန်ပြည်နယ် တယ်ဟုန်ပြည်နယ်ခွဲအစိုးရတို့အကြား မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန် ကုန်ပစ္စည်းစစ်ဆေးရေး ကွင်းပြင်ဆင်ဆောက်လုပ်ရေးလုပ်ငန်းထောက်ပံ့ကူညီသဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲကို မေ ၂၆ ရက်က အဆိုပါကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးရန်နိုင်ထွန်းက မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်ကို ၂၀၀၆ ခုနှစ် ဧပြီလတွင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ ပထမဦးဆုံးကုန်သွယ်ရေးဇုန်အဖြစ် ယင်းဇုန်မဖွင့်မီက နှစ်နိုင်ငံကုန်သွယ်မှုပမာဏ ဒေါ်လာသန်း ၄၀၀ ကျော်ရှိခဲ့ရာမှ ကုန်သွယ်ရေးဇုန်ဖွင့်လှစ်ပြီး ၁၀ နှစ်အကြာ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်မှာ အမေရိကန် ဒေါ်လာသန်း ၅၃၆၂ အထိ တိုးတက်လာခဲ့ကြောင်း၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှု၊ နှစ်နိုင်ငံတန်းတူရည်တူရှိမှုအပေါ်မှ မူတည်ပြီး နှစ်နိုင်ငံပြည်သူများအကျိုးဖြစ်ထွန်းစေကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်တာဝန်ခံညွှန်ကြားရေးမှူး ဦးမြင့်သူရနှင့် တရုတ်နိုင်ငံ ရွှေလီမြို့ပါတီကော်မတီဒုတိယအတွင်းရေးမှူး ရွှေလီမြို့မြို့တော်ဝန် မစ္စတာရဲ့တဖုန် (Mr.Xie Dapeng)တို့မှ သဘောတူစာချုပ်အား လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။

ဆက်လက်၍ နှစ်နိုင်ငံဘက်မှတက်ရောက်လာကြသူများသည် အမှတ်တရလက်ဆောင်ပေးခြင်း၊ မှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်းများ ပြုလုပ်ခဲ့ကာ နံနက် ၁၁ နာရီတွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပပြီး တရုတ်ကိုယ်စားလှယ်အဖွဲ့သည် မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် မူဆယ်မြို့ရွှေနန်းတော်ဂိတ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ ပြန်လည်ထွက်ခွာရာ မြန်မာကိုယ်စားလှယ်အဖွဲ့က လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-သန့်ဇင်(မူဆယ်)**



# မြို့နယ်သံဃနာယကအဖွဲ့က ကြီးမှူးကျင်းပသော ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲဖြေဆို

**ပြည် မေ ၂၇**

နိုင်ငံတော် သံဃနာယက အဖွဲ့က ကြီးမှူးကျင်းပသော (၃၄) ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကို ပြည်မြို့နယ် ဂိုဏ်းပေါင်းစုံ သံဃနာယကကြီးမှူး၍ ကျင်းပခြင်းဖြစ်သည်။

အဆိုပါ စာမေးပွဲတွင် မေ ၂၅ ရက်တွင် ယဉ်ကျေးမှုကျင့်ဝတ် ဘာသာကိုလည်းကောင်း၊ ၂၆ ရက်တွင်ဗုဒ္ဓဘာသာ မြန်မာစာဘာသာကိုလည်းကောင်း၊ ၂၇ ရက်တွင် အခြေခံအဘိဓမ္မာဘာသာကိုလည်းကောင်း ဖြေဆိုခဲ့ကြောင်း သိရသည်။ ပြည်မြို့နယ်တွင် သာသနာ့ဗိမာန် စာဖြေဌာန၊ ဓမ္မောဒယ (ဘ/က) စာဖြေဌာန၊ စကြာတောင် (ဘ/က) စာဖြေဌာန၊ ဇီးအုပ် (အ.မ.က) စာဖြေဌာန၊ ပျဉ်းမအိုင် (အ.မ.က) စာဖြေဌာန၊ မဟာဗောဓိ စာဖြေဌာနဟု စာဖြေဌာနခြောက်ခုရှိသည်။ သာသနာ့ ဗိမာန်စာဖြေဌာန၌ ၂၁၃ ဦး၊ ဓမ္မောဒယ (ဘ/က) စာဖြေဌာန၌ ၂၀၁ဦး၊ စကြာတောင် (ဘ/က) စာဖြေဌာန၌ ၂၆၉ ဦး၊ ဇီးအုပ် (အမက) စာဖြေဌာန၌ ၄၁ ဦး၊ ပျဉ်းမအိုင် (အ.မ.က)စာဖြေဌာန၌ ၁၀၇ ဦး၊ မဟာဗောဓိ စာဖြေဌာန၌ ၂၉၂ ဦးတို့ ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ပြီး ဖြေဆိုချိန်မှာ မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိဖြစ်ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

# စာထုပ်ကြီး ပေထုပ်ကြီးစာဆိုင်ရာ ဟောပြောပွဲ ကျင်းပ

**မန္တလေး မေ ၂၇**

ပေစာထုပ်ကို ကမ်ပုလွေ (ဖျင်ရက်ရာတွင် ဝါးတံလေးများဖောက်ပြီး ရက်ထားသော ယင်းပြား)ကတ်၍ အဝတ်ဖြင့်ထုပ်ပြီး ခိုင်မြဲစေရန် ကြိုးပြားဖြင့် စည်းနှောင်ထားသော လက်ရက်ချည် ကြိုးပြားဖြင့်ပြုလုပ်ထားသည့် စာထုပ်ကြီးပေထုပ်ကြီးစာဆိုင်ရာ ဟောပြောပွဲကို မေ ၂၃ ရက်က ရတနာပုံတက္ကသိုလ် မြန်မာစာဌာနစာကြည့်တိုက်၌ ကျင်းပရာ ရှုပဗေဒဌာန ပါမောက္ခဒေါက်တာရဲမြင့် (ဒဂုံတက္ကသိုလ်-ငြိမ်း)က ရှေးအကျဆုံးအဖြစ် တွေ့ရှိနိုင်သောကြိုးစာမှာ ဗြိတိသျှပိဋကတ်တိုက်၌ ဦးတက်ထွတ် ထုလုပ်လှူဒါန်းထားသာ မြန်မာသက္ကရာဇ် ၁၁၃၄ ခု (၁၇၇၂ အေဒီ) ရက်စွဲပါ ကြိုးစာဖြစ်ပြီး ဒုတိယရှေးအကျဆုံးကြိုးစာမှာ ကုန်းဘောင်မင်းဆက်၊ အမရပူရမင်း နေပြည်စံဘိုးတော်ဘုရားလက်ထက် သီလရှင် မယ်စကာသက္ကရာဇ် ၁၁၆၀ ပြည့်နှစ် (၁၇၉၈ အေဒီ)ရက်စွဲဖြင့် ရက်လုပ်လှူဒါန်းထားသော ပါဠိဘာသာဖြင့် ရေးထိုးထားသည့် ကြိုးစာဖြစ်ကြောင်း ဟောပြောပို့ချခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# အကြမ်းဖက်မှုများကို တိုက်ဖျက်သွားရန် ဂျီ-၇အဖွဲ့ဝင်နိုင်ငံများက လက်မှတ်ရေးထိုး




**ရောမ မေ ၂၇**

ဂျီ-၇ အဖွဲ့ဝင်နိုင်ငံ့ခေါင်းဆောင်များသည် အကြမ်းဖက်ဝါဒတိုက်ဖျက်သွားနိုင်ရေး အတူတကွပူးပေါင်းလုပ်ဆောင်ရန် ကတိကဝတ်ပြုခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဂျီ-၇ အဖွဲ့ဝင်နိုင်ငံ့ခေါင်းဆောင်များသည် အကြမ်းဖက်တန်ပြန်တိုက်ဖျက်ရေးနှင့် အစွန်းရောက်အကြမ်းဖက်သမားများနှိမ်နင်း တိုက်ဖျက်ရေးကြေညာစာတမ်းကို အီတလီနိုင်ငံ စီစလီ၌ ယမန်နေ့က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ မန်ချက်စတာမြို့ အကြမ်းဖက်တိုက်ခိုက်ခံရပြီးနောက် အဆိုပါကြေညာချက်ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။

မန်ချက်စတာတိုက်ခိုက်မှုတွင် အသက်ပေးဆပ်ခဲ့ရသူများအတွက် မိသားစုများနှင့်ထပ်တူဝမ်းနည်းကြောင်း အဆိုပါကြေညာချက်တွင်ဖော်ပြထားသည်။ အကြမ်းဖက်တိုက်ဖျက်ရေးလုပ်ငန်းစဉ်သည် အဓိကအရေးကြီးသောတာဝန်တစ်ခုဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ထုတ်ပြန်ဖော်ပြခဲ့သည်။ ထို့ကြောင့် ဂျီ-၇ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အဆိုပါကိစ္စကို ဦးစားပေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ထို့အပြင် အကြမ်းဖက်သမားများအနေဖြင့် အင်တာနက်ကို အလွဲသုံးနေမှုများအပေါ် ထိရောက်စွာတားမြစ်သွားရန်အတွက်လည်း ကတိကဝတ်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါကမ္ဘာလုံးဆိုင်ရာအကြမ်းဖက်မှုများအဆုံးသတ်ရေးအတွက် ဂျီ-၇ အဖွဲ့ဝင်နိုင်ငံ့ခေါင်းဆောင်များအနေဖြင့် သက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

## တောင်ကိုရီးယားဒရုန်းယာဉ်များ မြောက်ကိုရီးယား လေကြောင်းပိုင်နက်အတွင်း ကျူးကျော်ခဲ့ဟု မြောက်ကိုရီးယားပြော

**ပြုံယမ်း မေ ၂၇**

သံသယရှိ မြောက်ကိုရီးယား မောင်းသူမဲ့ ဒရုန်းယာဉ်တစ်စင်းသည် စစ်ရေးဆိုင်ရာ ပိုင်းခြားသတ်မှတ်မျဉ်းအား ဖြတ်ကျော်သွားသည်ဟု တောင်ကိုရီးယားက ပြောကြားပြီး နှစ်ရက်အကြာတွင် တောင်ကိုရီးယားမောင်းသူမဲ့ဒရုန်းယာဉ်များသည် မြောက်ကိုရီးယားလေကြောင်းပိုင်နက်အတွင်း ကျူးကျော်ခဲ့သည်ဟု မြောက်ကိုရီးယားက မေ ၂၇ ရက်က တောင်ကိုရီးယားအား စွပ်စွဲပြောကြားလိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်က ဖော်ပြခဲ့သည်။

ဟီရှန်ကင်းထောက်ဒရုန်းယာဉ်သည် မြောက်ကိုရီးယားလေကြောင်းပိုင်နက်အတွင်း ယမန်နေ့ကလေးကြိမ်ခန့်ပျံသန်းခဲ့ကြောင်း ကိုရီးယားဗဟိုသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။ ကင်းထောက်ဒရုန်းလေယာဉ်ပျံသန်းခဲ့သည့်ဒေသသည် နှစ်နိုင်ငံ စစ်ရေးဆိုင်ရာ ပိုင်းခြားသတ်မှတ်မျဉ်းအတွက် အငြင်းပွားမှုဖြစ်ပွားနေသော နေရာဖြစ်ကြောင်း သိရသည်။ အဆိုပါနေရာတွင် ယခင်က မြောက်ကိုရီးယားနှင့် တောင်ကိုရီးယား တပ်ဖွဲ့များ မကြာခဏတိုက်ပွဲဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(ဆင်ဟွာ)**

## စစ်သွေးကြွတို့၏ လေ့ကျင့်ရေးစခန်းများကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ဟု သမ္မတစီစီပြော

**ကိုင်ရို မေ ၂၇**

အီဂျစ်နိုင်ငံ လေတပ်သည် လစ်ဗျားနိုင်ငံ ဒါနာမြို့ရှိ စစ်သွေးကြွတို့၏ လေ့ကျင့်ရေးစခန်းများကို လေကြောင်းဖြင့် ခြောက်ကြိမ်တိုက်ခိုက်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ယနေ့တွင် ဖော်ပြထားသည်။ အီဂျစ်နိုင်ငံ မင်ရာပြည်နယ်၌ သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် ကော့ပ်တစ်ခရစ်ယာန်ဘာသာဝင် ၂၈ ဦးသေဆုံးခဲ့ခြင်းအပေါ် တုံ့ပြန်သည့်အနေဖြင့် ထိုသို့လေကြောင်းဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အီဂျစ်နိုင်ငံပိုင် ရုပ်သံလိုင်းတွင် ဖော်ပြခဲ့သည်။

ကိုင်ရိုမြို့တောင်ပိုင်း ၂၂၀ ကီလိုမီတာအကွာ မင်ရာပြည်နယ်ရှိ စိန့်ဆင်မြူရယ်ဘုရားရှိခိုးကျောင်းသို့ သွားရာလမ်းပေါ်တွင် ယမန်နေ့က အမည်မသိသေနတ်သမား ၁၀ဦးက ကားသုံးစီးဖြင့် ခရစ်ယာန်ဘာသာဝင်များလိုက်ပါလာသော ဘတ်စ်ကားနှစ်စီးကို ကြားဖြတ်တားဆီးပြီး သေနတ်များဖြင့် ပစ်ခတ်ရာ လူ ၂၈ ဦး သေဆုံးခဲ့ပြီး ၂၄ ဦးဒဏ်ရာရရှိခဲ့သည်။ ပစ်ခတ်မှုဖြစ်ပွားပြီးနောက် အီဂျစ်လေတပ်သည် စစ်သွေးကြွတို့၏ လေ့ကျင့်ရေးစခန်းများကို တိုက်ခိုက်သွားမည်ဟု အီဂျစ်သမ္မတ အယ်လ်စီစီက ကြေညာခဲ့သော်လည်း မည်သည့်နေရာ မည်သည့်ဒေသရှိ စစ်သွေးကြွတို့ကို တိုက်ခိုက်သွားမည်ဆိုသည်ကို မသိရသေးချေ။ **(ဆင်ဟွာ)**

## တရုတ်နိုင်ငံ ရှန်ဒေါင်း၌ဆောက်လက်စအဆောက်အအုံတစ်လုံး ပြိုကျရာ လူခြောက်ဦးသေဆုံး



**ပေကျင်း မေ ၂၇**

တရုတ်နိုင်ငံ ရှန်ဒေါင်းပြည်နယ် ဂျီနန်ဒေသ၌ မေ ၂၇ ရက်က ဆောက်လက်စ အဆောက်အအုံတစ်လုံးပြိုကျခဲ့ရာ လူခြောက်ဦးသေဆုံးခဲ့ပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အဆိုပါ အဆောက်အအုံသည် ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၅၀ တွင် ပြိုကျခဲ့ ခြင်းဖြစ်ကာ ပြိုကျချိန်တွင် အလုပ်သမားများသည် အဆောက်အအုံဒုတိယထပ်၌ စုရုံးရောက်ရှိနေကြကြောင်း သိရသည်။ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်သမားများသည် အပျက်အစီးများအောက်ပိနေသူများကို ဆွဲထုတ်ကယ်ဆယ်ခဲ့သော်လည်း ခြောက်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ ဒဏ်ရာရသူများကို နီးစပ်ရာဆေးရုံသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ထားကြောင်းနှင့် မစိုးရိမ်ရကြောင်း သိရသည်။

အဆောက်အအုံပြိုကျသည့်အကြောင်းရင်းနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိကြောင်းသိရသည်။ လတ်တလောတွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ တာဝန်ရှိသူများကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။ **(ဆင်ဟွာ)**

# မိုဆူးလ်နောက်ဆုံးဒေသအား ပြန်လည်ရရှိရေး အီရတ်တပ်ဖွဲ့များ ထိုးစစ်ဆင်နွှဲ



**မိုဆူးလ် မေ ၂၇**

အီရတ်တပ်ဖွဲ့ဝင်များသည် အိုင်အက်စ်အကြမ်းဖက်သမားများနောက်ဆုံးသိမ်းယူထားသောမိုဆူးလ် မြို့တစ်နေရာကို ပြန်လည်ရရှိရေးအတွက် မေ ၂၇ ရက်က ထိုးစစ်တစ်ရပ်ဆင်နွှဲခဲ့ကြောင်း စစ်ဘက်ဆိုင်ရာသတင်းရင်းမြစ်တစ်ရပ်က ဖော်ပြခဲ့သည်ဟု ရိုက်တာသတင်းတစ်ရပ်က ဖော်ပြခဲ့သည်။

အဆိုပါမြို့ကျဆုံးသွားမည်ဆိုပါက အစ္စလာမ္မစ်နိုင်ငံထူထောင်ရေး လွန်ခဲ့သောသုံးနှစ်နီးပါးက ကြေညာခဲ့သော အိုင်အက်စ်အကြမ်းဖက်ခေါင်းဆောင် အဘူဘက်ခါ အယ်လ်ဘဂ္ဂဒါဒီ၏ ရည်မှန်းချက်မှာ ပြိုလဲသွားမည်ဖြစ်ကြောင်း သိရသည်။ ၎င်းသည် ဆီးရီးယားဒေသအတော်များများကိုလည်း ဩဇာလွှမ်းမိုးထားသူဖြစ်ကြောင်းသိရသည်။

လူသားချင်းစာနာမှုအဖွဲ့များက အီရတ်ပြည်သူများ၏ အသက်အန္တရာယ်အပေါ်စိုးရိမ်ခဲ့သော်လည်း အီရတ်လေတပ်က ယမန်နေ့က ဒေသခံများအား ၎င်းတို့နေအိမ်များမှ စွန့်ခွာသွားရန် အသိပေးခဲ့ကြောင်း သိရသည်။

မိုဆူးလ်မြို့၌ အိုင်အက်စ်တို့ သိမ်းပိုက်ထားသော နောက်ဆုံးနေရာသည် မြို့တော်ဟောင်းအနီးတွင်ရှိကာ တီကရစ်မြစ်ကြောင်းတစ်လျှောက်ရှိ ပြည်နယ်များနှင့် သိပ်မဝေးသောနေရာတွင်ရှိကြောင်း သိရသည်။

အမေရိကန်ဦးဆောင်သည့် မိုးဆူးလ်မြို့ ပြန်လည်ရရှိရေးထိုးစစ်ဆင်နွှဲမှုသည် ယခုအခါ ရှစ်လပိုင်းထဲသို့ ဝင်ရောက်လာပြီဖြစ်ကာ ထိုအတောအတွင်း အိုင်အက်စ်အကြမ်းဖက်သမားများက ပြည်သူများကြားတွင် ရောယှက်နေသောကြောင့် အပြီးပြတ်ချေမှုန်းရေးမှာ ခန့်မှန်းထားသည်ထက် ပိုမိုကြာမည်ဖြစ်ကြောင်း သိရသည်။

အခြားပူးပေါင်းတပ်ဖွဲ့ဝင်များကလည်း ကျန်ရှိသော ဒေသများအား အိုင်အက်စ်တို့လက်မှ လွတ်မြောက်အောင် လုပ်ဆောင်လျက်ရှိကြောင်း အီရတ်စစ်ဘက်က ပြောခဲ့သည်။

**(ရိုက်တာ)**

# ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်နိုင်ရန် ဆောင်ရွက်လျက်ရှိ

**မောင်တော မေ ၂၇**

ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်နိုင်ရန်နှင့် ကျောင်းပြင်ပမရောက်ရန်အတွက် ဆရာ မိဘ ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းရွှေက ပြောသည်။

“ကျောင်းနေအရွယ်ကလေးတွေ ကျောင်းပြင်ပ မရောက်အောင်၊ ကျောင်းတက်နိုင်အောင် ကြိုးစားဆောင်ရွက်နေပါတယ်။ ကျောင်းနေအရွယ် ကလေးတွေကိုလည်း ကျောင်းလာအပ်ကြဖို့ မိဘတွေကို ပြောချင်ပါတယ်။ ကျောင်းအပ်ဖို့ ရောက်လာတဲ့ ကလေးတွေကိုလည်း မူလတန်းဆို ကျောင်းဝတ်စုံ ထောက်ပံ့တယ်။ အလယ်တန်းနဲ့ အထက်တန်းကို ကျောင်းသုံးဖတ်စာအုပ်၊ ဗလာစာအုပ်တွေ အခမဲ့ထောက်ပံ့ပေးပါတယ်။ မောင်တောဒေသ ကျေးလက်မှာရှိတဲ့ ကျောင်းတွေကိုလည်း တစ်ပြေးညီ ထောက်ပံ့ပေးနေပါတယ်”ဟု ခရိုင်ပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

ပညာရေးဝန်ကြီးဌာနက ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေးအတွက် မေ ၂၅ ရက်မှ ၃၁ ရက်အထိ ကျောင်းအပ်နှံရေးသီတင်းပတ်



ကျောင်းလာအပ်သည့် ကလေးငယ်များအား ကျောင်းဝတ်စုံများ ထောက်ပံ့ပေးစဉ်

အဖြစ် သတ်မှတ်ခဲ့ရာ ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်းရှိ စာသင်ကျောင်းများတွင်လည်း တစ်ပြေးညီ ကျောင်းအပ်လက်ခံပေးလျက်ရှိကြောင်း သိရသည်။

မောင်တောမြို့မြို့မရပ်ကွက်မှ ဒေါ်သန်းခင်က “နဝမတန်းတက်ဖို့ ဒီနေ့ မောင်တောအထက(၁)မှာ သားကို ကျောင်းလာအပ်တာပါ။ ဘာအခကြေးငွေမှ မပေးရပါဘူး။ အားလုံးအခမဲ့ပါ။ ကျောင်းအပ်တာ အရင်နှစ်တုန်းကလည်း အခမဲ့ပါ” ဟု ပြောသည်။

“ဒီကျောင်းမှာက ကျောင်းသား နှစ်ထောင်ကျော်ရှိတယ်။ မေ ၂၅ ရက်ကနေ ဒီထိ ကျောင်းလာအပ်တာ ကျောင်းသားကျောင်းသူဦးရေ ၇၀၀ ကျော်ရှိပါပြီ။ ဒီမှာက မူလတန်းကနေ ဆဋ္ဌမတန်းထိ တိုင်းရင်းသားကျောင်းသား နည်းတယ်။ ထူးချွန်ကျောင်းသားတွေ ဒီကျောင်းက နှစ်တိုင်းထွက်တယ်။ ဒီနှစ်မှာလည်း ကျောင်းအပ်လက်မခံခင်ကတည်းက ကျောင်းအတွက် လိုအပ်တာတွေ ပြင်ဆင်ထားပါတယ်”ဟု မောင်တော အထက(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်လှသိန်းမေက ပြောသည်။

မောင်တောင်ခရိုင် မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ်တို့တွင် စာသင်ကျောင်းပေါင်း ၄၀၄ ကျောင်းရှိပြီး ဆရာဆရာမ အင်အား နှစ်ထောင်ကျော်နှင့် KG တန်းမှ တက္ကသိုလ်ဝင်တန်းထိ ကျောင်းသား ကျောင်းသူဦးရေ တစ်သိန်းခွဲခန့်ရှိကြောင်း စစ်တွေမြို့ရှိ ပြည်နယ်ပညာရေးမှူးရုံးမှ သိရသည်။

**သတင်း-မင်းသစ်**
**ဓာတ်ပုံ-ရဲထွန်း**

# လူငယ်ဖွံ့ဖြိုးရေး ပညာဒါနကျောင်း၌ ကျောင်းဆောင်သစ်ဖွင့်

**နောင်တရား မေ ၂၇**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့ရှိ ရွှေဘုန်းပွင့် ပညာဒါနကျောင်း၌ ဆွေမျိုးနန္ဒာကျောင်းဆောင်သစ်ဖွင့်ပွဲကို မေ ၂၅ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ဆွေမျိုးနန္ဒာကျောင်းဆောင်သစ်ကို နောင်တရားပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်နှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင် ဦးခွန်လှဆန်း၊ နောင်တရားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းချမ်းမြေ့ဝင်း၊ ပအိုဝ်းစာပေနှင့်ယဉ် ကျေးမှု(ဗဟို)မှ ဦးခွန်မင်းကျော်နှင့် ကျောင်းဆောင်အလှူရှင် ဦးခွန်အောင်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆွေမျိုးနန္ဒာကျောင်းဆောင်သစ်သည် အာစီရိနှစ်ထပ် အဆောက်အအုံဖြစ်ပြီး အလှူရှင် ဦးခွန်အောင်ရွှေ-ဒေါ်မသန်းတို့က တက္ကသိုလ်ဝင်တန်း ကျောင်းသားကျောင်းသူများအတွက်ရည်ရွယ်၍ တည်ဆောက်လှူဒါန်းခဲ့ခြင်း ဖြစ်ကြောင်း၊ ရွှေဘုန်းပွင့် ပညာဒါနကျောင်းကို ၂၀၁၃ ခုနှစ်အတွင်း အရှင်သူရိန္ဒက စတင်တည်ထောင်ပြီး တက္ကသိုလ်ဝင်တန်းကျောင်းသား ကျောင်းသူများအား ပညာဒါနပြုသင်ကြားပေးခဲ့ရာ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အထိ ဂုဏ်ထူးဖြင့်အောင်မြင်သူ ၁၁ ဦးနှင့် ရိုးရိုးအောင်မြင် သူ ၁၅၄ ဦးကို မွေးထုတ်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

**ခွန်အောင်(ပြန်/ဆက်)**

# မိဘမဲ့ဂေဟာသို့ အစားအသောက်နှင့်အသုံးအဆောင်ပစ္စည်းများပေးအပ်လှူဒါန်း

**မြစ်ကြီးနား မေ ၂၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့မ ဈေးကြီး ဈေး(၁)၊ (၂)မှ ဈေးသူ ဈေးသားများ၏ ရွှေစည်တော် ပရဟိတအဖွဲ့က ပလန(၁)ရှိ စိန့်ဖရန်စစ်ဇေးဗီးယား မိဘမဲ့ဂေဟာကျောင်းသို့ ဆန်၊ အစားအသောက်များ၊ လူသုံးကုန်ပစ္စည်းများနှင့် ဆေးဝါးများကို မေ ၂၅ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။



လှူဒါန်းရာတွင် ဆန်ရှစ်အိတ်နှင့်အတူ ကုလားပဲ တစ်အိတ်ခွဲ၊ ဆားတစ်အိတ်၊ ကြက်သွန်နီ ၁၅ ပိဿာ၊ ကြက်သွန်ဖြူ ငါးပိဿာ၊ အာလူး ၁၅ ပိဿာ၊ ကြက်ဥ အလုံး ၂၀၀၊ ဗာလချောင်ကြော် ခုနစ်ပိဿာ စသည့် စားသောက်ဖွယ်များ၊ ဆပ်ပြာမျိုးစုံ၊ မွေ့ရာ၊ ခေါင်းအုံး၊ သွားတိုက်ဆေး၊ သွားတိုက်တံ စသည့် အသုံးအဆောင်များနှင့် ဆေးဝါးများ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၀ သိန်းကျော်ကို ရွှေစည်တော် ပရဟိတအသင်းဥက္ကဋ္ဌ ကိုဇော်မင်းက စိန့်ဖရန်စစ်ဇေးဗီးယား မိဘမဲ့ဂေဟာကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဘော(စ်)ကိုထံ ပေးအပ်ခဲ့သည်။

အဆိုပါကျောင်းတွင် မူကြိုတန်းမှ တက္ကသိုလ်ဝင်တန်းအထိ မိဘမဲ့ကလေး ကျောင်းသား ကျောင်းသူပေါင်း ၁၇၅ ဦး ရှိပြီး လှူဒါန်းသည့်နေ့တွင် ရွှေစည်တော် ပရဟိတအသင်းက ကလေးငယ်များအား အာဟာရဒါနများလည်း တိုက်ကျွေးခဲ့ကြောင်း၊ ရွှေစည်တော် ပရဟိတအသင်းအနေဖြင့် မိဘမဲ့ဂေဟာကျောင်းများသို့ လစဉ်ထောက်ပံ့လှူဒါန်းမှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# တနင်္သာရီတံတား၌ တန်ပိုတင်ယာဉ်များ ဖြတ်သန်းခြင်းမရှိစေရန် ပူးပေါင်းအဖွဲ့ဖြင့်စစ်ဆေး

**တနင်္သာရီ မေ ၂၇**

ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းနှင့်တံတားများ ပျက်စီးမှုမဖြစ်စေရေးအတွက် တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် လမ်းဦးစီးဌာနနှင့် မြို့နယ်ဌာနဆိုင်ရာများ ပူးပေါင်းကာ တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်တွင် နေ့စဉ်မောင်းနှင်သွားလာလျက်ရှိသည့် မော်တော်ယာဉ်များ အနေဖြင့် တနင်္သာရီတံတားပေါ်မှ ဖြတ်သန်းမောင်းနှင်စဉ် သတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင်၍ ဖြတ်သန်းမောင်းနှင်ခြင်းမပြုရန် မေ ၂၅ ရက်မှစ၍ အောက်ကင်းအရှေ့ရွာ တန်ပိုစစ်ဆေးရေးဂိတ်၌ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကုန်တင်ယာဉ်များအနေဖြင့် သတ်မှတ်ထားသည့် တန်ချိန် ၁၃ တန်ထက် ပိုမိုတင်ဆောင်ကာ တနင်္သာရီတံတားပေါ်မှ ဖြတ်သန်းသွားလာမှုမရှိစေရေးအတွက် တန်ပို တင်ဆောင်ဖြတ်သန်းခြင်းနှင့်ပတ်သက်သည့် ပညာပေးခြင်း၊ အသိပေးခြင်း၊ သတိပေးခြင်းများကို မြို့နယ်လမ်းဦးစီးဌာနက မတ် ၁ ရက်မှ ၃၁ ရက်အထိ ပညာပေးကာလအဖြစ် သတ်မှတ်ကာ ဆောင်ရွက်ခဲ့ပြီးဖြစ် ကြောင်း၊ ယခုအခါ ပညာပေးကာလ ကုန်ဆုံးနေပြီဖြစ်၍ သတ်မှတ်ချက်ကို လိုက်နာမှုမရှိဘဲ တန်ပိုတင်ဆောင်ဖြတ်သန်းသွားလာသည့် မော်တော်ယာဉ်များကို လမ်းဥပဒေအတိုင်း မေ ၂၆ ရက်မှစ၍ နေ့စဉ် စစ်ဆေးအရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ) ဦးကျော်သီဟက ပြောသည်။

ပူးပေါင်းအဖွဲ့တွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂) ဦးရဲမြင့်ဆွေ၊ မြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဦးကျော်သီဟနှင့် ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးထွန်းမင်းနိုင်နှင့် ဝန်ထမ်းများ၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးထွန်းလှိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဟုန်စိုးနှင့်ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမင်းဝေနှင့် ကော်မတီဝင်များ၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်၍ စနစ်တကျ စစ်ဆေးခဲ့ကြကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# မောင်တောမြို့နယ်၌ လုပ်သေနတ်သုံးလက်နှင့် ကျည်ဆန်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များသည် သတင်းအရ ယမန်နေ့နံနက်ပိုင်းက သဝန်ချောင်းကျေးရွာရှိ နေအိမ်တစ်လုံးအား ဝင်ရောက်ရှာဖွေရာမှ လုပ်သေနတ်နှင့်ကျည်ဆန်များ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက် ၆ နာရီခန့်က မောင်တောမြို့နယ် သဝန်ချောင်းကျေးရွာရှိ မာမတ်ရှော်ဘီ၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေရာ အိမ်ခြံဝင်းအတွင်းမှ အရှည် ၁ ပေခွဲခန့်ရှိ လုပ်သေနတ် သုံးလက်၊ ရော်ဘာကျည် ရှစ်တောင့်၊ ပစ်ခတ်ပြီး ရော်ဘာကျည် နှစ်တောင့်၊ ၅ ဒသမ ၅၆ ကျည် ခုနစ်တောင့်နှင့်အတူ မေ ၁ ရက် ရက်စွဲဖြင့် လူ ၂၀ အား လစာငွေထုတ်ပေးပြီးကြောင်း ပြေစာတစ်စောင်တို့အား သိမ်းဆည်းရမိခဲ့ပြီး အိမ်ရှင် မာမတ်ရှော်ဘီမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် စုံစမ်းရှာဖွေလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မောင်တောမြို့နယ်၌ ရွာသားတစ်ဦး သစ်ပင်ပိ၍ သေဆုံး

**နေပြည်တော် မေ ၂၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ရွှေတိုင်ကျေးရွာ ရွာသားနှစ်ဦးသည် တောထဲသို့ ဝါးခုတ်သွားရာမှ ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် ယမန်နေ့ နံနက်ပိုင်းက လိုက်လံရှာဖွေရာ တစ်ဦးမှာ သစ်ပင်ပိ၍သေဆုံးနေကြောင်း သိရှိရသည်။

မောင်တောမြို့နယ် ရွှေတိုင်ကျေးရွာနေ ဆွေတူဆောင်းနှင့် မာရှော်ဘီးတို့သည် မေ ၂၅ ရက် နံနက် ၁၀ နာရီခွဲခန့်က တောထဲသို့ ဝါးခုတ်သွားရာမှ အိမ်သို့ ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် ယမန်နေ့ နံနက် ၉ နာရီတွင် ရွာသားများက လိုက်လံရှာဖွေခဲ့ရာ ရွှေတိုင်ကျေးရွာနှင့် တစ်မိုင်ခန့်ဝေးသည့် ဆင်ခေါင်းချောင်းစပ်၌ ဆွေတူဆောင်းအား သစ်ပင်ပိလျက်သေဆုံးနေသည်ကို ပြန်လည်တွေ့ရှိခဲ့ပြီး မာရှော်ဘီးမှာ ပျောက်ဆုံးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မောင်တောမြို့နယ် ဥဒေါင်းကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မေ ၂၇**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ဥဒေါင်းကျေးရွာ၌ ယမန်နေ့ညပိုင်းက ပေါ့ဆမီးကြောင့် ဈေးဆိုင်တစ်ဆိုင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် ဥဒေါင်းကျေးရွာနေ မောင်ကျန်သည် ယမန်နေ့ ည ၈ နာရီခန့်က ၎င်း၏ဈေးဆိုင်၌ ထမင်းချက်စားခဲ့ရာ မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ပြီး သက်ငယ်မိုး ထရံကာ ဈေးဆိုင်တစ်ဆိုင် မီးလောင်ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာပြည်တွင်းပတ်လည်ဂေါက်ရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ်(မော်လမြိုင်) ဆက်လက်ကျင်းပ

**ရန်ကုန် မေ ၂၇**

မြန်မာနိုင်ငံတွင်ထူးချွန်သော ဂေါက်သီးအားကစားသမားများ ထွက်ပေါ်လာစေရန် အတွက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့က ကြီးမှူး၍ Myanmar ZWE MANN Co.,Ltdမှ အဓိက ပံ့ပိုးကူညီသည့် ၂၀၁၇ ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ်(မော်လမြိုင်)တတိယနေ့ကို ယနေ့နံနက်ပိုင်းမှ စ၍ မော်လမြိုင်မြို့ရှိ ရွှေနတ်တောင်ဂေါက်ကလပ်၌ ကျင်းပသည်။

တတိယနေ့အပြီးတွင် ပညာရှင်အဆင့်ပြိုင်ပွဲ၌ အောင်ဝင်းက သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျှော့ရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၁၁ ချက်၊ ဝါသနာရှင်အဆင့်(အမျိုးသား)ပြိုင်ပွဲတွင် မောင်မောင်ဦးက သတ်မှတ်ရိုက်ချက်ထက် လေးချက်ပိုရိုက်ကာ စုစုပေါင်းရိုက်ချက် ၂၂၀၊ ဝါသနာရှင်အဆင့်(အမျိုးသမီး) ပြိုင်ပွဲတွင် မေဦးခိုင်က သတ်မှတ်ရိုက်ချက်ထက် ၂၈ ချက် ပိုရိုက်ကာ စုစုပေါင်းရိုက်ချက် ၁၇၂ ချက်ဖြင့်ဦးဆောင်လျက်ရှိသည်။ ပြိုင်ပွဲနောက်ဆုံးနေ့ကို မေ ၂၈ ရက် (**ယနေ့**)တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

*ကျောဖုံးမှ*

ဒုတိယအကျော့တွင် ခြေမှန်ပြန်ရလာပြီး သုံးပွဲဆက်အနိုင်ရလဒ်နှင့်အတူ ရန်ကုန်အသင်းနှင့် နှစ်မှတ်သာကွာတော့သည်။

ရတနာပုံအသင်းသည် အသစ်ခေါ်ထားသည့် တိုက်စစ်မှူး ပက်ထရစ်ကို ပွဲအစတွင်မသုံးဘဲ အောင်သူကို အထောင်တိုက်စစ်မှူးအဖြစ် သုံးကာ ရန်ပိုင်၊ စည်သူအောင်၊ လှိုင်းဘိုဘိုတို့ဖြင့် လူစုံ ပွဲထွက်ခဲ့သည်။ အဓိက ကစားသမားများဖြစ်သည့် ဒေးဗစ်ဒန်း၊ ခင်မောင်လွင်နှင့် ကောင်းဆက်နိုင်တို့ မပါနိုင်သည့် ရန်ကုန်အသင်းသည် ကွင်းလယ်လူ ရန်အောင်ကျော်ကိုလည်း ပွဲထွက်လူစာရင်းမှ ချန်လှပ်ခဲ့ပြီး ကျော်ကိုကို၊ ဆီဗား၊ အီမာဆင်၊ ဇော်မင်းထွန်းတို့ကို လူငယ်ကစားသမားများဖြင့် တွဲဖက်အသုံးပြုခဲ့သည်။ ပွဲစကတည်းက နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားခဲ့သောကြောင့် အပြန်အလှန်ရှိခဲ့သည်။ ၂၅ မိနစ်တွင် ရတနာပုံ အသင်း ဂိုးရခဲ့ပြီး စည်သူအောင် ဖြတ်ပို့သောဘောလုံးကို အောင်သူက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ရတနာပုံအတွက် အနိုင်ဂိုးကို ၆၃ မိနစ်တွင် ပက်ထရစ်ဖန်တီးပေးမှုမှ မျိုးကိုထွန်း၊ ၇၂ မိနစ်တွင် ပက်ထရစ်တို့က သွင်းယူခဲ့သည်။

မော်လမြိုင်ကွင်း၌ ကျင်းပသောပွဲတွင် ရှမ်းယူနိုက်တက်က အိမ်ရှင် Southern အသင်းကို နှစ်ဂိုး-ဂိုးမရှိ ဖြင့်အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အတွက် ဂိုးများကို ၄၅ မိနစ်တွင် မက်ဆီမင်၊ ၉၁ မိနစ်တွင် ခရစ္စတိုဖာတို့က သွင်းယူခဲ့သည်။ အခြားပွဲများတွင် မကွေးအသင်းက ဇွဲကပင်အသင်းကို ငါးဂိုး-ဂိုးမရှိ၊ နေပြည်တော်အသင်းက GFA အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူပြီး ရောဝတီအသင်းနှင့် ဟံသာဝတီအသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။

# ကျွန်းလှမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွား

**ကျွန်းလှ မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် ထန်းပင်ကုန်းကျေးရွာ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် မေ ၉ ရက်မှစ၍ အသက် ၅ နှစ်အောက် ကလေးနှစ်ဦး၊ အသက် ၁၀ နှစ်အောက် ကလေး ၁၀ ဦး၊ အသက် ၁၀ နှစ်အထက် ခြောက်ဦး စုစုပေါင်း ကလေး ၁၈ ဦး သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားခဲ့ရာ မြို့နယ်ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူပြီး သေဆုံးမှုမရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထိုသွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသည့် ကျေးရွာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသန်းလွင် ဦးဆောင်သော မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းပြီး တစ်အိမ်တက် တစ်အိမ်ဆင်း ခြင်ဆေးဖျန်းခြင်း၊ ရေတွင်းရေကန်များ ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ထီးလင်း- ဂန့်ဂေါကားလမ်းပိုင်းပြင်ဆင်ရန် လုပ်အားခထုတ်ယူသူ အလုပ်သမားခေါင်းဆောင် ထွက်ပြေးသော်လည်း တာဝန်ခံဆောင်ရွက်သည့် ASIA BOOM ကုမ္ပဏီက လုပ်အားခများ ကူညီဖြေရှင်းပေး

**ထီးလင်း မေ ၂၇**

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်အတွင်း လမ်းပန်းဆက်သွယ်မှု လွယ်ကူစေရန် လမ်းပိုင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ပခုက္ကူ- ထီးလင်း- ပေါက်- ဂန့်ဂေါ ကားလမ်း ထီးလင်း- ဂန့်ဂေါလမ်းပိုင်း မိုင်တိုင်အမှတ် ၁၀၃/၈ မှ ၁၀၄/၅ တွင် တစ်ဖာလုံလျှင် ငွေကျပ် ၁၄ သိန်းဖြင့် ၁၅၆ သိန်းကို လမ်းပိုင်း တာဝန်ခံဆောင်ရွက်သည့် ASIA BOOM ကုမ္ပဏီက အလုပ်သမားခေါင်းဆောင်ဖြစ်သူ ရေမျက်နီရွာနေ ဦးရဲဇော်ထံ ထုတ်ပေးခဲ့ရာ ဦးရဲဇော်မှာ အလုပ်သမားများထံ လုပ်အားခများကို ထုတ်ပေးခြင်းမရှိဘဲ ထွက်ပြေးတိမ်းရှောင်နေကြောင်း သိရသည်။

ထိုသို့ ထွက်ပြေးသဖြင့် အဆိုပါလမ်းပိုင်းတွင် လုပ်ငန်းဆောင်ရွက်သူများက သက်ဆိုင်ရာသို့ အသိပေးတင်ပြခဲ့ရာ လမ်းပိုင်း တာဝန်ခံဆောင်ရွက်သည့် ASIA BOOM ကုမ္ပဏီက အလုပ်သမားများ ရရှိမည့် ငွေကျပ် ၁၂၉၉၂၀၀၀ ကို မေ ၂၅ ရက်က ထီးလင်းမြို့နယ် လမ်းဦးစီးဌာနတွင် အလုပ်သမားများ နစ်နာမှုမရှိစေရေး ကူညီဖြေရှင်းပေးချေခဲ့သည်။

အဆိုပါ လုပ်အားခပေးချေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသိဒ္ဓိ၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရင်ရင်အောင်၊ ထိန်တိုင်း၊ ဆေးမင်းတော၊ ဝါးဘိုးချောင်ကျေးရွာ အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်းနှင့် ထိန်တိုင်းရွာမှ အလုပ်သမား ၉၇ ဦး၊ ဆေးမင်းတောရွာမှ အလုပ်သမား ၁၃ ဦး၊ ဝါးဘိုးချောင်ရွာမှ အလုပ်သမား ၅၅ ဦးတို့အတွက် လုပ်အားခများ ပေးချေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(၁၀၁)**

# မိုးရွာသွန်းမှုကြောင့် ကုက္ကိုပင်အမြစ်မှကျွတ်လဲ၍ ဓာတ်တိုင်သုံးတိုင်ကျိုး၊ အချိန်မီဖယ်ရှား



**သီပေါ မေ ၂၇**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ မြို့လယ်ရပ်ကွက် ဩဘာလမ်း၊ မြရတနာလမ်း တည်းခိုခန်းအနီး သက်တမ်းရင့်ကုက္ကိုပင်ကြီးမှာ ယနေ့နံနက် ၅ နာရီခွဲက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အမြစ်မှကျွတ်လဲသွားရာ ဓာတ်တိုင်သုံးတိုင် ကျိုးသွားသဖြင့် ဓာတ်အားပေးမှု ခေတ္တရပ်ဆိုင်းသွားခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် မြို့လယ်ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်သားများ၊ လျှပ်စစ်အင်ဂျင်နီယာ ဦးဇော်မင်းထွေးနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးအောင်ကြည်ထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက အမြစ်ကျွတ်လဲကျသော သစ်ပင်အား ဖယ်ရှား၍ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးသဖြင့် (**ဝဲပုံ**) လျှပ်စစ်ဓာတ်အားများ ပုံမှန်ပြန်လည်လွှတ်ပေးနိုင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂၆ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂၂ စီး၊ သွင်းကုန် ၆၀၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၅ စီး၊ သွင်းကုန် ၁၇၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၆ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇ ဒသမ ၁၇၆၅ သိန်းခန့်အား ဖမ်းဆီးရမိ ခဲ့ ပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂၅ ရက်က မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် ခရီးသည်တင်မှန်လုံယာဉ်ကို မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ ခရီးသည်ပစ္စည်းများနှင့်အတူ ရောနှော သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Polyacrylamide (1 × 25)kg (50)Pkgs စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၃၅၆ သိန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Polyacrylamide များ**

ပညာရေးဝန်ကြီးဌာန

၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်

ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးနှင့် ကျောင်းထွက်သူပပျောက်ရေး ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေး

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၁၇၊ မေလ (၂၅) မှ (၃၁) ရက်အထိ



ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ မေ ၂၁ ရက်မှ ၂၆ ရက်အထိ ကျင်းပခဲ့သည့် (၄)ကြိမ်မြောက် အာရှမသန်စွမ်း Tom Pin ဘိုးလင်းပြိုင်ပွဲတွင် ငွေ သုံးခု၊ ကြေး နှစ်ခု ဆွတ်ခူးရရှိခဲ့ကြသော မြန်မာနိုင်ငံဘိုးလင်းအဖွဲ့ချုပ် အုပ်ချုပ်/နည်းပြ ဦးမျိုးအောင်ဦးဆောင်သော မသန်စွမ်းဉာဏ်ရည်မမီ အားကစားသမားများသည် မေ ၂၆ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာစဉ်
တင်စိုး(မြန်မာ့အလင်း)

## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

- မန်စီးတီးအသင်းသည် ပြင်သစ်လီဂူးဝမ်းချန်ပီယံမိုနာကိုအသင်းမှ ကွင်းလယ်ကစားသမား ဘာနာဒို ဆေးဗားကို ပေါင် ၄၃ သန်းဖြင့် ခေါ်ယူစာချုပ်နိုင်ခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အသက် ၂၂ အရွယ်သာရှိသေးသည့် ပေါ်တူဂီကွင်းလယ်ကစားသမားသည် ဇူလိုင် ၁ ရက်တွင် မန်စီးတီးနှင့် ပူးပေါင်းမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ကွင်းလယ်ကစားသမားသည် ယခုနှစ်ရာသီ မိုနာကိုအသင်းအတွက် ၅၈ ပွဲကစားထားရာတွင် ၁၁ ဂိုး သွင်းယူပေးထားပြီး ဂိုးဖန်တီးမှု ၁၂ ကြိမ်ပြုလုပ်ပေးထားကြောင်းလည်း သိရသည်။
- ဝက်စ်ဟမ်းအသင်းသည် မန်စီးတီးနှင့် ဇွန်လကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးတော့မည်ဖြစ်သော နောက်ခံကစားသမား ဇာဘလက်တာကို ခေါ်ယူစာချုပ်နိုင်ခဲ့ကြောင်း သိရှိရသည်။ ၃၂ နှစ်အရွယ်ရှိပြီဖြစ်သော အာဂျင်တီးနားနောက်ခံကစားသမားသည် နှစ်နှစ်စာချုပ်ဖြင့် ဇူလိုင် ၁ ရက်တွင် ဝက်စ်ဟမ်းအသင်းနှင့် လာရောက်ပူးပေါင်းမည်ဖြစ်ကြောင်း သိရှိရသည်။
- တိုက်စစ်မှူး ဆန်းချက်ဇ်သည် ပရိသတ်များက မဲစနစ်ဖြင့် ရွေးချယ်ရာတွင် အာဆင်နယ်၏ တစ်နှစ်တာ အကောင်းဆုံးကစားသမားအဖြစ် သတ်မှတ်ခံထားရကြောင်း အာဆင်နယ်အသင်းက မေ ၂၆ ရက်တွင် ကြေညာခဲ့သည်။ အဆိုပါတိုက်စစ်မှူးသည် ယခုနှစ်ရာသီ အာဆင်နယ်အတွက် ပြိုင်ပွဲစုံ ၂၉ ဂိုးသွင်းယူပေးထားသူဖြစ်ကြောင်း၊ ပြီးခဲ့သည့်နှစ်က တစ်နှစ်တာ အကောင်းဆုံး ဆုရရှိခဲ့သော အိုဇေးလ်သည် ယခုနှစ်တွင် ထိပ်ဆုံးသုံးယောက် စာရင်းနှင့် လွဲချော်ခဲ့ကြောင်းလည်း သိရသည်။
- ခရစ္စတယ်ပဲလေ့စ်ကြယ်ပွင့် ဇာဟာသည် အသင်းနှင့် ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုလိုက်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အသက် ၂၄ နှစ်အရွယ် အဆိုပါကြယ်ပွင့်ကစားသမားသည် ခရစ္စတယ်ပဲလေ့စ်အတွက် ၂၅၈ ပွဲ ကစားပေးထားပြီးဖြစ်ကြောင်း သတင်းများအရ သိရသည်။
- မန်ဇူကစ်သည် စီးရီးအေချန်ပီယံ ဂျူဗင်တပ်စ်အသင်းနှင့် တစ်နှစ်သက်တမ်းတိုးချဲ့စာချုပ်လိုက်ကြောင်း သတင်းများအရ သိရသည်။ ထို့ကြောင့် စီးရီးအေချန်ပီယံဂျူဗင်တပ်စ်အသင်းနှင့်အတူ ၂၀၂၀ အထိ ရှိနေမည်ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါကစားသမားသည် ၂၀၁၅ ခုနှစ်တွင် အေတီမက်မှ ဂျူဗင်တပ်စ်သို့ ရောက်ရှိလာသူဖြစ်ကြောင်း သိရသည်။

**ဇော်ဇော်**

# ၂၀၁၈ခုနှစ်၊ အာဆီယံပညာသင်ဆုပဏာမအဆင့် ရေးဖြေစာမေးပွဲ

## အောင်မြင်သူများစာရင်း

၁၁-၅-၂၀၁၇ ရက်က တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျင်းပခဲ့သော ၂၀၁၈ ခုနှစ် အာဆီယံပညာသင်ဆု ပဏာမအဆင့် ရေးဖြေစာမေးပွဲတွင် အောက်ပါ ကျောင်းသား၊ ကျောင်းသူများ ဖြေဆိုအောင်မြင်ခဲ့ပါသည်-

| စဉ် | ခုံအမှတ် | အမည် | အဖအမည် | ကျောင်းအမည် | မြို့နယ် | တိုင်းဒေသကြီး/ပြည်နယ် |
|---|---|---|---|---|---|---|
| ၁ | စက-၈ | မခိုင်သဇင်ထွန်း | ဦးသန်းထွန်းအေး | အထက(၁) | စစ်ကိုင်း | စစ်ကိုင်း |
| ၂ | စက-၁၅ | မမြဖူးသွယ် | ဦးသိန်းနိုင် | အထက-ဖွံ့ဖြိုးရေးတက္ကသိုလ် | စစ်ကိုင်း | စစ်ကိုင်း |
| ၃ | စက-၂၀ | မောင်ထက်ဝေယံဟိန်း | ဦးလှမြင့်ဦး | အထက-ဝက်လက် | ဝက်လက် | စစ်ကိုင်း |
| ၄ | စက-၃၂ | မယမုံသွင် | ဦးစိုးသွင် | အထက(၁)မုံရွာ | မုံရွာ | စစ်ကိုင်း |
| ၅ | စက-၃၃ | မောင်ဘုန်းမြင့်မြတ် | ဦးဝင်းခိုင် | အထက(၂)မုံရွာ | မုံရွာ | စစ်ကိုင်း |
| ၆ | စက-၅၅ | မခင်ရတနာကျော် | ဦးစိုးလွင် | အထက-ချောင်းဦး | ချောင်းဦး | စစ်ကိုင်း |
| ၇ | တန-၆ | မအိခင်ချောပြည့် | ဦးဝင်းမင်းထွန်း | အထက(၁)ထားဝယ် | ထားဝယ် | တနင်္သာရီ |
| ၈ | တန-၂၆ | မောင်သက်ဆွေလင်း | ဦးအောင်ဇော်ဝင်း | အထက(၁)မြိတ် | မြိတ် | တနင်္သာရီ |
| ၉ | တန-၃၁ | မသင်းယုမြတ်ဇော် | ဦးသန်းဇော် | ကပက-ကန်စွန်းအင်း | မြိတ် | တနင်္သာရီ |
| ၁၀ | ပခန-၁ | မောင်သက်ဦးအောင် | ဦးလှမြင့် | အထက(၁)ပြည် | ပြည် | ပဲခူး(အနောက်) |
| ၁၁ | မတလ-၄၀ | မအိမ့်မှူးသော် | ဦးမြင့်သော်ထွန်း | အရှေ့မိုးကောင်းကင်(ကပက) | အောင်မြေသာစံ | မန္တလေး |
| ၁၂ | မတလ-၄၂ | မယုယုလှိုင် | ဦးဝင်းလှိုင် | မင်းမြန်မာ(ကပက) | အောင်မြေသာစံ | မန္တလေး |
| ၁၃ | မတလ-၄၃ | မဆုရွှေရည် | ဦးကျော်စွာဟိန်း | အထက(ဖောင်တော်ဦး) | အောင်မြေသာစံ | မန္တလေး |
| ၁၄ | မတလ-၁၀၃ | မဆုဝေယံလင်း | ဦးထွန်းနိုင်ဦး | SSL(ကပက) | မဟာအောင်မြေ | မန္တလေး |
| ၁၅ | မတလ-၁၀၇ | မောင်မင်းသန့်ကို | ဦးသန့်လွင်ဦး | မိုးသောက်ပန်း(ကပက) | ချမ်းမြသာစည် | မန္တလေး |
| ၁၆ | မတလ-၁၁၄ | မောင်အောင်မင်းခန့် | ဦးအောင်မျိုးသူ | ထတွဲ(စလေ) | ချမ်းမြသာစည် | မန္တလေး |
| ၁၇ | မတလ-၁၁၅ | မောင်ဇယံလွန်း | ဦးမောင်မောင်သိန်း | ILBC | ချမ်းမြသာစည် | မန္တလေး |
| ၁၈ | မတလ-၁၁၉ | မသဲစုလှိုင် | ဦးကျော်ဆန်းငွေး | အထက-၃၀ | ချမ်းမြသာစည် | မန္တလေး |
| ၁၉ | မတလ-၁၂၆ | မအိမ့်ချြူမိုးမြင့် | ဦးသိန်းထွဋ် | VEC (ကပက) | ချမ်းမြသာစည် | မန္တလေး |
| ၂၀ | မတလ-၁၆၃ | မောင်မင်းဗညားကို | ဦးဇာနည်ကို | အလက(၁)ရှမ်းတော | မိုးကုတ် | မန္တလေး |
| ၂၁ | မတလ-၁၆၆ | မောင်ဝေယံဖုန်းမြင့် | Dr.ဝင်းနိုင်ဖုန်း | Word Star (ကပက) | မြင်းခြံ | မန္တလေး |
| ၂၂ | မတလ-၁၇၃ | မောင်ကြယ်စင်မင်းသက် | ဦးသက်ဇော်ညွန့် | သမာဓိ(ကပက) | မိတ္ထီလာ | မန္တလေး |
| ၂၃ | မတလ-၁၇၈ | မမိုးဇေယျမြင့် | ဦးကျော်ဇေယျ | သမာဓိ(ကပက) | မိတ္ထီလာ | မန္တလေး |
| ၂၄ | မ-၁၁ | မစုမြတ်ထူးလွင် | ဦးကျော်ဝင်းထွန်း | အထက(၂)သထုံ | သထုံ | မွန် |
| ၂၅ | မ-၁၅ | မောင်ဟိန်းလင်း | ဦးစိုးမင်း | အထက(၆)မော်လမြိုင် | မော်လမြိုင် | မွန် |
| ၂၆ | မ-၁၈ | မောင်မင်းထက်နိုင် | ဦးအောင်အောင်ဇင် | အထက(၁၂)၊မော်လမြိုင် | မော်လမြိုင် | မွန် |
| ၂၇ | ရက-၂ | မောင်ထူးအာကာလွင် | ဦးမြင့်လွင် | အထက(၂) | ကမာရွတ် | ရန်ကုန် |
| ၂၈ | ရက-၅ | မဖူးမြတ်မွန် | ဦးအောင်ဇော်မြင့် | အထက(၂) | ကမာရွတ် | ရန်ကုန် |
| ၂၉ | ရက-၇ | မဇင်မာသူ | ဦးပြည်သူ | အလက(၁) | ဒဂုံ | ရန်ကုန် |
| ၃၀ | ရက-၁၀ | မောင်ရဲထက်လင်း | ဦးမင်းမင်းလွင် | အထက(၂) | ဗဟန်း | ရန်ကုန် |
| ၃၁ | ရက-၁၁ | မောင်ရဲလင်းထက် | ဦးသန်းထိုက် | အထက(၁) | ဒဂုံ | ရန်ကုန် |
| ၃၂ | ရက-၂၃ | မမိုးမြင့်မြတ် | ဦးသိန်းဟန် | တီတီစီ | ရန်ကင်း | ရန်ကုန် |
| ၃၃ | ရက-၁၇ | မဆုဝတီကျော်သက်မြင့် | ဦးကျော်ကျော်သက် | အထက(၁) | ဒဂုံ | ရန်ကုန် |
| ၃၄ | ရက-၂၉ | မောင်ရန်နိုင်ကျော် | ဦးဝင်းနိုင် | အထက(၂) | အင်းစိန် | ရန်ကုန် |
| ၃၅ | ရက-၃၈ | မောင်ရန်နိုင်လင်း | ဦးမျိုးနိုင် | အထက(၄) | ပုဇွန်တောင် | ရန်ကုန် |
| ၃၆ | ရက-၄၇ | မဖြူစင်မိုး | ဦးအောင်မိုး | တီတီစီ | ကမာရွတ် | ရန်ကုန် |
| ၃၇ | ရက-၅၈ | မယဉ်ယဉ်နွယ် | ဦးဖွေးကြူ | အထက(၄) | ဗိုလ်တထောင် | ရန်ကုန် |
| ၃၈ | ရက-၆၃ | မဆက်လင်းပွင့်ဖြူ | ဦးနေလင်းထွန်း | အထက(၂) | ကမာရွတ် | ရန်ကုန် |
| ၃၉ | ရက-၆၅ | မောင်ခန့်မင်းနိုင် | ဦးအေးမင်း | အထက(၁) | ဒဂုံ | ရန်ကုန် |
| ၄၀ | ရက-၇၃ | မောင်ဥက္ကာအောင် | ဦးအောင်အောင် | အထက(၁) | သဃ်န်းကျွန်း | ရန်ကုန် |
| ၄၁ | ရက-၇၇ | မောင်ရဲမင်းအောင် | ဦးကျော်မိုးခိုင် | အထက(၁) | ဒဂုံ | ရန်ကုန် |
| ၄၂ | ရက-၈၅ | မောင်လင်းထက်ပိုင် | ဦးသောက်လင်း | အထက(၂) | ကမာရွတ် | ရန်ကုန် |
| ၄၃ | ရက-၈၈ | မရွှန်းပြည့်ဖြိုး | ဦးမောင်မောင်လတ် | Diplomatic School | စမ်းချောင်း | ရန်ကုန် |
| ၄၄ | ရက-၈၉ | မောင်ထူးမြတ်ကျော် | ဦးကျော်ကျော်ဦး | အထက(၃) | ကြည့်မြင်တိုင် | ရန်ကုန် |
| ၄၅ | ရက-၁၀၀ | မအိစံမို | ဦးသိန်းဆွေ | အထက(၂) | ဗဟန်း | ရန်ကုန် |
| ၄၆ | ရက-၁၀၁ | မောင်ထက်အောင်လှိုင် | ဦးသန်းတင့် | အထက(၁) | သုံးခွ | ရန်ကုန် |
| ၄၇ | ရက-၁၀၇ | မယွန်းအိမွန် | ဦးနန္ဒာမြင့် | အထက(၂) | ဗဟန်း | ရန်ကုန် |
| ၄၈ | ရက-၁၁၃ | မောင်ဖေလင်းဟန် | ဦးဟန်ညွန့် | အထက(၆) | အလုံ | ရန်ကုန် |
| ၄၉ | ရက-၁၂၂ | မောင်ထက်မြတ်မင်းထွန်း | ဦးမင်းမင်းထွန်း | တီတီစီ | ကမာရွတ် | ရန်ကုန် |
| ၅၀ | ရက-၁၂၆ | မောင်မျိုးမောင်ဇင် | ဦးမောင်မောင်ဝင်းမြင့် | အထက(၂) | ကမာရွတ် | ရန်ကုန် |
| ၅၁ | ရက-၁၂၇ | မောင်ထက်ပိုင်ခ | ဦးနေမျိုးဇော် | အထက(၂) | ကမာရွတ် | ရန်ကုန် |
| ၅၂ | ရက-၁၃၃ | မစုနေခြည်မိုး | ဦးအောင်မိုး | အထက(၁) | ဒဂုံ | ရန်ကုန် |
| ၅၃ | ရက-၁၄၅ | မအိချောခင်ခင် | ဦးဝဏ္ဏငွေး | အထက(၂) | စမ်းချောင်း | ရန်ကုန် |
| ၅၄ | ရက-၁၇၂ | မဆုလတ်တွယ်တာဗိုလ် | ဦးဝင်းဗိုလ် | အထက(၂) | စမ်းချောင်း | ရန်ကုန် |
| ၅၅ | ရက-၁၇၃ | မသင်းနုစံ | ဦးညီညီထွေး | အထက(၂) | ဒဂုံ | ရန်ကုန် |
| ၅၆ | ရက-၁၈၄ | မဖြိုးသီဂီကျော် | ဦးအောင်ဇင်ဦး | အထက(၂) | စမ်းချောင်း | ရန်ကုန် |
| ၅၇ | ရက-၁၈၇ | မောင်ပြည့်ဖြိုးအောင် | ဦးကျော်မြင့် | အလက(၁) | ဒဂုံတောင် | ရန်ကုန် |
| ၅၈ | ရက-၁၈၈ | မမေမြတ်ဘုန်း | ဦးဇေယျာမင်း | အထက(၁) | ဒဂုံ | ရန်ကုန် |
| ၅၉ | ရက-၁၉၁ | မနိုင်စုမွန်သိန်း | ဦးမောင်သိန်း | အထက(၂) | လသာ | ရန်ကုန် |
| ၆၀ | ရက-၂၀၆ | မောင်အောင်မြင်မြင့်မြတ် | ဦးကျော်စိန်ဝင်း | အထက(၃) | တောင်ဥက္ကလာပ | ရန်ကုန် |
| ၆၁ | ရက-၂၀၉ | မောင်လင်းနိုင်ထွန်း | ဦးထွန်းမြင့် | အထက(၅) | တာမွေ | ရန်ကုန် |
| ၆၂ | ရက-၂၁၇ | မောင်ဝေလင်းထွန်း | ဦးကျော်မင်းထွန်း | အောင်အကယ်ဒမီ(ကပက) | ရန်ကင်း | ရန်ကုန် |
| ၆၃ | ရက-၂၃၅ | မောင်ကောင်းဉာဏ်လင်း | ဦးကျော်အောင် | တီတီစီ | ကမာရွတ် | ရန်ကုန် |
| ၆၄ | ရက-၂၄၄ | မောင်ထင်လင်းကောင်း | ဦးရဲထွန်း | အထက(၅) | တာမွေ | ရန်ကုန် |
| ၆၅ | ရက-၂၄၇ | မောင်ကောင်းခန့်သော် | ဦးသိန်းဝင်း | အထက(၅) | တာမွေ | ရန်ကုန် |
| ၆၆ | ရက-၂၅၁ | မောင်အေးဇေယျမင်း | ဦးဝင်းမြင့် | Unique(ကပက) | လှိုင် | ရန်ကုန် |
| ၆၇ | ရက-၂၆၀ | မောင်ပြည့်စုံဟိန်း | ဦးသောင်းထွတ်ရှိန် | အလက(၁) | ဒဂုံ | ရန်ကုန် |
| ၆၈ | ရက-၂၆၁ | မဆုလှဲ့ယဉ်ဝင်း | ဦးကြီးမြတ် | အထက(၁) | ဒဂုံ | ရန်ကုန် |
| ၆၉ | ရက-၂၈၃ | မောင်ဘုန်းထိုက်လင်း | ဦးမြင့်သိန်း | တီတီစီ | ကမာရွတ် | ရန်ကုန် |
| ၇၀ | ရက-၂၈၈ | မောင်အောင်ညီဖြိုး | ဦးညီညီကျော် | တီတီစီ | ကမာရွတ် | ရန်ကုန် |
| ၇၁ | ရက-၂၉၁ | မောင်ခန့်ဇေယျာထွန်း | ဦးဇော်ထွန်းဝင်း | အထက(၁) | ဒဂုံ | ရန်ကုန် |
| ၇၂ | ရက-၃၀၄ | မောင်ဘုန်းနိုင်အောင် | ဦးနေအောင် | အထက(၂) | ကမာရွတ် | ရန်ကုန် |
| ၇၃ | ရက-၃၀၅ | မောင်မင်းဟိန်းကျော် | ဦးတင်သိန်း | အထက(၂) | ကမာရွတ် | ရန်ကုန် |
| ၇၄ | ရက-၃၂၄ | မအေးသီရိဦး | ဦးတင်ဦး | အလက(၁) | ဒဂုံ | ရန်ကုန် |
| ၇၅ | ရက-၃၂၇ | မောင်ရန်နိုင်ကျော်ဝင်း | ဦးကျော်ဝင်း | မဟာမြကျွန်းသာ(ကပက) | မရမ်းကုန်း | ရန်ကုန် |
| ၇၆ | ရက-၃၂၈ | မအေးမွန်မြင့် | ဦးခင်မောင်ထွန်း | အထက(၁) | ဒဂုံ | ရန်ကုန် |
| ၇၇ | ရက-၃၂၉ | မလင်းမာမောင် | ဦးထွန်းမြင့်လင်း | အထက(၁) | ဒဂုံ | ရန်ကုန် |
| ၇၈ | ရက-၃၅၆ | မဝင်းလဲ့ရတီလင်း | ဦးနေယုလင်း | ALBA(ကပက) | စမ်းချောင်း | ရန်ကုန် |
| ၇၉ | ရက-၃၆၅ | မနှင်းဦးဝေ | ဦးအောင်ကျော်လတ် | အထက(၂) | လသာ | ရန်ကုန် |
| ၈၀ | ရက-၃၈၃ | မောင်ဘုန်းမင်းသန့် | ဦးသန်းထိုက်ဦး | အထက(၂) | ကမာရွတ် | ရန်ကုန် |
| ၈၁ | ရက-၄၀၂ | မဝိရတီ | ဦးတင်အောင်ညွန့် | တီတီစီ | ကမာရွတ် | ရန်ကုန် |
| ၈၂ | ရက-၄၀၃ | မောင်ကောင်းမြတ်မျိုးလတ် | ဦးမျိုးလတ် | အထက(၄) | အလုံ | ရန်ကုန် |
| ၈၃ | ရက-၄၀၈ | မချမ်းပြည့်ပြည့်သော် | ဦးညီညီအောင် | အထက(၁) | ဒဂုံ | ရန်ကုန် |
| ၈၄ | ရှ(တ)-၂၈ | မခွန်းဆင့်ရွှေရည် | ဦးဆန်းဟိန်း | အထက(၃)တောင်ကြီး | တောင်ကြီး | ရှမ်း(တ) |
| ၈၅ | ဧရာ-၁၅ | မမေစွမ်းဆင့်ရည် | ဦးဇော်ဝင်းရှိန် | အထက-မြန်အောင် | မြန်အောင် | ဧရာဝတီ |
| ၈၆ | နပတ-၁၅ | မဝတ်ရည်အောင် | ဦးအိမ်ချို | CAE (ကပက) | ဥတ္တရသီရိ | နေပြည်တော် |
| ၈၇ | နပတ-၂၄ | မောင်ခန့်စည်သူ | ဦးသန့်စင် | အထက(၂) | ပျဉ်းမနား | နေပြည်တော် |
| ၈၈ | နပတ-၄၂ | မမေသန်းဆုအောင် | ဦးတင်ထွန်းအောင် | အထက(၅) | ဇမ္ဗူသီရိ | နေပြည်တော် |

## ၂၀၁၈ ခုနှစ် အာဆီယံပညာသင်ဆုကြေညာချက်

၁။ အာဆီယံပညာသင်ဆု ပဏာမရေးဖြေအောင်မြင်သူများသည် ၂၈-၅-၂၀၁၇ ရက်မှ ၃၀-၅-၂၀၁၇ ရက်အတွင်း ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ အဆောင်(၃)၊ သထုံလမ်း၊ အဆင့်မြင့်ပညာဦးစီးဌာနဝင်း၊ ကမာရွတ်၊ ရန်ကုန်သို့ ကိုယ်တိုင်လာရောက်၍ အာဆီယံပညာသင်ဆု လျှောက်လွှာပုံစံများကို ဖြည့်သွင်းရမည်ဖြစ်ပါသည်။

၂။ လျှောက်လွှာဖြည့်သွင်းရန် လာရောက်သည့်အချိန်တွင် အောက်ပါလိုအပ်သော အထောက်အထားများ ယူဆောင် လာရပါမည်-

(၁) မွေးစာရင်းမူရင်း၊ မိတ္တူနှင့် အင်္ဂလိပ်ဘာသာပြန် မူရင်း(နိုတြီ)

(၂) မှတ်ပုံတင်မူရင်း၊ မိတ္တူနှင့် အင်္ဂလိပ်ဘာသာပြန် မူရင်း(နိုတြီ)

(၃) လွန်ခဲ့သောစာသင်နှစ်(၂)နှစ်က အောင်မြင်ခဲ့သော ဘာသာရပ်အလိုက် အမှတ်စာရင်း(CPR)မူရင်း၊ မိတ္တူနှင့် အင်္ဂလိပ်ဘာသာပြန်မူရင်း (နိုတြီ) (ကျောင်းတံဆိပ်၊ ကျောင်းအုပ်ကြီးတံဆိပ် အပြည့်အစုံပါရှိရန်)

(၄) မိဘ/အုပ်ထိန်းသူ၊ မောင်နှမများနှင့်ပတ်သက်သော ကိုယ်ရေးအကြောင်းအရာများ (အမည်၊ မွေးသက္ကရာဇ်၊ မှတ်ပုံတင်နံပါတ်၊ အလုပ်အကိုင်၊ ကျောင်း)

(၅) လွန်ခဲ့သော စာသင်နှစ်(၂)နှစ်က Outstanding Academic Achievements (Scholarships, awards, book-prizes, etc), Co-Curricular Activities(Sports, games, scout/guide/cadet groups, clubs, societies, etc)တို့၏ မူရင်းနှင့်မိတ္တူများ

၃။ လျှောက်လွှာဖြည့်သွင်းသူသည် (35 mm x 45 mm)ရှိ လိုင်စင်ဓာတ်ပုံ(၂)ပုံ ယူဆောင်လာရမည်။

၄။ လျှောက်လွှာဖြည့်သွင်းသူသည် မိဘ/အုပ်ထိန်းသူ (၁)ဦးနှင့်အတူ လာရောက်ရမည်။

၅။ စင်ကာပူသံရုံးမှ ကျင်းပမည့် Selection Test နှင့်စပ်လျဉ်း၍ သိလိုသည့်အချက်ကို စင်ကာပူသံရုံးသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**(ပညာရေး)**

**အ ခွင့် အ လမ်း ဖွေ ရှာ ဘ ၀ အ တွက် တာ**

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူစွမ်းအားအရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့် ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အပတ်စဉ်တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

# ပြည်ပတွင် လုံခြုံစိတ်ချစွာ အလုပ်လုပ်နိုင်ရေး အလုပ်အကိုင်အေဂျင်စီများ၏ ဆောင်ရွက်မှုက အလွန်အရေးပါ

## သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး

မြန်မာနိုင်ငံတွင် ၁၉၈၈ခုနှစ်မှစတင်ကာ မြန်မာနိုင်ငံ၏ စီးပွားရေးအခြေအနေများ၊ လူမှုရေးအခြေအနေများနှင့် နိုင်ငံရေးအခြေအနေများကြောင့် ပြည်ပနိုင်ငံများ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်မှု၊ ပြည်ပတွင် ရွှေ့ပြောင်းသွားလာမှု စတင်ခဲ့သည်။

ထိုကဲ့သို့ ရွှေ့ပြောင်းသွားလာမှုများနှင့်အတူ သွားလာခွင့်၊ နေထိုင်ခွင့်၊ အလုပ်လုပ်ခွင့်ရရှိရေးအတွက် အကျိုးဆောင်ပေးသည့် ပွဲစားများ၏ ခေါင်းပုံဖြတ်မှုများ၊ လူကုန်ကူးမှုများ၊ မတရားခိုင်းစေမှုများနှင့် လိမ်လည်မှုများကိုလည်း ခံစားကြရဖူးသည်။

နိုင်ငံတော်အစိုးရသည် ထိုကဲ့သို့ ပွဲစားများ၏ဒဏ်ကြောင့် ပြည်ပသို့ ထွက်ခွာလိုသည့် ပြည်သူများလုံခြုံစိတ်ချဘေးကင်းစွာ ရွှေ့ပြောင်းသွားလာနိုင်ရေးအတွက် ၁၉၉၉ခုနှစ်တွင် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေကို ရေးဆွဲပြဋ္ဌာန်းခဲ့ပြီး ထိုဥပဒေမှတစ်ဆင့် လိုင်စင်ရအေဂျင်စီများကို လုပ်ကိုင်ခွင့်ပြုခဲ့ပြီး ပြည်ပနိုင်ငံအသီးသီးသို့ အလုပ်သမားများကို တရားဝင် စေလွှတ်ခဲ့သည်။

ပြည်ပနိုင်ငံများတွင် မြန်မာအလုပ်သမားများအနေဖြင့် ကောင်းမွန်မှန်ကန်သည့် အလုပ်အကိုင် ရရှိရေးဟာ ပြည်ပအလုပ်အကိုင်လိုင်စင်ရအေဂျင်စီများရဲ့ အဓိကကျသော အခန်းကဏ္ဍတစ်ရပ် ဖြစ်သည့်အပြင် အလုပ်သမားများ ဘေးအန္တရာယ်ကင်းရှင်းစေခြင်းနှင့်မှန်ကန်သည့် အလုပ်အကိုင်ကောင်းများဖြစ်ရေးတို့ကိုလည်း အေဂျင်စီများက ဆောင်ရွက်ပေးကြရသည်။

လက်ရှိအချိန်တွင် ရွှေ့ပြောင်းသွားလာခြင်းလုပ်ငန်းစဉ်တွင် သွားရောက်အလုပ်လုပ်ကိုင်သောနိုင်ငံများရောက် ရွှေ့ပြောင်းအလုပ်သမားများအား ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း၊ အကြမ်းဖက်ခြင်းများနှင့် အတင်းအဓမ္မ ခိုင်းစေခြင်းတို့ ရှိနေသည့်အတွက် ယင်းသို့မဖြစ်ပေါ်စေရေးကို ကာကွယ်ပေးနိုင်ရန် အလုပ်သမား စုဆောင်းခြင်း လုပ်ငန်းနှင့်စပ်လျဉ်း၍ လိုအပ်သည့် ကျင့်ဝတ်စည်းမျဉ်းများ ချမှတ်ကာ အဆိုပါကျင့်ဝတ်များနှင့်အညီ အလုပ်သမားစုဆောင်း ပို့ဆောင်မှုလုပ်ငန်းများကို ထိန်းကျောင်းလုပ်ဆောင်ပေးရန် လိုအပ်လာခဲ့ကြောင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ပြောကြားသည်။

ထို့ကြောင့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများ၏ ကျင့်ဝတ်များနှင့် လုပ်ငန်းကျွမ်းကျင်မှုပိုင်းဆိုင်ရာများ မြှင့်တင်ရန်၊ ယင်းအေဂျင်စီများ၏ ဝန်ဆောင်မှုအရည်အသွေးစံနှုန်းသတ်မှတ်ရန်နှင့် ရွှေ့ပြောင်းသွားလာခြင်းလုပ်ငန်းစဉ်အတွင်း ရွှေ့ပြောင်းအလုပ်သမား၏ အခွင့်အရေးကို သေချာစွာ ကာကွယ်နိုင်ရန်၊ ပြည်ပအလုပ်အကိုင် လုပ်ငန်းကဏ္ဍစံနှုန်းများ ဖွံ့ဖြိုးလာစေရန်အတွက် အခြားပါဝင်သည့်အဖွဲ့အစည်း ပုဂ္ဂိုလ်များနှင့်အပြန်အလှန် ပံ့ပိုးကူညီပြီး ရင်းနှီးသော ဆက်ဆံရေးတည်ဆောက်ရန်တို့ကို ရည်ရွယ်ကာ ဝန်ကြီးဌာနနှင့် အိုင်အယ်လ်အိုအဖွဲ့တို့ အကူအညီဖြင့် ပြည်ပအလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရအေဂျင်စီများ လိုက်နာရန်ကျင့်ဝတ် Code of Conduct ကို ရေးဆွဲပြုစုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အာဆီယံဒေသတွင်းမှာ ILO၏ ပံ့ပိုးမှုနှင့် ဆောင်ရွက်နေသည့် Code of Conduct လေးစားလိုက်နာခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းစနစ်ကို ဗီယက်နမ်နိုင်ငံ၌ စတင်အကောင်အထည်ဖော်ခဲ့ပြီး အလုပ်သမား စေလွှတ်သည့်အေဂျင်စီများအနေဖြင့် အမှတ်ကောင်းများရရှိကာ အောင်မြင်မှုရရှိနေပြီး ယခု ဒုတိယနိုင်ငံအဖြစ် မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ခြင်းလည်း ဖြစ်သည်။

Code of Conduct (မူကြမ်း) မိတ်ဆက်ခြင်းကို နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် လေးကြိမ်တိုင် ကျင်းပခဲ့ပြီး တစ်ကြိမ်လျှင် လိုင်စင်ရအေဂျင်စီ ၅၀ ခန့်ကို ဖိတ်ကြားကာ ရှင်းလင်းခဲ့သဖြင့် ၂၀၁၆ ဩဂုတ်တွင် ကျင်းပခဲ့ရာ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီ ၉၃ ခုမှ လက်မှတ် ရေးထိုးခဲ့ခြင်းဖြစ်သည့်အတွက် ယနေ့ ဆွေးနွေးပွဲကိုလည်း လက်မှတ်ရေးထိုးထားသည့် အေဂျင်စီများကို ဖိတ်ကြား ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

Code of conduct အသက်ဝင်လာပါက မြန်မာနိုင်ငံရှိ ပြည်ပသို့ အလုပ်သမားများ စေလွှတ်သည့်အေဂျင်စီများအနေဖြင့် ပြည်ပသို့ အလုပ်သမားစေလွှတ်သည့် နိုင်ငံများအလယ်တွင် ဂုဏ်သိက္ခာကောင်းဖြင့် ရပ်တည်နိုင်မှာဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

ယုံကြည်အားထားရပြီး ပွင့်လင်းမြင်သာမှုရှိသော လုံခြုံစိတ်ချရသည့်ရွှေ့ပြောင်းသွားလာမှု စီမံခန့်ခွဲမှု ဖြစ်စေရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးဦးသုံးဖလှယ် ပူပေါင်းဆောင်ရွက်မှသာ အောင်မြင်မှာဖြစ်ပြီး ဝန်ကြီးဌာနအနေဖြင့် လိုအပ်တာတွေကို ပံ့ပိုးကူညီသွားမှာဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

"မိမိတို့ဝန်ကြီးဌာနအနေနဲ့ ပြည်ပနိုင်ငံတွေကို သွားရောက်အလုပ်လုပ်ကိုင်နေကြတဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေကို ကာကွယ်စောင့်ရှောက်မှုတွေ ထိရောက်စွာပေးနိုင်ဖို့ နှစ်နိုင်ငံနားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး ဆောင်ရွက်လျက်ရှိရာမှာ ဂျပန်နိုင်ငံနဲ့ နည်းပညာ အလုပ်သင် သင်တန်းသား လေ့ကျင့်ရေးအစီအစဉ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး စာချွန်လွှာ MoC ကို လက်မှတ်ထိုးနိုင်ဖို့ ကြိုးပမ်းလျက်ရှိပါတယ်။ အလားတူ မြန်မာအလုပ်သမားတွေ ပြည်ပသွားရောက်အလုပ်လုပ်ကိုင်ခြင်း လုပ်ငန်းစဉ်တွေမှာ လုံခြုံစိတ်ချရတဲ့ ရွှေ့ပြောင်းသွားလာမှုအတွက် ကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေ ပေးနိုင်ဖို့၊ လူ့ဂုဏ်သိက္ခာနဲ့အညီ ဝန်ဆောင်မှုလုပ်ငန်းတွေ တိုးတက်ဆောင်ရွက်ပေးနိုင်ဖို့နဲ့ ကောင်းမွန်တဲ့ လုပ်ထုံးလုပ်နည်းတွေနဲ့ လုပ်ဆောင်နိုင်ဖို့အတွက် အေဂျင်စီတွေကလည်း အလေးထားကြိုးစားအားထုတ်ဆောင်ရွက်ရန်လိုအပ်ပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

ဂျပန်နိုင်ငံ၏ ဥပဒေသစ်အရ အလုပ်သမားခေါ်ယူသည့် လုပ်ငန်းစဉ်များစွာ ပြောင်းလဲမှုမရှိသော်လည်း စနစ်သစ်တွင် လိုင်စင်ရရှိပြီးသည့် ကြီးကြပ်သော အဖွဲ့အစည်းများကသာ အလုပ်သမားခေါ်ယူခွင့်ရှိမည် ဖြစ်သည်။

၂၀၀၃ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော နားလည်မှုစာချွန်လွှာအရ မြန်မာ-ထိုင်းနှစ်နိုင်ငံ အလုပ်သမားရေးရာ အစည်းအဝေးများနှင့် မြန်မာ-ထိုင်း နှစ်နိုင်ငံ အလုပ်သမားရေးရာ ကျွမ်းကျင်သူများအစည်းအဝေးများကို နှစ်နိုင်ငံ တစ်လှည့်စီ ကျင်းပလျက်ရှိရာ ဇွန်လ နောက်ဆုံးပတ်တွင် မြန်မာ - ထိုင်း နှစ်နိုင်ငံ အလုပ်သမားရေးရာ ကျွမ်းကျင်သူများအစည်းအဝေး ကျင်းပသွားရန်ရှိသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် ILO နှင့် ပူးပေါင်း၍ ပြည်ပအလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရအေဂျင်စီများ လိုက်နာရန်ကျင့်ဝတ် Code




of Conduct နှင့်စပ်လျဉ်း၍ စောင့်ကြည့်စစ်ဆေးရေးဆိုင်ရာ ယန္တရားအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲကို မေ ၂၆ ရက်က ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း) တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်နှင့် ILO မှ Chief Technical Advisor ဖြစ်သူ Ms. Jacqeline Pollock တို့မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး ILO ရန်ကုန်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ Code of Conduct လက်မှတ်ရေးထိုးထားသော ပြည်ပအလုပ်အကိုင်အကျိုးဆောင် လိုင်စင်ရအေဂျင်စီများမှ ကိုယ်စားလှယ်များ၊ စုစုပေါင်း ၅၀ ခန့် တက်ရောက်ခဲ့ကြပြီး မေ ၂၇ ရက်တွင်လည်း ကျန်ရှိနေသည့် အေဂျင်စီများနှင့် ဆက်လက်၍ ပြည်ပအလုပ်အကိုင် အကျိုးဆောင် လိုင်စင်ရအေဂျင်စီများ လိုက်နာရန်ကျင့်ဝတ် Code of Conduct ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စောင့်ကြည့် စစ်ဆေးမှုဆိုင်ရာ ယန္တရား Monitoring Mechanism of the Code of Conduct ကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

"ဒီကျင့်ဝတ်ကို ILO နဲ့ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ရဲ့ နည်းပညာအကူအညီနဲ့ MOEAF မှရေးဆွဲထားခဲ့ခြင်းဖြစ်ပါတယ်။ ကျင့်ဝတ်ကို နှစ်နှစ်နီးပါးမျှကြာအောင် ရေးဆွဲထားခဲ့ခြင်းဖြစ်ပြီး စိန်ခေါ်မှုတွေလည်း ရှိခဲ့ပါတယ်။ ထိုအချိန်တွေကို အကောင်းဆုံး အသုံးချခဲ့ပြီးဖြစ်သလို အလွန်ပြီးပြည့်စုံပြီး ကောင်းမွန်တဲ့ ကျင့်ဝတ်တစ်ခုကို ရရှိလာပြီ ဖြစ်ပါတယ်။ ဒီကျင့်ဝတ်ကို ကောင်းမွန်စွာကျင့်သုံးပြီး စောင့်ကြည့်အကဲဖြတ်ခြင်းကို သေချာဆောင်ရွက်ပါက ဒေသအတွင်းမှာစံနမူနာယူစရာ ကျင့်ဝတ်တစ်ခု ဖြစ်လာမည်မှာ သေချာပါတယ်။ ဒါ့အပြင် ကောင်းမွန်စွာ ကျင့်သုံးပါက လုပ်သားစုဆောင်းမှု လုပ်ငန်းစဉ်များ ပိုမိုတိုးတက်ကောင်းမွန်လာစေခြင်း၊ (ငွေပိုကောက်ခံခြင်း၊ အေဂျင်စီအား ယုံကြည်ရမည် မရမည်ကို မသိခြင်း၊ သွားစရာ အလုပ်မရှိဘဲ နယ်စပ်ဒေသတွင် သောင်တင်နေခြင်း၊ ဘေးဒုက္ခကပ်များ ဖြစ်ပေါ်နေသည့်အခါတွင် ပစ်ပယ်ခံထားရခြင်း၊ ပြည်ပမထွက်ခွာမီ ပြည့်စုံမှန်ကန်သော သတင်းအချက်အလက်များ မရရှိခြင်းများ အပါအဝင်) လတ်တလော ရွှေ့ပြောင်းလုပ်သားတွေ ရင်ဆိုင်နေရတဲ့ အခက်အခဲတွေနဲ့ အန္တရာယ်တွေကို လျော့ကျလာစေမှာ ဖြစ်ပါတယ်။ ထိုဘေးအန္တရာယ်တွေ လျော့ကျလာပါက ရွှေ့ပြောင်းအလုပ်သမားတွေအတွက် ငွေကြေးအပြင် ကျွမ်းကျင်မှုအသစ်တွေနဲ့ အကြံဉာဏ်အသစ်တွေ လေ့လာရခြင်းစသော လူမှုရေး ခံစားမှုတွေပါ ရရှိလာနိုင်သောကြောင့် ပိုမိုအကျိုးဖြစ်ထွန်းတဲ့ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အတွေ့အကြုံတွေကို ရလဒ်အနေနဲ့ ရရှိလာမှာ ဖြစ်ပါတယ်။ ကျင့်ဝတ်ကို လေးစားလိုက်နာပါက အေဂျင်စီရဲ့ဂုဏ်သတင်းမှာလည်း တိုးမြှင့်သွားမှာဖြစ်ပြီး ထိုအရာက စီးပွားရေးလုပ်ငန်းတွေလုပ်ဆောင်ရန် ပိုမိုလွယ်ကူစေခြင်း၊ ဈေးကွက်သစ်တွေ ရှာဖွေ လာနိုင်စေခြင်းနဲ့ အငြင်းပွားမှုတွေ ရင်ဆိုင်ရခြင်းတို့ကိုပါ လျော့ချလာနိုင်မှာ ဖြစ်ပါတယ်" ဟု ILO မှ Chief Technical Advisor ဖြစ်သူ Ms. Jacqeline Pollock က ပြောကြားသည်။

ထိုအကျိုးဖြစ်ထွန်းမှုများသည် ရွှေ့ပြောင်းလုပ်သားများနှင့် အေဂျင်စီများအတွက် အကန့်အသတ်မရှိ ဖြစ်ပေါ်စေရုံသာမက နိုင်ငံအတွက်လည်း တိုးမြှင့်အကျိုးဖြစ်ထွန်းစေကြောင်း၊ မြန်မာနိုင်ငံတွင် ယုံကြည်စိတ်ချရသည့် လုပ်သားစုဆောင်းမှု လုပ်ငန်းစဉ်များရှိကြောင်းကို သိရှိလာပါက လုပ်သားဈေးကွက်အသစ်များလည်း ရရှိလာမည်ဖြစ်ကြောင်း၊ အလုပ်သမားလက်ခံနိုင်ငံများနှင့် ကုမ္ပဏီများကလည်း ခြစားမှုများ သို့မဟုတ်ခေါင်းပုံဖြတ်မှုစနစ်များတွင် ပါဝင်ပတ်သက်ခြင်း မရှိစေရန် သေချာစွာ ဆောင်ရွက်လာကြမည်ဖြစ်ပြီး ယင်းတို့အနေဖြင့် စီးပွားရေးပိုမိုလုပ်ဆောင်ရန် ဆန္ဒရှိလာရုံမျှမက ညှိနှိုင်းဆောင်ရွက်မှုများပါ ပိုမိုလမ်းဖွင့်ပေးလာမည်ဖြစ်ကြောင်း၊ ထိုအရာများက အစိုးရနှင့်အေဂျင်စီများအနေဖြင့် ရွှေ့ပြောင်းအလုပ်သမားများအတွက် စည်းရုံးလှုံ့ဆော်မှုများ ပိုမိုဆောင်ရွက်ပေးလာနိုင်ခြင်း၊ ကျွမ်းကျင်မှုများနှင့် လုပ်ဆောင်နိုင်မှုစွမ်းရည်များကို မြှင့်တင်လာနိုင်ခြင်းနှင့် ရွှေ့ပြောင်းအလုပ်သမားများအတွက် လုပ်ခ၊ လုပ်ငန်းခွင်နှင့် နေထိုင်မှုအခြေအနေများနှင့် လွယ်ကူစွာသွားလာခွင့်နှင့် အလုပ်ရှင်ပြောင်းလဲခွင့်များစသော အကောင်းဆုံး အခြေအနေများအတွက်ပါ ညှိနှိုင်းမှုများ ပြုလုပ်ပေးနိုင်လာမှာဖြစ်ကြောင်း Ms. Jacqeline Pollock က ပြောကြားသည်။

"ကျွန်မတို့က ထိုခရီးစဉ်ရဲ့ ဒုတိယအဆင့်ကို တက်လှမ်းရမှာ ဖြစ်ပါတယ်။ ကျင့်ဝတ်ကို မည်သို့ အကောင်းဆုံး လိုက်နာဆောင်ရွက်ခဲ့သည်ကို စိစစ်အကဲဖြတ်ဖို့ဖြစ်ပါတယ်။ လက်မှတ်ရေးထိုးခြင်းက အရိုးရှင်းဆုံးဆောင်ရွက်ချက်တစ်ခုသာဖြစ်ပါတယ်။ လိုက်နာဆောင်ရွက်ခြင်းကတော့ စိန်ခေါ်မှုပိုများတဲ့ ဆောင်ရွက်ချက်တစ်ခုဖြစ်ပြီး စိစစ်အကဲဖြတ်ခြင်းမှာလည်း ကိုယ်ပိုင်စိန်ခေါ်မှုတွေ ပါဝင်နေပါတယ်။ ယနေ့ ကျွန်မတို့အနေနဲ့ ကျင့်ဝတ်ထဲမှာ ရေးသားထားပြီးဖြစ်တဲ့ စိစစ်အကဲဖြတ်ခြင်း ယန္တရားကို ဘယ်လိုစတင်လုပ်ဆောင်ကြမလဲဆိုတာကို ဆွေးနွေးသွားကြမှာဖြစ်ပါတယ်။ ယန္တရားရဲ့တစ်စိတ်တစ်ပိုင်းကတော့ ကိုယ်တိုင် အကဲဖြတ်သုံးသပ်ခြင်းဖြစ်ပြီး ယနေ့ ကျွန်မတို့အနေနဲ့ တက်ရောက်လာသူတွေကို ကိုယ်တိုင်အကဲဖြတ်သုံးသပ်ခြင်းကို အစမ်းပြုလုပ်စေမှာဖြစ်ပြီး သင်တို့အနေနဲ့ ကြယ်ဘယ်နှစ်ပွင့်ရမလဲဆိုတာကို လေ့လာကြည့်ကြမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ယန္တရားထဲမှာ ကြီးကြပ်ဆောင်ရွက်မှုတွေ လုပ်ဆောင်ဖို့နဲ့ အမှတ်ပေး အဆင့်သတ်မှတ်ပေးဖို့ ကော်မတီတစ်ရပ်ဖွဲ့စည်းရမယ်လို့ ပါဝင်ပါတယ်။ ယနေ့ ကျွန်မတို့ ကော်မတီတစ်ရပ်ဖွဲ့ခြင်းနဲ့ ၎င်းရဲ့လုပ်ပိုင်ခွင့်နဲ့ တာဝန်တွေကို သဘောတူကြရမှာ ဖြစ်ပါတယ်။ ဒါမှသာ ၎င်းတို့အနေနဲ့ စိစစ်အကဲဖြတ်ခြင်းကို အမြန်ဆုံးစတင်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်" ဟု Ms. Jacqeline Pollock ပြောပြသည်။

ကျင့်ဝတ်ကို အေဂျင်စီများ ပထမဆုံး လက်မှတ်ရေးထိုးခဲ့သည်မှာ ယမန်နှစ် ဩဂုတ်လက ဖြစ်ပြီး ယခုဆိုလျှင် ၁၀ လ ကြာမြင့်ခဲ့ပြီး ဖြစ်သည်။ လက်မှတ်ရေးထိုးသည့် တစ်နှစ်ပြည့်မြောက်သော ဩဂုတ်လ ၁၅ ရက်နေ့တွင် ပထမဆုံး အသုတ်ကို အကဲဖြတ်အဆင့် သတ်မှတ်ပေးနိုင်ရန်မျှော်လင့်ပါကြောင်း Ms. Jacqeline Pollock က ပြောကြားသည်။

ယခုဆွေးနွေးပွဲတွင် Code of Conduct လေးစားလိုက်နာခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းစနစ်မှာ အမှတ်ပေး အဆင့်သတ်မှတ်မှုနဲ့ပတ်သတ်ပြီး လုပ်ဆောင်ချက် သတ်မှတ်ချက်စံနှုန်းများကို တက်ရောက်လာကြသည့် အေဂျင်စီများနှင့် ကနဦးနမူနာအဖြစ် ဆောင်ရွက်ကြမှာဖြစ်ပြီး ကျင့်ဝတ်လိုက်နာခြင်းနှင့် ကြီးကြပ်စစ်ဆေးရေးကော်မတီ ဖွဲ့စည်းရန်အတွက် ကိုယ်စားလှယ်ရွေးချယ်ခြင်းနှင့် အမည်စာရင်းတင်သွင်းခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။








ကလေး
အတွေး







# မြန်မာသဒ္ဒါသင်ကြားရေး (၇)

မောင်ခင်မင်(ဓနုဖြူ)

"နာမ်ကို ဘယ်လိုသတ်မှတ်နိုင်သေးသလဲဆရာ"

"ဝါကျထဲမှာ သူ့ရှေ့ကဖြစ်ဖြစ် သူ့နောက်ကဖြစ်ဖြစ် လိုက်နိုင်တဲ့ စကားလုံးတွေကို ရည်ညွှန်းပြီးတော့ သတ်မှတ်တာမျိုးလည်းရှိတယ်။ ဆိုပါတော့။ 'နာမ်ဆိုသည်မှာ 'ဤ' ၊ 'ထို' ဟူသော အညွှန်းစကားတို့၏ နောက်ကလိုက်နိုင်သောစကားလုံး ဖြစ်သည်' လို့ သတ်မှတ်တာမျိုးပေါ့"

"ရှင်းပြပါဦးဆရာ"

" 'ဤ' နဲ့ 'ထို' နောက်မှာလိုက်နိုင်တဲ့ စကားလုံးတွေ စဉ်းစားကြည့်လေ။ 'ဤအိမ်၊ ထိုကျောင်း၊ ဤကိစ္စ၊ ထိုအဖြစ်' ဆိုတာတွေကြည့်ရင် နောက်ကလိုက်တဲ့ 'အိမ်၊ ကျောင်း၊ ကိစ္စ၊ အဖြစ်' ဆိုတာတွေက နာမ်တွေပဲမဟုတ်လား"

"သြော်...ဟုတ်ပါတယ်ဆရာ"

"ကြိယာတွေ လိုက်ကြည့်လေ။ လိုက်လို့ရသလားလို့၊ 'ဤစား၊ ထိုသောက်' ဆိုတာမျိုးသုံးလို့မှမရတာ"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုပဲ၊ နာမ်ဆိုတာနောက်က 'များ'၊ 'တို့'၊ 'တွေ' ဆိုတဲ့ အများပြ စကားလုံးတွေလိုက်နိုင်တဲ့စကားလုံးလို့လည်း သတ်မှတ်လို့ရတာပေါ့"

"လူများ၊ လူတို့၊ စာအုပ်များ၊ စာအုပ်တို့၊ 'ခွေးတွေ'၊ 'ကြောင်တွေ' ဆိုပြီး လိုက်နိုင်တယ်။ 'ကစားများ၊ သောက်တွေ၊ အိပ်တို့ 'ဆိုတာမျိုး သုံးလို့မရဘူး။ ဟုတ်တယ်နော်"

"နာမ်ဆိုတာ ဝါကျထဲမှာ ကတ္တားအဖြစ် သုံးနိုင်တဲ့ စကားလုံးဖြစ်တယ်ဆိုတာမျိုး သတ်မှတ်တာမျိုးလည်းရှိတယ်။ ဒီလောက်ဆိုရင် သဘောပေါက်ရောပေါ့"

"ဟုတ်ကဲ့၊ နားလည်ပါပြီဆရာ"

"အင်္ဂလိပ်သဒ္ဒါမှာလည်း ဝါစင်္ဂရှစ်ပါးခွဲတာကို ဝေဖန်သုံးသပ်ပြီး အားနည်းချက်တွေကိုထောက်ပြကြတယ်။ ကြိယာဝိသေသနဆိုတဲ့ ဝါစင်္ဂထဲမှာပါတဲ့ စကားလုံးတွေက ကျယ်လွန်းပြီး သဘာဝချင်းမတူတာတွေ စုထားတာမျိုးဖြစ်နေတယ်။ ဘယ်လိုတောင် ပြောသလဲဆိုရင် ကြိယာဝိသေသနဆိုတာ တခြားဝါစင်္ဂတွေထဲ ထည့်လို့မရတဲ့ ပြုတ်စဗျင်းတောင်း စကားလုံးတွေကို စုပြုံထည့်ထားတဲ့ အမှိုက်ပုံးဖြစ်နေတယ်...တဲ့"

"သြော်"

"မြန်မာသဒ္ဒါတွေလည်း အင်္ဂလိပ်သဒ္ဒါပုံစံနဲ့ရေးတာဆိုတော့ ကြိယာဝိသေသနလို့ သတ်မှတ်ထားတဲ့စကားလုံးတွေကြည့်ရင် မျိုးစုံပါနေတယ်။ နမူနာနည်းနည်းပြမယ်။ 'နက်ဖန်၊ ဟိုမှာ၊ အဘယ်ကိုမျှ၊ လေးလေးပင်ပင်၊ ကောင်းမြတ်စွာ၊ ဤမျှမက၊ တစ်ကောင်စီ၊ ဘယ်အချိန်၊ ဘယ်တော့မှ' ဆိုတဲ့ စကားလုံးမျိုးတွေအားလုံး ကြိယာဝိသေသနထဲမှာ စုထည့်ထားတယ်။ လောင်းစဒေးရဲ့ သဒ္ဒါထဲမှာ တွေ့တဲ့နမူနာတွေ ထုတ်ပြတာပါ။ ဒါကြောင့် အဲဒီကြိယာဝိသေသနလို့ ခေါ်ထားတဲ့ စကားလုံးတွေကို စိစစ်ပြီး ဝါစင်္ဂတွေ ထပ်ခွဲလို့ ရနိုင်သေးတယ်လို့ ပညာရှင်တွေက ထောက်ပြကြတယ်"

"ဟုတ်ကဲ့ပါ"

"ရှေ့က စကားကို ပြန်ကောက်ရရင် ၁၉၂၀ လောက်မှာ ကျောင်းတွေမှာ မြန်မာသဒ္ဒါသင်ကြားတဲ့ အစီအစဉ်ကို ရပ်ဆိုင်းလိုက်ပြီး ၁၉၃၀ ကျော်ကျတော့ ဆရာကြီးဦးဖိုးစိန်ရဲ့ သဒ္ဒါနဲ့စာစီစာကုံးကျမ်း ထွက်လာတာကိုကြည့်ရင် ကျောင်းတွေမှာ မြန်မာသဒ္ဒါနဲ့ စာစီစာကုံးသင်ကြားနေတယ်ဆိုတာ သိနိုင်ပါတယ်။ အဲဒီစာအုပ်ကို ကျောင်းသုံးစာအုပ်ကော်မတီက ကျောင်းတွေမှာ သင်ဖို့ထောက်ခံထားတဲ့စာလည်း စာအုပ်မှာပါတယ်"

"ဆရာ၊ ဆရာကြီးဦးလူဖေဝင်းရေးတဲ့ စာစီစာကုံးစာအုပ်လည်း ထွက်သေးတယ် ထင်ပါတယ်"

"ဟုတ်ပါတယ်။ ဆရာကြီးဦးလူဖေဝင်းက ရန်ကုန်တက္ကသိုလ်မှာ ကထိကအဖြစ် အမှုထမ်းနေတဲ့ အဲဒီကာလမှာ ရေးတာလေ။ စာအုပ်မှာ ဆရာကြီးရဲ့ ရာထူးကို 'ပါဠိမြန်မာ ကထိကဆရာ၊ ရန်ကုန်မြို့တက္ကသိုလ်ကျောင်းတိုက်' လို့ဖော်ပြထားတယ်"

"အဲဒီတုန်းက အသုံးအနှုန်းပေါ့နော် ဆရာ"

"ဟုတ်တယ်။ ဆရာကြီးက မြန်မာစာစီစာကုံးအခြေပြကျမ်းနဲ့ မြန်မာစာစီစာကုံးကျမ်းဆိုတဲ့ စာအုပ်နှစ်အုပ်ရေးတယ်။ ၁၉၃၃ ခုနှစ်က အောက်စဖို့တက္ကသိုလ်ပုံနှိပ်တိုက်မှာ ရိုက်တာလေ။ ဆရာကြီးရဲ့ကျမ်းတွေကို စာစီစာကုံးကျမ်းဆိုလို့ ခုခေတ်မှာ တွေ့ရတဲ့ စာစီစာကုံးစာအုပ်တွေလိုမျိုးလို့ ထင်စရာရှိတယ်။

> "နာမ်စားဆိုပါတော့၊ နာမ်စားဟာ နာမ်အစားသုံးတာမို့ နာမ်နဲ့ သဘောချင်းတူတယ်။ နာမ်ထဲထည့်လို့ရတယ်။ နာမ်နဲ့ကြိယာကို အထူးပြုစကားတွေ၊ အမှီစကားတွေအဖြစ်သုံးခြင်းအားဖြင့် နာမဝိသေသနတို့ ကြိယာဝိသေသနတို့နဲ့တူတဲ့ စကားလုံးတွေ ဖြစ်လာတယ်။ ဒါကြောင့် အခြေခံကနာမ်နဲ့ ကြိယာပဲ။

တကယ်တော့ ဆရာကြီးစာအုပ်တွေဟာ စာအရေးအသားကို စနစ်တကျ လမ်းညွှန်ထားတဲ့ စာအုပ်တွေပဲ။ ရှေးက စကားပြေတွေကိုလည်း တော်တော်များများ သာဓကဆောင်ထားတာမို့ အင်မတန် ကောင်းပါတယ်"

"ဟုတ်ကဲ့ပါ"

"စိတ်ဝင်စားစရာကောင်းတာက ဆရာကြီး ဦးဖိုးစိန်ရော၊ ဆရာကြီးဦးလူဖေဝင်းရော ၁၉၃၀ ကျော်မှာ သဒ္ဒါနဲ့ စာစီစာကုံး တွဲထားတဲ့ စာအုပ်တွေပြုစုထုတ်ဝေခဲ့တယ်ဆိုတဲ့ အချက်ပဲ။ စာအုပ်တွေရဲ့ ရှေ့ပိုင်းမှာ အခြေခံမြန်မာသဒ္ဒါအပိုင်းတွေပါတယ်"

"သဒ္ဒါကို အခြေခံပြီး စာစီစာကုံးသင်တာပေါ့နော် ဆရာ"

"ဟုတ်ပါတယ်။ ပြီးတော့ မြန်မာသဒ္ဒါအပိုင်းမှာ အရင် တုန်းက သဒ္ဒါတွေလို ပါဠိဝေါဟာရတွေ အများကြီးထည့်ပြီး ရေးတာမျိုး မဟုတ်ဘဲ မြန်မာလို နားလည်လွယ်အောင် ရေးထားတာ တွေ့ရတယ်"

"ဟုတ်ကဲ့၊ ဆရာကြီးဦးဖိုးစိန်ရဲ့ သဒ္ဒါက အရင်ဆရာ ပြောသလို နာမ်နဲ့ ကြိယာကို အခြေခံပြီးရေးတာ ကျွန်တော် လေ့လာဖူးပါတယ် ဆရာ"

"ဟုတ်ပါတယ်။ ဆရာကြီးက ဝါစင်္ဂရှစ်ပါးလမ်းကြောင်းကို မလိုက်ဘဲ မြန်မာစကားကို မြန်မာ့အမြင်နဲ့ စိစစ်တယ်လို့ ဆိုရမှာပေါ့။ အဲ... ဆရာကြီးဦးလူဖေဝင်းရဲ့ သဒ္ဒါကတော့ ဝါစင်္ဂရှစ်ပါးပုံစံပဲ"

"သြော်... ဟုတ်လား ဆရာ"

"ဆရာကြီးက ဝါစင်္ဂရှစ်ပါးကို မြန်မာသာဓကတွေနဲ့ ရှင်းပြထားတာ။ ထူးခြားတာက 'ကြိယာ'ကို ဆရာကြီးက ပါဠိသဒ္ဒါဆန်ဆန် 'ဘာချာတာကြိယာ' လို့ သုံးထားတယ်။ သမ္ဗန္ဓသီးခြားမပါဘူး...။ သမ္ဗန္ဓတွဲတဲ့ ကြိယာတွေကိုတော့ ကိတ်ကြိယာလုံးသုံးထားတယ်။ ပါဠိသဒ္ဒါအသုံးပေါ့ကွယ်"

"သြော်... မှတ်ထားပါ့မယ် ဆရာ"

"ဒီတော့ မြန်မာသဒ္ဒါသင်ရာမှာ အရင်ကလို ပါဠိဝေါဟာရတွေ များလွန်းလို့ အခက်အခဲတွေ့ရတာမျိုးတော့ တော်တော် လျော့နည်းသွားတယ်ပြောရမှာပေါ့..။ ဒါပေမယ့် ဝါစင်္ဂရှစ်ပါး လမ်းကြောင်းနဲ့ ပြုစုတဲ့ သဒ္ဒါတွေကိုတော့ ဆက်သင်ရတုန်းပဲ။ ဆရာငယ်ငယ်က 'မူလတန်းကျောင်းသား ဘဝဆိုတော့ လွတ်လပ်ရေးရစ၊ ၁၉၄၈ ၊ ၁၉၄၉ ခုနှစ်လောက်ကပေါ့။ ဆရာလည်း ကျောင်းမှာ မြန်မာသဒ္ဒါဝါစင်္ဂရှစ်ပါး ကျက်ခဲ့ရတာမှတ်မိနေတယ်"

" ဟုတ်ကဲ့ပါ"

"ဝါစင်္ဂရှစ်ပါးလမ်းကြောင်းကို စိစစ်သုံးသပ်ပြီး အဲဒီလမ်းကြောင်းအတိုင်း မလိုက်တဲ့ မြန်မာပညာရှင်ဆိုလို့ အဲဒီတုန်းက ဆရာကြီးဦးဖိုးစိန်ပဲ ရှားရှားပါးပါး တွေ့ရတယ်။ အဲဒီအချိန်မှာ မြန်မာသဒ္ဒါရဲ့ ဝါစင်္ဂတွေကို လေ့လာစိစစ်တဲ့ အနောက်တိုင်း ပညာရှင်တွေတော့ ထင်ထင်ရှားရှားပေါ်လာပြီ"

"ဟုတ်ကဲ့၊ ဘယ်ပညာရှင်တွေပါလဲဆရာ"

"အစောဆုံး တွေ့ရတဲ့ပညာရှင်က လန်ဒန်တက္ကသိုလ်၊ အရှေ့တိုင်းနဲ့ အာဖရိကပညာသင်ကျောင်း School of Oriental and African Studies, အတိုကောက်ခေါ်ရင် SOAS ပေါ့။ အဲဒီမှာ မြန်မာစာပါမောက္ခအဖြစ် ဆောင်ရွက်နေတဲ့ ဒေါက်တာ ဂျေအေစတူးဝပ် Dr.J.A. Stewart ပဲကွဲ့"

"နာမည်တော့ ကြားဖူးပါတယ် ဆရာ။ ဒီဆရာကြီးက မြန်မာစာကို ဘယ်လို..."

"ပြောပါ့မယ်။ ဆရာကြီးဟာ အောက်စဖို့တက္ကသိုလ်က အိုင်စီအက် (အိန္ဒိယနိုင်ငံ ပဋိညာဉ်ခံဝန်ထမ်း) အောင်မြင်ပြီး မြန်မာနိုင်ငံမှာ လာအမှုထမ်းတယ်။ ၁၉၀၅ ခုနှစ်က ၁၉၃၃ ခုနှစ်အထိ နှစ် ၃၀ နီးပါးပေါ့။ ကြေးတိုင်မင်းကြီး စတဲ့ရာထူးတွေမှာ ဆောင်ရွက်တယ်။ မြန်မာအမျိုးသမီးနဲ့ လက်ထပ်တယ်။ မြန်မာစာပေနဲ့ မြန်မာ့သမိုင်းကို အချိန်ယူပြီး လေ့လာတယ်။ မြန်မာဘာသာစကားသာမက ပါဠိတို့၊ မွန်တို့လည်းလေ့လာတယ်။ မြန်မာ့ပတ်ဝန်းကျင်နဲ့ ထိတွေ့ရင်းနှီးတယ်။ ဆရာကြီးကို မြန်မာပညာရှိအဖြစ် လေးလေးစားစား အသိအမှတ်ပြုကြတယ်။ မြန်မာနိုင်ငံမှာ အမှုထမ်းသက်ပြည့်တော့ အငြိမ်းစားယူပြီး အင်္ဂလန်ပြန်တဲ့အခါ SOAS မှာ မြန်မာစာပါမောက္ခ ဖြစ်လာတယ်"

" သြော်... ဟုတ်ကဲ့"

"ဆရာကြီးက သုတေသနစာတမ်းတွေလည်း အများကြီး ရေးခဲ့တယ်။ လန်ဒန်ပြန်ရောက်တော့ မြန်မာ-အင်္ဂလိပ် အဘိဓာန်ကြီးကိုလည်း ဦးဆောင်ပြီးပြုစုတယ်။ ကွယ်လွန်ချိန်အထိပဲ။ ပြီးတော့ ဆရာကြီးဒေါက်တာလှဘေကို Ph.D ယူဖို့ တိုက်တွန်းပြီး ဆရာကြီးရဲ့ " ကုမ္မာရပြဇာတ်လေ့လာချက် ပါရဂူကျမ်း" ကို ဆရာကြီးစတူးဝပ်က ကြီးကြပ်ပေးတယ်။ ဒေါက်တာလှဘေရဲ့ဆရာအရင်းပေါ့ကွယ်"

" ဟုတ်ကဲ့ပါ"

" အခု ဆရာတို့နဲ့ဆိုင်တာကိုပြောရရင် ဆရာကြီးစတူးဝပ်က မြန်မာစကားနဲ့ပတ်သက်တဲ့ ကျမ်းနှစ်ကျမ်းပြုစုခဲ့တယ်။ တစ်ကျမ်းက An Introduction to Colloquial Burmese တဲ့။ မြန်မာနှုတ်ပြောစကားနိဒါန်းပေါ့။ ၁၉၃၆ ခုနှစ်မှာ ပြုစုတာ။ နောက်တစ်ကျမ်းက Manual of Colloquial Burmese တဲ့။ မြန်မာနှုတ်ပြောစကား လက်စွဲပေါ့။ ၁၉၅၅ ခုနှစ်မှာ ပြုစုတာ"

" မှတ်ထားပါ့မယ်ဆရာ"

" ဆရာကြီးက အဲ့ဒီစာအုပ်တွေမှာ ဘယ်လိုဆိုထားသလဲ ဆိုတော့ မြန်မာဘာသာ စကားမှာ Noun နာမ်ရယ်၊ Verb ကြိယာရယ်၊ Particle ပစ္စည်းရယ်၊ အဲ့ဒီဝါစင်္ဂ သုံးပါးပဲရှိတယ်လို့ ဆိုထားတာပါ"

" သြော်"

" ဒီအယူအဆကို ဆရာကြီး စတူးဝပ်ကစပြီး ဖော်ထုတ်တာပေါ့။ အချုပ်ပြောရင် ဝါစင်္ဂရှစ်ပါးမှာပါတဲ့ ကျန်တဲ့ဝါစင်္ဂတွေဟာ ဒီဝါစင်္ဂသုံးပါးထဲမှာ အကျုံးဝင်ပြီးသားလို့ ဆိုလိုတာပဲ"

" ဟုတ်ကဲ့ပါ"

" နာမ်စားဆိုပါတော့၊ နာမ်စားဟာ နာမ်အစားသုံးတာမို့ နာမ်နဲ့သဘောချင်းတူတယ်။ နာမ်ထဲထည့်လို့ရတယ်။ နာမ်နဲ့ ကြိယာကို အထူးပြုစကားတွေ၊ အမှီစကားတွေအဖြစ်သုံးခြင်း အားဖြင့် နာမဝိသေသနတို့ ကြိယာဝိသေသနတို့နဲ့တူတဲ့ စကားလုံးတွေဖြစ်လာတယ်။ ဒါကြောင့် အခြေခံကနာမ်နဲ့ ကြိယာပဲ။ အဲ... ဝိဘတ်နဲ့ သမ္ဗန္ဓကိုတော့ 'ပစ္စည်း' အဖြစ် ခြုံကြည့်လို့ရတယ်။ အာမေဍိတ်ကတော့ ဝါကျဖွဲ့ပုံစနစ်ထဲမှာ မပါတဲ့အတွက် ဝါစင်္ဂထဲမထည့်ဘူး။ ဒီတော့ ဝါစင်္ဂတွေကို ချုပ်ပြီး ကြည့်ရင် နာမ်၊ ကြိယာ၊ ပစ္စည်းဆိုပြီးသုံးမျိုးပဲရတယ်လို့ ဆိုလိုတာပါ။ မြန်မာသဒ္ဒါဆိုတာ ပစ္စည်းတွေကို မှန်မှန် ကန်ကန် သုံးတဲ့ကိစ္စပဲလို့ ဆရာကြီးက ဆိုထားတယ်"

" ဟုတ်ကဲ့"

" ဆရာကြီးစတူးဝပ်ရဲ့ ဝါစင်္ဂသုံးပါးအယူအဆဟာ မြန်မာစကားကို ဘာသာဗေဒအမြင်နဲ့ လေ့လာတဲ့နယ်ပယ်မှာ အင်မတန် သြဇာသက်ရောက်တဲ့ အယူအဆတစ်ခုပါပဲကွယ်"

# ချောကလက်စားသုံးခြင်းက ပြင်းထန်သော နှလုံးရောဂါဆိုင်ရာဖြစ်ပွားမှုများကို လျော့ချပေးနိုင်



ကလျာမိုးမြင့်

ချောကလက်စားသုံးခြင်းက နှလုံးရောဂါဖြစ်ပွားမှုကိုလျော့ချပေးနိုင်ကြောင်း လေ့လာမှုတစ်ရပ်မှာဖော်ပြထားတာကို တွေ့ရှိရပါတယ်။ ဒါကိုသက်သေပြနိုင်ဖို့အတွက် ကျွမ်းကျင်သူပညာရှင်တွေဟာ ဒိန်းမတ်မှာ ပြုလုပ်တဲ့ ကျန်းမာရေး လေ့လာမှုကြီးတစ်ခုမှာ မှတ်တမ်းတင်ထားတဲ့အချက်အလက်တွေကိုအသုံးပြုပြီးရှာဖွေလေ့လာမှုပြုလုပ်ခဲ့ပါတယ်။

နှလုံးနဲ့ပတ်သက်ပြီး အသေးစိတ်လေ့လာလိုက်တဲ့အခါ ချောကလက်စားသုံးခြင်းဟာ လေသင်တုန်းဖြတ်ခြင်းကိုဖြစ်စေနိုင်တဲ့ ပုံမှန်မဟုတ်သော နှလုံးခုန်ခြင်း၊ နှလုံးရပ်ဆိုင်းခြင်းနဲ့ ပြင်းထန်တဲ့ နှလုံးရောဂါဖြစ်ပွားမှုဆိုင်ရာ ဝေဒနာတွေဖြစ်ပွားနိုင်မှုလျော့ကျခြင်းနဲ့ ဆက်စပ်မှုတစ်ခုရှိနေတာကို ရှာဖွေတွေ့ရှိခဲ့တယ်လို့ ဖော်ပြထားပါတယ်။

ဆေးပညာရှင်တွေအနေနဲ့ အသက် ၅၀ ကနေ ၆၄ နှစ်အရွယ်ရှိတဲ့ အမျိုးသားနဲ့အမျိုးသမီး ၅၅၅၀၂ ဦးရဲ့ ကျန်းမာရေး အခြေအနေနဲ့ အစာစားသောက်မှုပုံစံကို နောက်ကြောင်းလိုက်ပြီးစူးစမ်းခဲ့ပါတယ်။ ချောကလက်စားသုံးခဲ့မှု ပမာဏကိုဆုံးဖြတ်နိုင်မယ့် အမျိုးအစားပေါင်း ၁၉၂ မျိုး ပါရှိပြီး အစာစားသုံးတဲ့အကြိမ်အရေအတွက်ကို စာရင်းခွဲခြားဖို့အတွက် ပုံသေနည်းကျစီစဉ်ထားတဲ့ မေးခွန်းတွေကို အသုံးပြုခဲ့ကြတာပါ။

ခန္ဓာကိုယ်ထဲကို စုစုပေါင်းကယ်လိုရီဝင်ရောက်မှုပမာဏ၊ အရက်သေစာသောက်သုံးမှု၊ ခန္ဓာကိုယ်အလေးချိန်နဲ့ တခြားအကြောင်းအရာတွေကို ထိန်းချုပ်မှုပြုလုပ်ထားပြီးတဲ့နောက်မှာတော့ ချောကလက်စားသုံးခြင်းမရှိတဲ့ လူတွေနဲ့ နှိုင်းယှဉ်လိုက်တဲ့အခါ တစ်လမှာတစ်အောင်စလောက် ချောကလက်ပမာဏ စားသုံးခဲ့ဖူးတဲ့သူတွေဟာ လေသင်တုန်းဖြတ်ခြင်းကို ဖြစ်ပွားစေတဲ့ပုံမှန်မဟုတ်တဲ့ နှလုံးခုန်မှု ၁၀ ရာခိုင်နှုန်းလောက်လျော့နည်းတာကိုတွေ့ရှိရပြီး တစ်ပတ်မှာ ချောကလက်ပမာဏ တစ်အောင်စခန့် စားသုံးသူတွေမှာ ပုံမှန်မဟုတ်တဲ့နှလုံးခုန်မှု ၁၇ ရာခိုင်နှုန်းလောက်ဖြစ်ပွားမှု လျော့ကျစေတာကိုတွေ့ရှိခဲ့ပါတယ်။

ဟားဗတ်မှာ ညွှန်ကြားမှုပြုလုပ်နေတဲ့ လေ့လာမှုကိုဦးဆောင်သူပညာရှင် အယ်လီဇဘက် မော့စတိုဖ်စကီက ကိုကိုးပါဝင်မှုများတဲ့ အရောင်ရင့်ရင့် ချောကလက်တွေဟာ ကျန်းမာရေးအတွက် ပိုမိုကောင်းမွန်ကြောင်း၊ ဘာကြောင့်လဲဆိုတော့ ကိုကိုးဟာနို့နဲ့ သကြားလို မဟုတ်ဘဲ ကောင်းကျိုးဖြစ်စေတဲ့ ပါဝင်ပစ္စည်းဖြစ်တယ်လို့ ပြောခဲ့ပါတယ်။သို့သော်လည်း တန်ဆေးလွန်ဘေးဆိုတဲ့အတိုင်း ချောကလက်ကို အလွန်အကျွံမစားသုံးဖို့အတွက်တော့ မော့စတိုဖ်စကီ ကသတိပေးထားပါတယ်။

**(နယူးယောက်တိုင်းမ်)**

# မောင်တောဒေသ၌ ပြည်သူလိုက်ပါဆောင်ရွက်မှု ရာခိုင်နှုန်း ၅၀ ကျော်ရှိ၊ အစိုးရစီမံခန့်ခွဲမှုတွင် အဖွဲ့အစည်းအချို့ လိုက်ပါမှုအားနည်း

**မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- အောင်ကျော်စိန် (ပြန်/ဆက်)**

မြန်မာနိုင်ငံ အနောက်ဖျား ရခိုင်ပြည်နယ် မောင်တောဒေသတွင် ဒေသခံတိုင်းရင်းသားမျိုးနွယ်စုများ နှစ်ပေါင်းရှည်ကြာ ရိုးရာတောင်ယာ၊ လယ်လုပ်ငန်းများနှင့် ရေလုပ်ငန်းများကိုလုပ်ကိုင်ရင်း အသက်မွေးဝမ်းကျောင်းပြုလျက်ရှိသည်။ ယင်းသို့ အတူယှဉ်တွဲကာ အေးချမ်းစွာ အသက်မွေးဝမ်းကျောင်းပြု လုပ်ကိုင်စားသောက်ရင်း ၂၀၁၂ ခုနှစ်တွင် မျှော်လင့်မထားသော အခြေအနေတစ်ရပ် ဖြစ်ပေါ်လာခဲ့သည်။ ယင်းအခြေအနေကို နိုင်ငံတော်အနေဖြင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာအစ ထိန်းချုပ်ဖြေလျှော့စဉ် ကာလမှာပင် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် အကြမ်းဖက်မှုဖြစ်စဉ် ထပ်မံဖြစ်ပွားခဲ့သည်။ ယခုအခါ မောင်တောခရိုင်တစ်ဝန်း၌ အေးချမ်းတည်ငြိမ်စပြုလာပြီဖြစ်၍ နိုင်ငံတော်အနေဖြင့် ဒေသဖွံ့ဖြိုးမှုအပိုင်းနှင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာလုပ်ဆောင်ချက်များကို ပြည်သူများကြားသိစေရန် မောင်တောခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွန်း (ညွှန်ကြားရေးမှူး) နှင့် တွေ့ဆုံ မေးမြန်းခဲ့သည်များကို ပြန်လည်ရေးသားဖော်ပြလိုက်ပါသည်-

**မေး။ ။ မောင်တောခရိုင် ဖွဲ့စည်းထားမှုနဲ့ ဖြစ်စဉ်ဖြစ်ပွားပြီး လတ်တလောအခြေအနေကို သိပါရစေ။**

ဖြေ။ ။ မောင်တောခရိုင်ဟာ မောင်တောမြို့နယ်နှင့် ဘူးသီးတောင်မြို့နယ် နှစ်ခုပေါင်းပြီးတော့ ခရိုင်အဆင့် ဖွဲ့စည်းထားတာပါ။တောင်ပြိုလက်ဝဲ၊ ခမောင်းဆိပ်၊ မြင်းလွတ် မြို့သုံးမြို့ရှိပြီး ရပ်ကွက် ၃၁ ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း ၁၇၄ အုပ်စု၊ ကျေးရွာ ၇၀၃ ရွာရှိပြီး လူဦးရေ ရှစ်သိန်း ခွဲကျော်နေထိုင်တဲ့ ခရိုင်တစ်ခုဖြစ်ပါတယ်။ မောင်တောခရိုင်အနေနဲ့ ၂၀၁၂ ဖြစ်စဉ်ဖြစ်ပွားပြီး နောက်ပိုင်း လေးနှစ်လောက် နှစ်ဖက်အဖွဲ့အစည်းတွေကြားမှာ ပုံမှန်အခြေအနေအတိုင်း ရှိနေခဲ့တယ်။

၂၀၁၆ ခုနှစ် အောက်တိုဘာ ဖြစ်စဉ် မတိုင်ခင်အထိ ပုဒ်မ ၁၄၄ ကို ၂၈ ကြိမ် ထုတ်ပြန်ခဲ့ရတယ်။ ကျွန်တော် တာဝန်ထမ်းဆောင်တဲ့ ကာလရောက်တဲ့ အချိန် ပုဒ်မ ၁၄၄ ကို ဒေသဖွံ့ဖြိုးရေး အခြေအနေအရ နှောင့်နှေးမှာစိုးရိမ်တဲ့အတွက် ရုပ်သိမ်းဖို့ သက်ဆိုင်ရာဌာနတွေနဲ့ အစည်းအဝေးလုပ် ညှိနှိုင်းနေဆဲမှာပဲ အောက်တိုဘာ ဖြစ်စဉ်ပေါ်ပေါက်လာတဲ့အတွက် ပုဒ်မ ၁၄၄ ကို အချိန်တိုးမြှင့်ပြီး ထုတ်ပြန်ခဲ့ရတယ်။ လက်ရှိအခြေအနေမှာတော့ ရာခိုင်နှုန်း ၉၀ လောက် ကောင်းမွန်လာပြီလို့ ပြောလို့ရပါတယ်။ တစ်ဦးချင်း လုံခြုံမှုအနေနဲ့ကတော့ လိုအပ်နေဆဲပါ။

တည်ငြိမ်အေးချမ်းမှုနဲ့ ပတ်သက်ပြီး လုံခြုံရေးအရ အထိုက်အလျောက် ကောင်းမွန်လာတဲ့အချိန်မှာ ကျေးရွာအလိုက် တိုင်းရင်းသားရော၊ အစ္စလာမ်ဘာသာဝင်ရော၊ အခြားတိုင်းရင်းသားတွေနေတဲ့ ကျေးရွာတွေမှာ ပုံမှန်အခြေအနေအတိုင်းတည်ငြိမ်မှုရှိအောင် တရားဥပဒေစိုးမိုးရေး ကိစ္စရပ်တွေကို တပ်မတော်ရဲ့အကူအညီနဲ့ အမှတ်(၁) နယ်ခြားစောင့်တပ်က ရဲတပ်ဖွဲ့ဝင်တွေ ဦးစီးပြီး ကျေးရွာတိုင်းကို နေ့စဉ်လှည့်ကင်း၊ စစ်ကြောင်းလိုက်၊ ကင်းစခန်းတွေကို အလန်းပေး၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေ၊ ဘာသာရေး အဖွဲ့အစည်းတွေ၊ ကျေးရွာနေအဖွဲ့အစည်း တွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပါတယ်။

ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ အတူ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုအပိုင်းတွေမှာပါ အဆက်မပြတ်ဆောင်ရွက်နေပါတယ်။ လက်ရှိမှာတော့ ဆောင်ရွက်နေဆဲ ကာလဖြစ်သလို တိုးတက်မှုအပိုင်းမှာလည်း အများကြီး တိုးတက်လာတယ်လို့ ပြောရမှာပါ။

**မေး။ ။ အခုဆိုရင် ဖြစ်စဉ်ဖြစ်ပွားခဲ့တာ ခုနစ်လကျော်ခဲ့ပြီပေါ့။ ဒီကာလအတွင်း မှာ ဆရာတို့အနေနဲ့ လုပ်ဆောင်နိုင်ခဲ့တဲ့ အပိုင်းလေးတွေကိုရော ပြောပြပေးပါ။**

ဖြေ။ ။ ဖြစ်စဉ်ဖြစ်ပွားပြီး နောက်ပိုင်း ဘူးသီးတောင်က အောက်တိုဘာ ၉ ရက် ဖြစ်စဉ်နဲ့ပတ်သက်လို့ ဆက်စပ်မှုသိပ်မရှိခဲ့ဘူး။ အဲဒီကာလမှာ မောင်တောမြို့နယ်ထဲမှာပဲ အဖြစ်များခဲ့တာပါ။ လုံခြုံရေးအဖွဲ့အစည်းတွေအားလုံး မောင်တောဧရိယာထဲမှာ အကြမ်းဖက်ဖြစ်စဉ်တွေနဲ့ ပတ်သက်တဲ့ တရားခံတွေကို ရှာဖွေဖော်ထုတ်ဖမ်းဆီး၊ တရားဥပဒေအရ အရေးယူတဲ့ကိစ္စရပ်တွေကို ဆောင်ရွက်ခဲ့တယ်။

ဘူးသီးတောင်မြို့နယ်ကတော့ ဖြစ်စဉ်ဖြစ်ပွားပြီးနောက် တည်ငြိမ်အေးချမ်းစပြုနေတဲ့အချိန် မေ ၁၉ ရက် နံနက် ၃ နာရီက ပဲကျောင်းတောင်ကျေးရွာအုပ်စုမှာရှိတဲ့ ကျေးရွာတစ်ရွာက ဆယ်အိမ်မှူးတစ်ဦး သတ်ဖြတ်ခံခဲ့ရတယ်။ ရာအိမ်မှူးတစ်ဦးကို ဖမ်းဆီးခေါ်ဆောင်သွားတဲ့ ဖြစ်စဉ်တုန်းကတော့ ဘူးသီးတောင်ဘက်မှာမပါခဲ့ပေမယ့် နောက်ပိုင်း အသတ်ဖြတ်ခံရတဲ့ အမှုသုံးမှုနဲ့ မိုင်းဖောက်ခွဲတဲ့ ဖြစ်စဉ်တစ်ခု၊ စစ်ပညာသင်ကြားတဲ့ တောဘက်အဖွဲ့အစည်းတစ်ခုကို နယ်ခြားစောင့်ရဲတပ်ဖွဲ့က ဖမ်းဆီးရမိတဲ့ဖြစ်စဉ်တွေ ဆက်တိုက်တွေ့ရတယ်။ ဒါကြောင့် ဘူးသီးတောင်မြို့နယ်လည်း ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး ဆက်စပ်မှုရှိလာပြီဆိုတာကို သုံးသပ်လို့ရတယ်။

လက်ရှိ အခြေအနေမှာတော့ ဘူးသီးတောင်ရော၊ မောင်တောပါပုဒ်မ ၁၄၄ ကို အချိန်လျှော့ချထားတဲ့အတွက် ပုံမှန်အတိုင်းသွားလာလှုပ်ရှားမှုတွေ မြင်တွေ့ရပါတယ်။ အလားတူကျေးရွာတွေမှာရှိတဲ့ ဈေးတွေ၊ နှစ်ဖက်အဖွဲ့အစည်းတွေ ရောင်းချတဲ့ဈေးတွေမှာ ပုံမှန်အခြေအနေနဲ့ ရောင်းဝယ်ဖောက်ကားမှုတွေ ပြုလုပ်လျက်ရှိပါတယ်။ ပြီးခဲ့တဲ့ နှစ်လခွဲလောက်ကတည်းက ပုံမှန်အခြေအနေကိုရောက်ရှိနေပါပြီ။ သွားလာမှုလမ်းကြောင်းတွေမှာလည်း လုံခြုံရေးချထားစရာမလိုဘဲ ပုံမှန်အခြေအနေအတိုင်း ရောက်ရှိနေတာကို တွေ့ရပါတယ်။

**မေး။ ။ လက်ရှိဒေသ ပြည်သူလူထုရဲ့ စားနပ်ရိက္ခာနဲ့ ပတ်သက်ပြီး လုံလောက်မှုရှိပါသလား။ သက်ဆိုင်ရာအုပ်ချုပ်မှုအဖွဲ့အစည်းအနေနဲ့ ဘယ်လိုစီမံမှုတွေ လုပ်ဆောင်ထားပါသလဲ။**

ဖြေ။ ။ လက်ရှိပြည်သူလူထုကြားမှာတော့ ကျေးရွာတွေမှာလည်း ပုံမှန်ဈေးတွေ ဖွင့်လှစ်နိုင်ခဲ့တာကြောင့် စားဝတ်နေရေးဟာ ကောင်းမွန်လာပြီလို့ ပြောလို့ရတယ်။ကျေးရွာအလိုက် ဆောင်ရွက်နေမှုနဲ့ ပတ်သက်ပြီး ကန့်သတ်ထားတာမရှိဘူး။ အလားတူ NGO၊ INGO အဖွဲ့အစည်းတွေအားလုံးနဲ့ နိုင်ငံတော်က ထောက်ပံ့တာတွေ၊ ပြည်ပအထောက်အပံ့ရရှိတာ အားလုံးကို လုံလုံလောက်လောက် ဝေထားပြီးဖြစ်တာကြောင့် စားနပ်ရိက္ခာနဲ့ပတ်သက်ပြီး သီးခြားလိုအပ်ချက်ရှိနေတယ်လို့ မသုံးသပ်ပါဘူး။ စားနပ်ရိက္ခာနဲ့ ပတ်သက်ပြီး ကိုယ့်ရဲ့မိသားစု၊ ကိုယ့်ကျေးရွာအလိုက် ဆောင်ရွက်နိုင်ပြီဖြစ်တဲ့အတွက် စားနပ်ရိက္ခာရှားပါးမှုဆိုတာ မရှိနိုင်တော့ဘူးလို့ သုံးသပ်ပါတယ်။

**မေး။ ။ ဖြစ်စဉ်ဖြစ်ပွားတဲ့ ကာလမှာ ကလေးတွေရဲ့ ပညာရေးပိုင်းဆိုင်ရာ ထိခိုက်မှုတွေ ရှိတယ်လို့ ပြည်သူတချို့က သုံးသပ်ပါတယ်။ ဒီအပေါ်မှာ ဆရာ့အနေနဲ့ ဘယ်လိုမြင်ပါသလဲ။ အခု ပညာသင်နှစ်မှာရော ဘယ်လိုစီမံထားပါသလဲ။**

ဖြေ။ ။ အခုလို နောက်ဆက်တွဲတည်ငြိမ်အေးချမ်းမှုရလာပြီ၊ တရားဥပဒေစိုးမိုးမှုရလာပြီဆိုရင်တော့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ လာမယ့်ကျောင်းဖွင့်ရာသီမှာ ကျေးရွာအလိုက် စာသင်ကျောင်းတွေ ပုံမှန်အတိုင်း ဖွင့်လှစ်နိုင်အောင် လုပ်နေပါတယ်။ ပြီးခဲ့တဲ့နှစ်ကဆို နှစ်လခွဲလောက် ရပ်ဆိုင်းခဲ့ရတယ်။ ပြန်ဖွင့်တဲ့ကျေးရွာ တချို့မှာ လုံခြုံမှုအခက်အခဲကြောင့် စာသင်ကျောင်းလေးကျောင်းကို ပိတ်ထားရတယ်။ နောက်ပိုင်းမှာတော့ တွဲဖက်ကျောင်းအနေနဲ့ ပြန်ထားပေးခဲ့တယ်။ ဒီနှစ်မှာတော့ ကျေးရွာအားလုံး စာသင်ကျောင်းတွေ ဖွင့်လှစ်နိုင်တော့မှာပါ။ ပညာရေးနဲ့ပတ်သက်ပြီး ဒီဖြစ်စဉ်မှာ အခိုက်အတန့်တစ်ခုပဲ ထိခိုက်ခဲ့တာပါ။ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုတဲ့ ရာခိုင်နှုန်းကိုကြည့်ရင် ဖြစ်စဉ်မဖြစ်ခင် ရာခိုင်နှုန်းအတိုင်း ဖြေဆိုခဲ့တာကို တွေ့ရပါတယ်။

စာမေးပွဲကာလ အတောအတွင်းမှာ ဖြစ်စဉ်ဖြစ်တဲ့ ဝပိတ်ကျေးရွာမှာဆို တက္ကသိုလ်ဝင်တန်း နှစ်ချင်းပေါက်အောင်တဲ့ ကျောင်းသားတွေတောင် ရှိခဲ့တယ်။ လာမယ့်ပညာသင်နှစ်မှာ စာသင်ကျောင်းပြုပြင်မှုကဏ္ဍတွေကို ဒီလကုန်အပြီး ဆောင်ရွက်နေပါတယ်။ အသစ်ဆောက်လုပ်မှုအပိုင်းကိုလည်း ပြည်နယ်အစိုးရလမ်းညွှန်မှုနဲ့ ဆောင်ရွက်နေပါပြီ။

**မေး။ ။ ပညာရေးနဲ့အတူ အခြေခံလိုအပ်ချက်ဖြစ်တဲ့ ကျန်းမာရေးပိုင်းဆိုင်ရာ ပြင်ဆင်ထားမှုတွေရှိရင် သိပါရစေ။**

ဖြေ။ ။ ကျေးရွာပြည်သူလူထုရဲ့ကျန်းမာရေး ကိစ္စနဲ့ ပတ်သက်ပြီး တစ်ခရိုင်လုံးမှာ ကျန်းမာရေးဌာန ၄၀၃ ခုရှိပါတယ်။ အလားတူ mobile ဆေးခန်းတွေကိုလည်း လုပ်ထားသလို NGO၊ INGO အဖွဲ့အစည်းတွေရဲ့ ဆေးကူညီထောက်ပံ့ပေးမှုတွေလည်း ရှိပါတယ်။ သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးမှူးတွေ၊ ဆရာဝန်ကြီးတွေနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး ကျန်းမာရေးအခြေပြုတဲ့ လုပ်ငန်းတွေကို NGO၊ INGO အဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ပြီး ဆောင်ရွက်နေပါတယ်။ ကျန်းမာရေးကဏ္ဍဟာ ကျေးရွာအလိုက် အခြေခံလိုအပ်ချက်ဖြစ်တဲ့အတွက် ဦးစားပေးအဆင့်အနေနဲ့ ဆောင်ရွက်နေပါတယ်။

**မေး။ ။ ဖြစ်စဉ်ဖြစ်ပွားပြီး အချို့ကျေးရွာတွေမှာ မီးလောင်ပျက်စီးမှုတွေ ရှိတယ်လို့ သိရပါတယ်။ ဒါနဲ့ ပတ်သက်ပြီး လုပ်ဆောင်ပေးနေမှု အပိုင်းလေးတွေ ရှိရင် ပြောပြပေးပါ။**

ဖြေ။ ။ အောက်တိုဘာ ၉ ရက် ဖြစ်စဉ်ကြောင့် ကျေးရွာကိုးအုပ်စုက ကျေးရွာပေါင်း ၁၃ ရွာမှာရှိတဲ့ နေအိမ်များ မီးလောင်ပျက်စီးမှုရှိခဲ့ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး မောင်တောခရိုင် မီးလောင်ပြင်ကျေးရွာ စနစ်တကျ ပြန်လည်နေရာချထားရေး ကော်မတီကို ခရိုင်အုပ်ချုပ်ရေးမှူးအနေနဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးစတဲ့ ဌာနဆိုင်ရာ တာဝန်ရှိသူတွေပါဝင်တဲ့ ကော်မတီဝင်ကိုးဦးကို ဖွဲ့စည်းခဲ့ပါတယ်။ ကော်မတီအနေနဲ့ မြေပြင်ကွင်းဆင်းတိုင်းတာနိုင်ဖို့အတွက် စာရင်းဇယားမှတ်တမ်းကောက်ယူရေးအဖွဲ့ကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မြေစာရင်း အတွင်းရေးမှူး ခုနစ်ဦးပါဝင်တဲ့ အဖွဲ့နဲ့ ဆောင်ရွက်ခဲ့ပါတယ်။ ဒါနဲ့ပတ်သက်ပြီး စာရင်း၊ ဇယားကောက်ယူမှုတွေ၊ မြေပြုပြင်မှုတွေ၊ စနစ်တကျ အကွက်ရိုက်ဖော်ထုတ်မှု လုပ်ငန်းတွေကို ကျေးရွာအလိုက် ဆောင်ရွက်ပြီး ဖြစ်ပါတယ်။

အစ္စလာမ်ဘာသာဝင် ကျေးရွာအများစုဟာ ရွာပုံသဏ္ဌာန်ဖော်ထုတ်ထားခြင်းမရှိပါဘူး။ လမ်းတွေကလည်း ကျဉ်းတော့ လုံခြုံမှုအခြေအနေအရ မီးဘေး၊ ရေဘေးသဘာဝဘေးအန္တရာယ်ကြုံလာရင် ဘယ်လိုမှကာကွယ်စောင့်ရှောက်ပေးနိုင်တဲ့ နေရာချထားမှုပုံစံမဟုတ်သလို ကျေးရွာတွင်းမှာရှိတဲ့ အိမ်တွေရဲ့ တည်ဆောက်မှုပုံစံကလည်း အလုံပိတ်စနစ်တွေဖြစ်နေတယ်။ လေဝင်၊ လေထွက်မကောင်းဘူး။ ပြတင်းပေါက်မရှိဘူး။ ဝင်ပေါက်တစ်ပေါက်ပဲ ရှိတယ်။

နောက်ပြီးအိမ်တွင်းမှာလည်း လျှပ်စစ်မီးသုံးစွဲလို့မရတဲ့ ဒေသဖြစ်တာကြောင့် မှောင်မည်းနေတယ်။ ကျန်းမာရေးအရ ဖွဲ့စည်းတည်ဆောက်ပေးနိုင်တဲ့ရွာ ပုံသဏ္ဌာန်ဖွဲ့စည်းပေးဖို့ သင့်တယ်ဆိုပြီး အစိုးရအဖွဲ့ကို တင်ပြခဲ့တယ်။ ဒါတွေဟာ မီးလောင်ပြင်ကျေးရွာတွေအတွက်ပဲ ရည်ရွယ်ခဲ့တာမဟုတ်ပါဘူး။ ကျေးရွာအားလုံးကို စနစ်တကျဖြစ်စေလိုတဲ့ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေရဲ့ ပင်မတာဝန်တစ်ရပ်အနေနဲ့ ဆောင်ရွက်တာဖြစ်ပါတယ်။

**မေး။ ။ ဆရာတို့အနေနဲ့ အဲဒီလို ဆောင်ရွက်ပေးမှုအပိုင်းမှာ လတ်တလောပြီးစီးမှုအခြေအနေနဲ့ အခက်အခဲကြုံတွေ့မှုလေးတွေရှိရင် သိပါရစေ။**

ဖြေ။ ။ ဒီဖြစ်စဉ်ဖြစ်ပွားပြီး မီးလောင်ပြင်မှာပါသွားတဲ့ နေအိမ် ၁၁၅၂ အိမ်ကို စနစ်တကျ ပြန်လည်တည်ဆောက်ပေးဖို့ နိုင်ငံတော်ရဲ့ ပံ့ပိုးငွေနဲ့ ဆောင်ရွက်ခဲ့ တာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့တဲ့ အပိုင်းမှာ အချို့သော ကျေးရွာတွေမှာ မူလကျေးရွာနေရာကို ပြန်လည်ဝင်ရောက်လိုကြတယ်။

မူလပိုင်မြေနေရာတွေကိုပဲ မူလအတိုင်း ပြန်လည်ဆောက်လုပ်ချင်တယ်ဆိုပြီး တင်ပြလာတာတွေ ရှိတယ်။ သူတို့နားမလည်တာက ကျေးရွာတွေမှာရှိတဲ့ ကျေးရွာပိုင်မြေတွေကို နိုင်ငံတော်အနေနဲ့ သိမ်းဆည်းခဲ့ခြင်းမဟုတ်ဘူး။ လယ်ယာမြေတွေ လုပ်ရိုးလုပ်စဉ်အတိုင်း ပြန်လည်လုပ်ကိုင်ခွင့်ပေးထားပြီးဖြစ်သလိုနေရာချထားမှုအပိုင်းမှာလည်း စီမံခန့်ခွဲမှုကော်မတီအနေနဲ့ စီမံပေးတဲ့အဆင့်ပဲရှိပါတယ်။ လိုအပ်ချက်ပေါ်မူတည်ပြီးတော့ နိုင်ငံတော်ရဲ့ ကူညီထောက်ပံ့ပေးမှုနဲ့ လုပ်ပေးတာဖြစ်ပါတယ်။ တခြားပိုလျှံမြေဧရိယာအားလုံးကို ဘုံမြေအဖြစ်သတ်မှတ်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးကိစ္စရပ်တွေအတွက် ဆက်ပြီးစီမံဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။

နေရာချထားတဲ့ အပိုင်းမှာ လူဦးရေအနည်းအများအပေါ်မူတည်ပြီး ကျွန်တော်တို့ မြေနေရာသတ်မှတ်ချက်ကို သတ်မှတ်ပေးတာ ဖြစ်ပါတယ်။ လက်ရှိနေရာချထားတာကတော့ ပေ ၆၀၊ ပေ ၄၀ ဧရိယာ ၂၄၀၀ ဒါဟာဒီဧရိယာမှာ နေထိုင်နိုင်တဲ့သင့်လျော်တဲ့ လူဦးရေအတွက်သာ ချပေးတာ ဖြစ်ပါတယ်။ ဒီထက်ပိုတဲ့ ဥပမာ- လူ ၃၀ ရှိတဲ့ မိသားစုဆိုရင် ဒီနေရာနဲ့ ဘယ်လိုမှ မသင့်လျော်ပါဘူး။ အဲဒီအတွက် မိသားစုဝင်တွေတစ်ဆက်တစ်စပ်တည်း နေလို့ရအောင် ငါးကွက်လောက်အထိ မြေ နေရာချထားပေးပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ လျာထားချက်ဖြစ်သလို သက်ဆိုင်ရာမှာရှိတဲ့ ဘာသာရေးအဖွဲ့အစည်းတွေ၊ ရပ်မိရပ်ဖတွေနဲ့ အကြိမ်ကြိမ်ညှိနှိုင်းပြီး ဆောင်ရွက်ခဲ့ တာပါ။

ဒါပေမယ့် လက်ရှိအခြေအနေမှာတော့ ကျေးရွာတွေမှာ နေထိုင်လိုသူတွေ အများစု ဆန္ဒရှိပါတယ်။ ဒါပေမယ့် နေထိုင်လိုသူတွေကို အစိုးရ၏စီမံခန့်ခွဲမှုကို မလိုက်နာစေလိုတဲ့ တချို့သောအဖွဲ့အစည်းတွေ၊ အကြမ်းဖက်အဖွဲ့အစည်းတွေ၊ ကျေးရွာတွေထဲမှာ စည်းလုံးညီညွတ်မှုကို ပျက်ပြားအောင်ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေရှိပါတယ်။ စည်းလုံးညီညွတ်မှု ပျက်ပြားတဲ့အတွက် တစ်ယောက်တစ်ပေါက်နဲ့ စီမံခန့်ခွဲမှုအပေါ်မှာ အမြင်အမျိုးမျိုးကွဲပြားနေတာမို့ ပထမဆုံးဆောင်ရွက်တဲ့ ဝပိတ်ကျေးရွာဆို လက်ရှိအချိန်မှာ နေရာချထားပေးနိုင်ခြင်းမရှိသေးပါဘူး။

ဒါပေမယ့် အစိုးရအဖွဲ့က စီမံခန့်ခွဲပေးရမယ့်၊ထောက်ပံ့ပေးရမယ့် ကိစ္စအားလုံးကို ဆောင်ရွက်ပြီး အသင့်ရှိပါတယ်။ ဒါပေမယ့်လူနေထိုင်ခြင်းမရှိတဲ့အတွက် ထောက်ပံ့ပေးနိုင်ခြင်း မရှိသေးပါဘူး။ ကျန်တဲ့ ကျေးရွာတွေမှာလည်း သင့်တင့်မျှတတဲ့ လူနေမှုပုံစံ အတိုင်းဖြစ်အောင် စီမံခန့်ခွဲဆောင်ရွက်ပေးဖို့ ပြင်ဆင်ထားပြီးသားပါ။ အစိုးရရဲ့ ဒေသတွင်းနေ ပြည်သူလူထုအပေါ် ဆောင်ရွက်ပေးရမယ့် တာဝန်တစ်ခုအနေနဲ့ ဆောင်ရွက်ပေးနေခြင်းပဲ ဖြစ်ပါတယ်။

မောင်တောခရိုင်သည် မြန်မာပြည်၏ အနောက်ဘက်အစွန်ဆုံး မြို့ဖြစ်ပြီး ရေခံမြေခံကောင်းမွန်ကာ နေချင်စရာကောင်းမွန်လှသော ဒေသတစ်ခုလည်းဖြစ်သည်။ သို့သော် အမြင်မတူသူများ နေထိုင်ကြသော်ငြားလည်း ရည်မှန်းချက်တစ်ခုတည်းကို တူညီအောင် ပူးပေါင်းဆောင်ရွက်သွားရန်လိုသည်။ ဒေသတွင်းနေထိုင်သူအားလုံး မိမိကိုးကွယ်ရာ ယုံကြည်မှုကို လွတ်လပ်စွာကိုးကွယ်ယုံကြည်ပြီး တစ်ဦးတစ်ယောက်ကိုထိခိုက်လိုစိတ်မရှိသော အပြုအမူမျိုးဖြင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် နိုင်ငံသားစိတ်ဓာတ်၊ ဥပဒေဘောင်အတွင်းနေထိုင်လိုသော စိတ်ဓာတ်၊ ဥပဒေအတိုင်းစီမံဆောင်ရွက်ပေးသည်များကို လိုက်နာဆောင်ရွက်လိုသော စိတ်ဓာတ်မျိုးလိုအပ်နေသည်မှာ အမှန်ပင်ဖြစ်ပေသည်။



မောင်တောမြို့၌ ပြည်သူများအေးချမ်းစွာသွားလာနေသည်ကြကို တွေ့ရစဉ်



ဦးရဲထွန်း
မောင်တောခရိုင်အုပ်ချုပ်ရေးမှူး

---

## ပုဗ္ဗသီရိမြို့နယ်၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

**နေပြည်တော် မေ ၂၇**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဌေးအောင်၏ ဦးဆောင်မှုဖြင့် ပြည်သူများမှုခင်းဖြစ်ပွားမှုလျော့နည်းစေရန်နှင့် မူးယစ်ဆေးဝါး၏ဆိုးကျိုးများ သိရှိစေရန်အတွက် အသိပညာပေး ဟောပြောခြင်းကို ယနေ့ မေလတတိယပတ်က ပုဗ္ဗသီရိမြို့နယ် ကိုးရွာသပြေကုန်း ကျေးရွာအုပ်စုရေပြာကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပတ္တာနယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းရွှင်က ပြည်သူများ မှုခင်းဖြစ်ပွားမှုလျော့နည်းစေရန်နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး၊ မှုခင်းကြိုတင်ကာကွယ်ရေးတို့အတွက် ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ်တင်မိုးထွန်းက ရဲစခန်းအပိုင်နယ်မြေအတွင်း မှုခင်းများလျော့နည်းကျဆင်းစေရေးအတွက် နေ့စဉ်လှည့်ကင်း၊ ရပ်ကင်း၊ ပိတ်ဆို့စစ်ဆေးဆောင်ရွက် မှုများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ ပြည်သူများသိရှိနားလည်သဘောပေါက်စေရန် ရှင်းလင်းရာဒေသခံ ၇၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကိုကိုရှုပ (နေပြည်တော်)**

ခ ရီး သွား ဆောင်း ပါး

# နမ့်မွန်မှ ပြန်ခဲ့တယ်...

**သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-မောင်ချစ်ကြည်**

နံနက် ၇ နာရီသာရှိသေးသည်။ အပူရှိန်က ခံစားနေရပြီ။ မြန်မာနိုင်ငံအောက်ပိုင်းကို မုတ်သုံဝင်ရောက်ပြီဆိုသော်လည်း ပျဉ်းမနားတွင် မိုးတစ်ပြိုက် နှစ်ပြိုက်ရွာခဲ့ပြီးသော်လည်း အပူဒဏ်ကခံစားရဆဲ။ ကျွန်တော်တို့ ပျဉ်းမနားမြို့မှ နံနက် ၇ နာရီထွက်ခဲ့ရာ ကားပြတင်းပေါက်များမှ လေတိုးနေ၍သာ အပူဒဏ်သက်သာမှုရနေခြင်းဖြစ်သည်။ နေပြည်တော်သို့ တာဝန်ဖြင့်ရောက်ခိုက်ရသမျှအချိန်တွင် နမ့်မွန်ရေတံခွန်သို့ ထွက်လာခဲ့ခြင်းဖြစ်သည်။

ပျဉ်းမနားမြို့မှ ရန်ကုန်-မန္တလေးကားလမ်းကြောင်းဆီသို့ မောင်းနှင်လာခဲ့ပြီး တပ်ကုန်းမြို့အနီး ကင်းသာလမ်းခွဲသို့ အချိန်တိုအတွင်း ရောက်ရှိလာခဲ့သည်။ ပျဉ်းမနား-တပ်ကုန်းတို့သည် နေပြည်တော်ဧရိယာအတွင်း ပါဝင်နေသည်ဖြစ်ရာ လမ်းပန်းကောင်းမွန်သဖြင့် ကားဖြင့် သွားလာသည်မှာ အဆင်ပြေနေပြီဖြစ်သည်။ ရန်ကုန်-မန္တလေးကားလမ်းဟောင်းကို အဆင့်မြှင့်တင်တိုးချဲ့နေသည်ဖြစ်ရာ ပျဉ်းမနား-တပ်ကုန်းကားလမ်းများ သွားလာမှုများပြားလာသဖြင့် သတိထားမောင်းနှင်ရသည်။

ကင်းသာလမ်းခွဲမှ ပေါင်းလောင်းကို ကားဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ကားလမ်းဘေးဝဲယာမြင်ကွင်းက ပြောင်းလဲသွားသည်။ ကင်းသာမှ ပေါင်းလောင်းမြို့သို့ မိုင် ၄၀ ခန့်ဝေးသည်ဖြစ်ရာ ကားလမ်းမယာဉ်အသွားအလာရှင်းသဖြင့် ပတ်ဝန်းကျင်ကို လေ့လာကြည့်ရှု၍ရသဖြင့် အဆင်ပြေသည်။ တောတောင်သစ်ပင်များဖြင့် စိမ်းလန်းကာ အမြင်အာရုံကြောင့် သိသိသာသာ ပေါ့ပါးလန်းဆန်း မှုဖြစ်ပေါ်စေသည်က အမှန်ပင်။ သည်လမ်းအနီးကို ကျွန်တော်နှစ်ခေါက်ဖြတ်သန်းဖူးသည်။ ပထမတစ်ခေါက်က ပင်လောင်းမြို့သို့ သွားခြင်းဖြစ်ပြီး ဒုတိယတစ်ခေါက်က နေပြည်တော် ပြည်ထောင်စုနယ်မြေနှင့် ရှမ်းပြည်နယ်တို့ ထိစပ်ရာနေရာအထိဖြစ်လေသည်။ ထိုနေရာသို့ ၂၀၁၁ ခုနှစ်က သွားရောက်ခဲ့ခြင်းဖြစ်ရာ ကားအသွားအလာရှိသော်လည်း နည်းပါးနေသေးချိန်ဖြစ်သည်။ ယခုအချိန်တွင် ထိုစဉ်ကထက် ကားအသွားအလာများပြားလာပြီဖြစ်သည်။

ကင်းသာလမ်းခွဲမှ ပင်လောင်းမြို့သို့ အသွားလမ်းခရီးတွင် နေပြည်တော်ရေပူစမ်းအပန်းဖြေစခန်းတည်ရှိနေသည်။ ကျွန်တော်တို့ ရေပူအပန်းဖြေစခန်းကို မရပ်နားတော့ဘဲ ဆက်လက်ထွက်ခွာလာခဲ့သည်။ ရေပူအပန်းဖြေစခန်းအဝင်၌ ကိုယ်ပိုင်ကားသုံးစီးခန့် ရပ်ထားသည်ကို တွေ့ရသဖြင့် နံနက်ပိုင်းကျန်းမာရေးအတွက် ရေပူလာစိမ်ကြခြင်းဖြစ်သည်ဟု တွေးမိသည်။

ပေါင်းလောင်းမြို့သို့ ရောက်ခါနီးလေ တောင်တက်တောင်ဆင်းလမ်း တောင်ပတ်လမ်းများကို ဖြတ်သန်းရလေဖြစ်ရာ စိတ်အပြောင်းအလဲဖြစ်သလို တောင်ပေါ်လမ်းအမြင့်နေရာမှ အောက်ဘက်ရှိ ရှုခင်းများကို ကြည့်ရသည်မှာ မြင်ကွင်းရှုထောင့်ပြောင်းလဲမှုကြောင့် ခံစားမှုအသစ် ရှုခင်းအသစ်အဖြစ်လည်း ခံစားရသည်။ ခပ်လှမ်းလှမ်းတွင် ပေါင်းလောင်းရေဝပ်ဧရိယာ ဆည်ရေသောက်စိုက်ပျိုးဧရိယာများကို တခမ်းတနားတွေ့မြင်ရသည်။

> **ရေတံခွန်သို့သွားရာတွင်လည်း ခရီးမဝေးသည့်အပြင် ကား၊ စက်လှေ၊ လမ်းလျှောက်ရသည့် ခရီးစဉ်ကြောင့် စိတ်အပြောင်းအလဲဖြစ်စေရာ ခရီးအဆင့်ဆင့်ကပင် စိတ်ဝင်စားစရာကောင်းနေသည်။ နေပြည်တော်အနီးတစ်ဝိုက်တွင် ရေတံခွန်အပန်းဖြေ ခရီးစဉ်သစ်တစ်ခုအဖြစ် တဖြည်းဖြည်းရောက်ရှိလာတော့မည်ဖြစ်သည်။**

တောင်လမ်း၊ တောလမ်း အကွေ့အကောက်များကို ဖြတ်ကျော်ခဲ့ပြီးနောက် ကျွန်တော်တို့ ပေါင်းလောင်းမြို့သို့ ရောက်ခဲ့ကြသည်။ ပေါင်းလောင်းမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၃၀၀ ခန့် အမြင့်တွင် တည်ရှိသည်ဖြစ်ရာ ထူးခြားလှသည့် မြို့တစ်မြို့လည်းဖြစ်သည်။ ပေါင်းလောင်းမြို့သည် ရှမ်းပြည်နယ်အတွင်း ပါဝင်ပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသတွင် တည်ရှိလေသည်။



စိမ်းလန်းသော သစ်ပင်နှင့် တောင်များကြောင့် ပေါင်းလောင်းသည် နေချင်စဖွယ်မြို့လည်း ဖြစ်သည်။

ကျွန်တော်တို့ ပေါင်းလောင်းမြို့ရှိ ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း ပေါင်းလောင်းဆည်ရေ၏ ဧရိယာအတွင်း စက်လှေစီးရန် ပြင်ဆင်ရသည်။ နမ့်မွန်ရေတံခွန်သို့ သွားရန် စက်လှေစီးရမည်ဖြစ်ရာ စက်လှေစီးရန်အတွက် ပေါင်းလောင်းမြို့အမှတ် ၄ ရပ်ကွက်တွင် ကားကိုထားခဲ့ပြီး စက်လှေစီးရသည်ဖြစ်ရာ ကျွန်တော်တို့နှစ်ဦးအပါအဝင် နောက်ထပ် ခရီးသည် ငါးဦးလည်း လိုက်ပါကြသဖြင့် စုစုပေါင်းခုနစ်ဦးဖြင့် စတင်ထွက်ခွာခဲ့ကြသည်။

နေပြည်တော်တွင် တာဝန်ထမ်းဆောင်နေသော ကျွန်တော့်မိတ်ဆွေကိုစိန်က သူ့ကားဖြင့် လိုက်ပို့ခြင်းဖြစ်ပြီး အခုစက်လှေစီးခကိုလည်း သူကပင် အကုန်အကျခံလေရာ ကျေးဇူးတင်ရသည်။ လွန်ခဲ့သောနှစ် ၃၀ ကျော်ကပင် ခင်မင်ခဲ့ရသော ကိုစိန်သည် ကွမ်းတမြုံ့မြုံ့ စကားတပြောပြောဖြင့် ခင်မင်စရာကောင်းသည်ဖြစ်ရာ ကျွန်တော်တို့ဒဏ်ကိုလည်း ခံရသူဖြစ်သည်။

ရေပြင်ကိုဖြတ်သန်းမောင်းနှင်နေသော စက်လှေပေါ်မှ ဝဲယာရှုခင်းများကို ကြည့်လိုက်ရာ တောင်တန်းများ၊ သစ်ပင်များက ဝိုင်းရံနေသည့်အလား၊ ရေပြင်ပေါ် ပျံသန်းနေသော ကျေးငှက်များ၊ သစ်ပင်များပေါ် နားနေသော ငှက်များကို တွေ့မြင်ရသည်။ ပစ်ခတ်ဖမ်းဆီးမည့်သူ နည်းပါး၍လားမသိ၊ ကျေးငှက်များ နေထိုင်ကျက်စားပုံမှာ အထိတ်တလန့် ပုံသဏ္ဍာန်မတွေ့ရ။

ရေပြင်နှင့်တောင်ခြေ၊ တောင်ခြေနှင့် ယာခင်း၊ ယာခင်းနှင့် ယာတဲအချို့ကိုလည်း လှမ်းမြင်ရသည်။ ခပ်ဝေးဝေးမှ ကျေးရွာအချို့ကိုမြင်ရပြီး ကျေးလက်သဘာဝကို အပြည့်အဝခံစားမြင်တွေ့ရသည်မှာ စိတ်ထဲရှင်းလင်းကာ ငြိမ်းချမ်းဖွယ်ရာအတိဖြစ်နေသည်။ ရေပြင်ပေါ်မှ မြေပြင်ပေါ်ရှိ ကျေးလက်သဘာဝတောတောင်မြင်ကွင်းများကို မြင်တွေ့ရသည်မှာလည်း တစ်မျိုးပင်။

စက်လှေမောင်းနှင်ချိန် တစ်နာရီကျော်ခန့်အကြာတွင် တောင်ခြေတစ်ခုသို့ ဆိုက်ကပ်လိုက်လေသည်။ စက်လှေပေါ်မှ မြေပြင်သို့ ဆင်းလိုက်သည်နှင့် မြင့်မားသော တောင်ခြေတွင် ရေတံခွန်စီးကျသံများကို အတိုင်းသားကြားလိုက်ရသည်။ ကျွန်တော်တို့ လှပသော တောင်ယာစိုက်ခင်းများအကြား ဖောက်ထားသော လမ်းအတိုင်း လမ်းလျှောက်လာခဲ့ကြသည်။ တောင်ယာစိုက်ခင်းများကိုကြည့်ရင်း တောင်သူအချို့ တောင်ယာလုပ်ငန်းခွင်ဝင်နေကြသည်ကို လှမ်းမြင်ရသည်။ တစ်ဦးစ၊ နှစ်ဦးစက လက်ဝှေ့ယမ်းနှုတ်ဆက်သဖြင့် လက်ပြန်ပြနှုတ်ဆက်လိုက်ကြသည်။ သူတို့နေရပ်ဒေသသို့ အလည်အပတ်လာရောက်ကြသူ ဧည့်သည်များဖြစ်၍ နှုတ်ဆက်ကြသည့်သဘောပင်။

အချိန်အနည်းငယ်လမ်းလျှောက်လိုက်သည်နှင့် တောင်သူတစ်ဦး၏ယာတောအိမ်လေးနှင့် ဧည့်သည်များ အနားယူတည်းခိုရန် ဆောက်လုပ်ထားသော တည်းခိုအိမ်လေး အချို့ကိုတွေ့ရသည်။ ယာတောအိမ်ပိုင်ရှင်မှာ နမ့်မွန်ရေတံခွန်သို့ လာရောက်လည်ပတ်ကြသည့် ဧည့်သည်များကို အစားအသောက်များ ချက်ပြုတ်ကျွေး မွေးရောင်းချနေခြင်းဖြစ်သည်။ နမ့်မွန်ရေတံခွန်အနီး တောင်ယာခင်းများလုပ်ကိုင်ရင်း တစ်ဖက်တစ်လမ်းမှ ရေတံခွန် အပန်းဖြေခရီးဝန်ဆောင်မှုကို ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

ကျွန်တော်တို့ စမ်းချောင်းလေးအတိုင်းလမ်းလျှောက်လာခဲ့ရာ အချိန်တိုအတွင်း နမ့်မွန်ရေတံခွန်သို့ ရောက်ရှိခဲ့ကြသည်။ ရေတံခွန်သို့ သွားရာလမ်းတွင် ခရီးသွားဧည့်သည်များ၊ အလည်အပတ်လာရောက်သူများကို အဖွဲ့လိုက်ရော တစ်ဦးချင်းပါ တွေ့မြင်ရသဖြင့် ဤရေတံခွန်သည် တဖြည်းဖြည်းနှင့်လူသိများလာသော ရေတံခွန်အဖြစ် ရောက်ရှိလာပြီဟု တွေးမိသည်။ တချို့က မိသားစုအလိုက် ဓာတ်ပုံရိုက်နေကြသလို တချို့က တစ်ဦးချင်းရော၊ အဖွဲ့လိုက်ပါ လက်ကိုင်ဖုန်းများဖြင့် ဓာတ်ပုံရိုက်နေကြသည်ကို တွေ့ရသည်။

နမ့်မွန်ရေတံခွန်က တောင်ပေါ်မှအဆင့်ဆင့် စီးဆင်းလာသော ရေများဖြင့် ရေတံခွန်ဖြစ်နေခြင်းကြောင့် မြင့်မားသော တောင်ပေါ်မှ တစ်ဟုန်ထိုးတိုက်ရိုက်ထိုးကျစီးဆင်းလာသည့် ရေတံခွန်ပုံစံမျိုးမဟုတ်သဖြင့် ထူးခြားသည်။ ရေတံခွန်စီးဆင်းရာ နေရာဆင့်ပေါ်တက်ပြီး မတ်တတ်ရပ်နေသူများ၊ ဓာတ်ပုံရိုက်နေသူများကိုလည်း တွေ့မြင်ရသည်။

နမ့်မွန်ရေတံခွန်သည် အဆင့်များစွာရှိနေပြီး ယခုကျွန်တော်တို့ရောက်ရှိနေသောနေရာမှာ ရေတံခွန်အောက်ဆုံးနေရာဖြစ်သည်။ အမြင့် ၁၅ ပေခန့်ရှိသော ရေတံခွန်၊ အမြင့် ၃ ပေခန့်ရှိသော ရေတံခွန်လေးများလည်း သဘာဝအတိုင်းဖြစ်ပေါ်နေရာ ရေကစားရန် နေရာများစွာ ရှိနေသဖြင့် ကလေးငယ်များအတွက်လည်း အဆင်ပြေလေသည်။ ရေတံခွန်၏ အောက်ခြေရေပြင်တွင် ရေကစား အပန်းဖြေလိုလျှင် အသက်ကယ်အင်္ကျီများ ငှားယူဝတ်ဆင်နိုင်အောင် စီစဉ်ပေးထားသည်။

ကျွန်တော်နှင့်ကိုစိန်တို့နှစ်ဦး အဝတ်အစားများလဲကာ ရေတံခွန်တွင် ရေချိုးကာရေစိမ်ကြလေသည်။ ကြည်လင်အေးမြသော ရေကြောင့်ခန္ဓာကိုယ်တစ်ခုလုံးအေးစိမ့်သွားသည်။ အပူရှိန်ကြောင့် တစ်ကိုယ်လုံးနုံးချည့်နွမ်းလျနေရာမှ လန်းဆန်းအပန်းပြေသွားရာ ခေတ္တမျက်လုံးမှိတ်ပြီး ရေစိမ်နေမိသည်။ ရေတံခွန်မှ စီးကျလာသော ရေကရေကူးကန်ထဲမှ ရေနှင့် မတူသလို ပင်လယ်ကမ်းစပ်မှ ရေနှင့်လည်းကွဲပြားသည်။ စီးဆင်းနေသော ရေကို ချိုးပါက ကျန်းမာရေး ညီညွတ်သည်ဟု အဘိုးလေးပြောစကားကို ရေစိမ်ရင်း ပြန်ကြားယောင်မိသည်။

အတန်ကြာ ရေချိုးရေစိမ်ပြီးနောက် ကျွန်တော်တို့ ပြန်တက်ခဲ့ကြသည်။ နမ့်မွန်ရေတံခွန်သို့ အလည်အပတ်လာရောက်သူများ အတွက် အမှိုက်များစနစ်တကျစွန့်ပစ်ရန် သတိပေးထားသည်ကိုတွေ့ရသည်။ သဘာဝပတ်ဝန်းကျင်မထိခိုက်အောင် ဝိုင်းဝန်း ထိန်းသိမ်းရန် တစ်ဦးချင်းတာဝန်ယူမှုရမည်ဖြစ်သည်။

ကျွန်တော်တို့ နမ့်မွန်ရေတံခွန်မှ ပြန်လာခဲ့ပြီး တောင်သူဦးသန်းမြင့်ဦး၏ နေအိမ်တွင် အလာတုန်းကမှာထားခဲ့သော သောကြက်သားဟင်း၊ တောင်ယာထွက်ဟင်းသီးဟင်းရွက်ကြော်များဖြင့်စားရာ စားကောင်းလှသည်။ ဆီကျန်၊ ရေကျန်ချက်ထားသော ကြက်သားဟင်းက မွှေးပျံ့ထူးခြားသလို လတ်ဆတ်သောဟင်းသီးဟင်းရွက်ကြော်ကလည်း အစိမ်းရောင်မပျက် ကြော်ထားသဖြင့် ခံတွင်းတွေ့လေသည်။

ထမင်းစားပြီးနောက် ခေတ္တနားကာ ကျွန်တော်တို့ စက်လှေစီးရန်ထွက်လာခဲ့သည်။ နေပြည်တော်မှ နေ့ချင်းပြန်သွား၍ ရသည့် ခရီးစဉ်ဖြစ်သလို အချိန်ပေးနိုင်သူများအတွက် ညအိပ်လာလျှင်လည်း တည်းခိုအိမ်လေးများ တည်ဆောက်ပေးထားသည်ကို တွေ့ရသည်။ ရေတံခွန်အပြင် တောင်ပေါ်လမ်းအတိုင်း လေ့လာလိုသူများ၊ ငှက်ကြည့်ဝါသနာရှင်များအတွက်လည်း သွားရောက်လေ့လာနိုင်သည့် နေရာလည်းဖြစ်သည်။

ရေတံခွန်သို့သွားရာတွင်လည်း ခရီးမဝေးသည့်အပြင် ကား၊ စက်လှေ၊ လမ်းလျှောက်ရသည့် ခရီးစဉ်ကြောင့် စိတ်အပြောင်းအလဲ ဖြစ်စေရာ ခရီးအဆင့်ဆင့်ကပင် စိတ်ဝင်စားစရာကောင်းနေသည်။ နေပြည်တော် အနီးတစ်ဝိုက်တွင် ရေတံခွန်အပန်းဖြေ ခရီးစဉ်သစ်တစ်ခုအဖြစ် တဖြည်းဖြည်း ရောက်ရှိလာတော့ မည်ဖြစ်သည်။

ပေါင်းလောင်းတွင် ထားခဲ့သောကားကိုယူကာ ပြန်လာခဲ့သော ကျွန်တော်တို့နှစ်ဦးမှာ နမ့်မွန်ရေတံခွန်နှင့် ခရီးစဉ်အကြောင်း ကိုယ်စီပြန်တွေးရင်း အပြန်လမ်းတစ်လျှောက် တိတ်တိတ်ဆိတ်ဆိတ်။ ငြိမ်ငြိမ်သက်သက်နှင့်။ ။

# ရာဇဝင်ထဲမှာ ဒဏ္ဍာရီပုံပြင်ပမာကျန်ခဲ့သည့် ကနီမြို့လယ်က တိုက်ပျက်ကြီး

**ပြည့်အောင်နိုင်(ပါရဂူမြေ)**



အတိတ်အကြောင်းတွေက ကျွန်တော့်ရင်ကို လှုပ်နှိုးသွားတော့ ပျောက်ကွယ်သွားသော မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို တမ်းတလွမ်းရပြန်ပါသည်။ ကျွန်တော်ငယ်စဉ်က ရွှေမြင်းဖြူတောင်ပေါ်မှ လှမ်းကြည့်လျှင်လည်းထီးထီးမားမား၊ ကနဲဘက်ကမ်းက ရှုမြင်ရလျှင်လည်း ထည်ထည်ဝါဝါမြင်နေရသည့် ကနီမြို့လယ်ကောင်မှာ မြို့၏ယဉ်ကျေးမှု သမိုင်းပြယုဂ်ကို ဖော်ကျူးပြနေသည့် တိုက်ပျက်ကြီး...။ ထိုတိုက်ပျက်ကြီးနှင့် ကနီမြို့...။ ကနီမြို့နှင့် ထိုတိုက်ပျက်ကြီး....။

**ထူးခြားသောမြို့ဝန်**

ကနီမြို့သည် ရှေးယခင်က မြို့ဝန်တို့အုပ်ချုပ်ခဲ့သော မြို့တစ်မြို့ပင်ဖြစ်ပါသည်။ ပထမမြို့ဝန်ဦးဒွေးသည် မင်းတုန်းမင်းလက်ထက် မြင်ကွန်းမင်းသားအရေးပြီးသည့် အချိန်မှစ၍ မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ် သီပေါမင်းပါတော်မူပြီးသည့်အချိန်အထိ ကနီမြို့ဝန် တာဝန်ကိုယူခဲ့ပေသည်။ ဗြိတိသျှ အင်္ဂလိပ်လက်အောက်သို့ မြန်မာတစ်နိုင်ငံလုံးကျရောက်သောအခါတွင် နယ်ချဲ့တို့က မိမိတို့၏ အုပ်ချုပ်ရေးတွင် မြန်မာမင်းမှုထမ်းများအနက်မှ ယုံကြည်စိတ်ချရသူအချို့ကို ဆက်လက်၍ တာဝန် ပေးအပ်ခံရသူထဲ၌ ကနီမြို့ဝန် ဦးဒွေးသည်လည်း တစ်ဦးအပါအဝင်ဖြစ်၏။ ဗန့်ကျီနှင့် ကနီနယ်နှစ်နယ်ကို စီမံအုပ်ချုပ်စေသည်။

**ကနီမြို့ဝန် ဦးတုတ်ဆောက်လုပ်ခဲ့သော တိုက်ကြီးကို ၂၀၁၅ ခုနှစ်နောက်ပိုင်း ဖျက်ပစ်ကာ တိုက်ငယ်များ ဆောက်လုပ်သည်ကို တွေ့ရပါသည်။ ယခုအချိန်တွင် ကနီမြို့ဝန် ဦးတုတ်၏ တိုက်ကြီးမှာကား မရှိတော့ပြီ။ နောင်လာနောက်သားများအား ပြောပြပါက မယုံနိုင်စရာ ဒဏ္ဍာရီပမာသာ ဖြစ်ပေလိမ့်မည်။**

ခေတ်ပြောင်းသော်လည်း မြို့ဝန်ပင်ဆက်ဖြစ်နေသည့် ထူးခြားသော မြို့ဝန်တစ်ပါးပင်ဖြစ်ပေသည်။ သို့သော် ဗန့်ကျီနယ်ဘက်မှ မောင်တုတ်နှင့် အပေါင်းအပါတစ်စုတို့၏ လုပ်ကြံမှုကြောင့် ကံကုန်ခဲ့ရပေသည်။

ကနီမြို့ဝန် ဦးဒွေး လွန်ပြီးနောက် ဗန့်ကျီနှင့် ကနီနယ်နှစ်နယ်ကို စီမံအုပ်ချုပ်ရန်ညီဖြစ်သူ ဦးတုတ်အား အင်္ဂလိပ်အစိုးရက တာဝန်ပေးအပ်ခဲ့သည်။ ဦးတုတ်သည် မြို့ဝန်အရိုက်အရာကို ခန့်အပ်မှုအရ ဆက်ခံခဲ့ခြင်း ဖြစ်သည်။

ဦးတုတ် မြို့ဝန်ဖြစ်လာသောအခါ ကနီမြို့ မြို့လယ်ဘုရားကြီး (ရှင်ဘုရင်ရပ်ကြည့်)၏ အနောက်မြောက်ထောင့်အရပ်၌ ချင်းတွင်းသလ္လာဝတီမြစ်ကမ်းပါးနှင့် ၁၅ တာခန့်အကွာ အတောင် ၁၀၀ ပတ်လည်ရှိသော မြေကွက်၌ ချင်းတွင်း သလ္လာဝတီ မြစ်ကမ်းဘက်သို့ဆင်းသော အုတ်လှေကားတစ်ခုနှင့် နှစ်ထပ်တိုက်ကြီး တစ်လုံးကို ဆောက်လုပ်၍ နေထိုင်ခဲ့သည်။ ထိုတိုက်ကြီးသည် အလျား× အနံ အတောင် ၄၀ ခန့်ပတ်လည် အမြင့် အတောင် ၃၀ နီးပါး၊ ကြမ်းခင်းဧရိယာစတုရန်းပေ ၇၀၀၀ ကျော်ကျယ်ဝန်းပါသည်။

**စာမစပ်နိုင်**

ဝန်မင်းဦးတုတ်တွင် ဇနီးလေးဦးရှိ၏။ ပထမဇနီး ဒေါ်ရွှေသင်းမှ မယ်ပြား(ခေါ်) မမကြီး၊ မယ်ရွှေခဲ(ခေါ်) မမကလေးကို မွေးဖွားသည်။ ဒုတိယဇနီး ဒေါ်ရွှေညွန့်မှ ဒေါ်ရွှေကြီး၊ ဦးကျော်မြင့်တို့ကို မွေးဖွားသည်။ တတိယဇနီးဒေါ်ပုမှ ဦးလူညွန့်၊ ဦးရဲညွန့်တို့ကို မွေးဖွားသည်။ စတုတ္ထဇနီး ဒေါ်ချင်းမှ ဦးသံချောင်း(ခေါ်) ဦးဦးတင့်ကို မွေးဖွားခဲ့သည်။

မြို့ဝန်ဦးတုတ်သည် မယ်ပြား(ခေါ်)မမကြီး၊ မယ်ရွှေခဲ(ခေါ်)မမကလေးတို့၏ နားထွင်းမင်္ဂလာကို ထူးခြားခမ်းနားစွာ ထိုတိုက်ကြီးပေါ်မှာပင် ကျင်းပပေးခဲ့သည်။ နားထွင်းမင်္ဂလာပွဲသို့ သံချိုဆရာကြီး မောင်းထောင်ဦးကျော်လုတက်ရောက်ခဲ့သည်။ ထိုနားထွင်းမင်္ဂလာပွဲတွင် ဦးကျော်လုသည် ကနီဝန်၏ ဆွေစဉ်အဆက်ဆက် အမျိုးအနွယ်တော် ကိုးဆယ်ကျော်ရှိကြောင်း ကုန်စင်အောင်ပင် စာမစပ်နိုင်ပုံကို သံချိုကဗျာရေးဖွဲ့ချီးကျူးခဲ့သည်။

မြို့ဝန်ဦးတုတ်သည် ရွှေထီးဆောင်းအဆောင်အယောင်နှင့်တကွ ဗြိတိသျှ အစိုးရက အသိအမှတ်ပြု 'သူရဲကောင်းငွေဓားဆုရမင်း' "P.D.M" ဘွဲ့နှင့် ဗြိတိသျှတံဆိပ်ပါ စလွယ်ကြီးတစ်ခုပါ ဂုဏ်ပြုချီးမြှင့်ခံခဲ့ရသော မြန်မာနိုင်ငံတွင် နောက်ဆုံးရှိခဲ့သည့် မြို့ဝန်တစ်ဦးဖြစ်ပါသည်။ နှစ်ပေါင်း ၂၀ ကျော် ဗန့်ကျီနယ်နှင့် ကနီနယ်နှစ်နယ်ကို တာဝန်ယူအုပ်ချုပ်ခဲ့သည်။ ကနီမြို့ဝန်ဦးတုတ်သည် လူ့အသက်ကို စီရင်ခွင့်ရထားသူဖြစ်သည့် အလျောက် မင်းစိုးရာဇာစိတ်ဝင်၍ မာန်ကြီးသူတစ်ဦးပင်ဖြစ်၏။ သူနှင့် သွေးနီးနီး ဝေးဝေး၊ ရင်းရင်း စိမ်းစိမ်း ကျိုးနွံအောင် ဖိနှိပ်ထားသည်။ သွေးနီးရင်းချာများပင် မခံမရပ်နိုင်ဖြစ်ရ၏။ သားချင်းဆွေမျိုးအချို့သည် မြို့ဝန်ဦးတုတ်၏ နှိပ်ကွပ်မှုဒဏ်ကို မခံနိုင်ကြသဖြင့် ကနီနှင့်ဝေးရာကင်းရှာသို့ပြောင်းရွှေ့သွားကြသူများပင် ရှိပါသည်။ 'သည်မြို့ သည်ဝန်နှင့်ကြာ...လူ့ကျွန်ဖြစ်ရချည့် ပြေးပေါ့...'ဟု မကျေနပ်ချက်ကို စာပင်စပ်ဆိုခဲ့ကြသည်။

**တိုက်ကြီး၏ပိုင်ရှင်**

ကနီမြို့လယ်မှ တိုက်ကြီး၏ပိုင်ရှင် ကနီမြို့ဝန် ဦးတုတ်သည် ပဉ္စမမြောက် ဂျော့ဘုရင်လက်ထက်တွင် လုပ်ကြံသတ်ဖြတ်ခံခဲ့ရပါသည်။ လုပ်ကြံသူမှာ ဦးတုတ်၏ အစ်မအကြီးဆုံး မယ်စို၏မြစ်အရင်း၊ ဦးတုတ်တူမအရင်း၏ မြေးဖြစ်သဖြင့် သူ၏ဝမ်းကွဲမြစ်တော်စပ်သူပင် ဖြစ်ပါသည်။

ဗြိတိသျှခေတ် မြို့ပြအုပ်ချုပ်ရေးစနစ်ကျင့်သုံးသောကာလတွင် အငြိမ်းစားနယ်ပိုင်ဝန်ထောက်ကြီးဦးမဲ (ဝန်မင်းဦးတုတ်၏သမက်) စစ်ကဲတန်း(ခေါ်) ဝန်ထောက်ရာထူး (E.A.C) အမှုထမ်းကောင်းဘွဲ့ (A.T.M) ကျက်သရေဆောင် ရွှေစလွယ်မင်း (K.S.M) ကိုမြို့အုပ်၊ ဦးလူညွန့် (ဝန်မင်းဦးတုတ်၏သား)ကို တွဲဖက်မြို့အုပ်အဖြစ် အင်္ဂလိပ်အစိုးရက တာဝန်ပေးခဲ့သည်။ ဦးမဲသည် အတွေ့အကြုံရင့်ကျက်သူ၊ ဦးလူညွန့်ကလိမ္မာပါးနပ်သူဖြစ်သည့်အားလျော်စွာ ထိုခေတ်ကာလက ကနီမြို့သည် အင်မတန်သာယာဝပြောလှသည်ဟု မှတ်သားဖူးပါသည်။ ထိုတိုက်ကြီးသည်ပင် 'ဘုရားထူးခံဦးမဲတိုက်' ဟု နာမည်ကျော်ခဲ့ဖူးပါ၏။

**ပိုးပဝါကိုရစ်ပေါင်း**

ဝန်ထောက်ကြီးဦးမဲ၏ ပုံသဏ္ဌာန်ကား ပိန်ပိန်ပါးပါး၊ အရပ်ခြောက်ပေနီးပါးရှိပြီး ဦးထိပ်တွင် သျှောင်ငယ်ကို ခပ်စောင်းစောင်းထုံးထားကာ ပိုးပဝါကိုရစ်ပေါင်း၍ ခေါင်းပေါင်းမြိတ်ကို လက်လေးသစ်ခန့် ထောင်ထား၏။ လမ်းလျှောက်လျှင် ပုဆိုးပေါ်တွင် ခါးပတ်ပတ်ထားပြီး ခါးပတ်ရှေ့တွင် ခြောက်လုံးပြူးသေနတ်ကို ခပ်စောင်းစောင်းထိုးချိတ်ထား၏။

ဝန်ထောက်ကြီးဦးမဲသည် ဝန်မင်းဦးတုတ်၏ သမီးငယ်အသားအရေ ဝါဝင်းလှပသော ဒေါ်မမကလေးနှင့် အကြောင်းပါခဲ့သည်။ ဦးမဲနှင့် ဒေါ်မမကလေး လက်ထပ်ခဲ့စဉ်က 'တိုက်ကြီးပေါ်က အပျိုစင် ဒယ်အိုးဖင်နဲ့ ညားလေခြင်း'၊ 'တိုက်ကြီးပေါ်က ဘဲဥဖြူ၊ ကျီးမည်းယူလို့ ချီရက်လေခြင်း' ဟူ၍ တိတ်တဆိတ်ကျိတ်ကာ စာချိုးလှောင်ပြောင်ခဲ့ကြသည်များပင် ရှိခဲ့ပါသည်။ ဝန်ထောက်ကြီးဦးမဲဆိုသူမှာ နာမည်နှင့်လိုက်အောင်ပင် အတော်အသားမည်းပုံရပေသည်။

၁၉၄၂ ခုနှစ် ဧပြီလ(မြန်မာနှစ် ၁၃၀၄ ခုနှစ်)တွင် တွဲဖက်မြို့အုပ်ဖြစ်သူ လောင်စာဆီရောင်းချခွင့်ရ 'ဘီအိုစီ' ကိုယ်စားလှယ် ဦးလူညွန့်အား ဒုတိယကမ္ဘာစစ်ကာလဖြစ်သဖြင့် လောင်စာဆီများကို အမြန်ဆုံး ဖျက်ဆီးပစ်ရန် အင်္ဂလိပ်အစိုးရက အမိန့်ထုတ်ညွှန်ကြားလိုက်သည်။ ဦးလူညွန့်နှင့် သူ၏တပည့်သည် လောင်စာဆီပုံးများကို ဖျက်ဆီးမပစ်ဘဲ လေလုံအောင် ခဲဂဟေဖြင့်ပိတ်၍ ဘေးကင်းရာသို့ရွှေ့ရန် ပြုလုပ်ကြရာမှ လောင်စာဆီများ ခဲဂဟေမီးမှ မီးလောင်ကာ မြို့ဝန်တို့အုပ်စိုးခဲ့ရာ အုတ်တိုက်ကြီးမှာလည်း သင်္ချိုင်းကို မလွန်ဆန်နိုင်ဘဲ မီးထဲပါသွားခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်မီးနှင့် ကနီမီးအပြိုင်ဖြစ်ကာ ကနီမြို့သည်လည်း ပြာပုံဘဝရောက်ခဲ့ရပေသည်။

**မယုံနိုင်စရာ**

နောက်ပိုင်းတိုက်ပျက်ကြီးသည်လည်း ၂၀၁၅ ခုနှစ်ကာလအထိ ထီးထီးမားမားကြီး တည်ရှိနေပါသည်။ ချင်းတွင်း(သလ္လာဝတီ)မြစ်ဘက်မှ အုတ်လှေကားကြီးမှာကား မြစ်ကမ်းပါးပြိုရေတိုက်စားသည့်အထဲ ပါသွားခဲ့လေပြီ။ ကနီမြို့ဝန်ဦးတုတ်ဆောက်လုပ်ခဲ့သော တိုက်ကြီးကို ၂၀၁၅ ခုနှစ်နောက်ပိုင်းဖျက်ပစ်ကာ တိုက်ငယ်များ ဆောက်လုပ်သည်ကို တွေ့ရပါသည်။ ယခုအချိန်တွင် ကနီမြို့ဝန်ဦးတုတ်၏ တိုက်ကြီးမှာကား မရှိတော့ပြီ။ နောင်လာနောက်သားများအား ပြောပြပါက မယုံနိုင်စရာ ဒဏ္ဍာရီပမာသာ ဖြစ်ပေလိမ့်မည်။

ကျွန်တော်တို့ ကနီမြို့၏ ယဉ်ကျေးမှုသမိုင်းပြယုဂ်ကို ဖော်ကျူးပြနေသည့် ကနီမြို့လယ်ကောင်က တိုက်ပျက်ကြီးမှာကား ခေတ်အဆက်ဆက်ပြောင်းလဲလာသည်နှင့်အမျှ ရွှေ့လျားကာ မျက်စိပသာဒမြင်ကွင်းပေါ်မှာ မရှိတော့ပြီ။ သမိုင်းမသိတော့သူတိုင်းအား သတိပေးချင်သည်မှာ ယဉ်ကျေးမှုအမွေအနှစ်တို့ကို မဖျက်ဆီးကြပါနှင့် အမြတ်တနိုးတန်ဖိုးထားကြပါဟု တိုက်တွန်းချင်ပါသည်။ ကနီမြို့နှင့် တိုက်ပျက်ကြီး၊ တိုက်ပျက်ကြီးနှင့် ကနီမြို့သည်ကား ရာဇဝင်သမိုင်း ကြောင်းအရ ခွဲခြား၍ မရနိုင်တော့ပြီ။

## ဓမ္မရုံကြီးဘုရားနှင့် စေတနာကြီးဘုရားတို့တွင် အဝီစိစက်ရေတွင်းများ တူးဖော်လှူဒါန်း

**ညောင်ဦး မေ ၂၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၃)ရပ်ကွက် စေတဝန်ဘုန်းတော်ကြီးကျောင်းတိုက်ဆရာတော် ဦးပညာသာရ ဦးဆောင်သော ပရဟိတအလှူရှင်များနှင့် ဆရာတော်ဦးဗလ၏ အပေါင်းအသင်းမိတ်ဆွေများက စုပေါင်းထည့်ဝင်လှူဒါန်းငွေများဖြင့် ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသရှိ ဓမ္မရုံကြီးဘုရားနှင့် စေတနာကြီးဘုရားတို့တွင် သောက်သုံးရေ အဆင်ပြေစေရေး ရည်ရွယ်၍ နှစ်လက်မ အဝီစိစက်ရေတွင်းများ တူးဖော်လှူဒါန်းပေးလျက်ရှိကြောင်း ဆရာတော် ဦးပညာသာရထံမှ သိရသည်။

"စေတနာကြီးဘုရားအတွက် နှစ်လက်မအဝီစိ စက်ရေတွင်းက မြေအောက်အနက်ပေ ၂၃၀ ရှိပြီး၊ ရေထွက်အားက တစ်နာရီကို ရေဂါလန် ၆၅၀ ခန့်ထွက်ရှိပါတယ်။ ဓမ္မရုံဘုရားက မြေအောက်အနက်ပေ ၂၁၀ ရှိပြီး ရေထွက်အားက တစ်နာရီကိုရေဂါလန် ၇၀၀ ခန့်ဖြစ်ပါတယ်။ နောက်ပြီး ဦးပဥ္စင်းတို့က စက်ရေတွင်းအပြင် ရေသိုလှောင်ထားရှိ သွားနိုင်ဖို့ အတွက် ရေဂါလန် ၄၀၀ ဆံ့ ဖိုက်ဘာရေစု ကန်တစ်လုံးစီကိုလည်း ထည့်ဝင်လှူဒါန်းပေးထားပါတယ်။ ဘုရားတွေမှာ စက်ရေတွင်း လှူဒါန်းပေးရတဲ့ အဓိကရည်ရွယ်ချက်ကတော့ ဘုရားဖူးလာတဲ့ပြည်သူတွေ၊ ဒေသခံပြည်သူတွေသောက်သုံးရေအဆင်ပြေစေဖို့နှင့် ဘုရားတွေမှာ အရိပ်ရသစ်ပင်တွေ စိုက်ပျိုးတဲ့အခါ လိုအပ်တဲ့ စိုက်ပျိုးရေအသုံးပြုနိုင်ရေးအတွက် လှူဒါန်းပေးခြင်း ဖြစ်ပါတယ်"ဟု ဆရာတော်က မိန့်ကြားသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

**ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးရပ်ကွက် ဈေးကြီးလမ်းဗဟိုညဈေးအနီး၌ မေလတတိယပတ်က မူးယစ်ဆေးဝါး အသိပညာပေးပြကွက်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးပြကွက်၊ မှုခင်းဖြစ်စဉ်ပြခန်းများကို မြို့နယ်ရဲတပ်ဖွဲ့ မှူးရဲမှူး မောင်မောင်အောင် ရှင်းပြမှုအပေါ် ပြည်သူများ တက်ရောက်လေ့လာနေကြစဉ်**

ကိုကြီးတင်



## ဆလုံလူမျိုးကျေးရွာများသို့ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**ကော့သောင်း မေ ၂၇**

ကော့သောင်းမြို့နယ် အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနမှ ဝန်ထမ်းများ မေ ၂၅ ရက်က ကော့သောင်းမြို့နယ်အတွင်း ကျေးရွာများရှိ ဆလုံလူမျိုးများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းပုံစံများ ထုတ်ပေးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။

ဆောင်ရွက်မှုတွင် အဆိုပါနေ့နံနက်ပိုင်းက မြို့နယ် အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျေးရွာတာဝန်ရှိအဖွဲ့အစည်းများပူးပေါင်းကာ ကော့သောင်းမြို့နယ်အတွင်းရှိ ပင်လယ်ပျော်ဆလုံ(ခေါ်) မော်ကင်းလူမျိုးများနေထိုင်ရာ ပင်လယ်ကျွန်းကျေးရွာများဖြစ်သည့် ညောင်ဝိကျွန်းကျေးရွာ၊ မကြုံဂလက်ကျေးရွာနှင့် ဂျလန်းကျွန်းကျေးရွာများသို့ရောက်ရှိပြီး ကျေးရွာအတွင်း အတည်တကျနေထိုင်ကြသည့် ဆလုံလူမျိုးများ၏ လူဦးရေစာရင်းအရ မိသားစုများသို့ အိမ်ထောင်စုစာရင်းများ ထုတ်ပေးခြင်း၊ အသက် ၁၀ နှစ်နှင့် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

# ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေဖို့ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ထိန်းသိမ်းစို့

— တက္ကသိုလ်ပွင့်သူအောင် —



ကမ္ဘာ့လူဦးရေသန်းပေါင်း ၇၀၀၀ ကျော် နေထိုင်လျက်ရှိသော ကမ္ဘာကြီးနှင့် သဘာဝ ပတ်ဝန်းကျင် အရှည်သဖြင့် တည်တံ့ခိုင်မြဲရေးနှင့် လူသားများ၏ဘဝ ရှင်သန်တည်မြဲရေးတို့အတွက် ဇီဝမျိုးစုံမျိုးကွဲများ(Biodiversity)သည် မရှိမဖြစ် လိုအပ်သည်။ ဇီဝမျိုးစုံမျိုးကွဲဆိုသည်မှာ သဘာဝအပင်များ၊ တောရိုင်းတိရစ္ဆာန်များ၊ သေးငယ်သော အဏုဇီဝများနှင့် သက်ရှိတို့ပါဝင်နေသည့် ဂေဟဗေဒဖွဲ့စည်းမှုစနစ်များပင်ဖြစ်သည်။

ဇီဝမျိုးစုံမျိုးကွဲများ၏ အသုံးဝင်ခြင်းနှင့် အကျိုး သက်ရောက်ခြင်းတို့ကို စနစ်တကျ သေချာစွာ စူးစမ်းလေ့လာမှု မပြုမီ အချိန်ကာလအတွင်းမှာပင် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ခဲ့မှုမရှိခဲ့သောကြောင့် ကမ္ဘာပေါ်၌ အပင်နှင့် သတ္တဝါများစွာ ပျောက်ကွယ်ခဲ့သည်။ အချို့အပင်နှင့် သတ္တဝါများမှာ ကွယ်ပျောက်လုနီးပါးဖြစ်လာခဲ့သည်။ ထို့ကြောင့် ဇီဝမျိုးစုံမျိုးကွဲများ အဆက်မပြတ် ပျောက်ကွယ်ပျက်စီးခြင်းကို စိုးရိမ်၍ ယင်းကိစ္စကို ကမ္ဘာသူကမ္ဘာသားများသိစေရေးနှင့် ဝိုင်းဝန်းထိန်းသိမ်းစေရေးတို့အတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ၂၀၁၀ ပြည့်နှစ်ကို အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲများနှစ်(Internation Year of Biodiversity)အဖြစ် လည်းကောင်း၊ ၂၀၁၁ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာသစ်တောများနှစ် (Internation Year of Forest)အဖြစ် လည်းကောင်း သတ်မှတ်ပေးခဲ့သည်။

ဇီဝမျိုးစုံမျိုးကွဲများ ပျက်စီးပျောက်ကွယ်ခဲ့ပါလျှင် လူသားနှင့် သဘာဝပတ်ဝန်းကျင်တို့ ညီညွတ်မျှတလျက်ရှိသည့် ကွင်းဆက်များပါ ပျက်သုဉ်းသွားမည်ဖြစ်သည်။ ထိုအခါ လူသားတို့၏ ဘဝရှင်သန်ရပ်တည်မှုများမှာ ထိခိုက်လာနိုင်သည်။ လွန်ခဲ့သော ၂၀၀၂ ခုနှစ်က တောင်အာဖရိကနိုင်ငံ လိုဟန်နက်စ်ဘတ်မြို့တွင် ကျင်းပခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ထိပ်သီးညီလာခံ(World Summit on Sustainable Development WSSD)၌ ၂၀၁၀ ပြည့်နှစ်တွင် ဇီဝမျိုးစုံမျိုးကွဲများလျော့နည်းပပျောက်ရေးကို သိသာထင်ရှားစွာလျှော့ချနိုင်ရန်ဟူသော ရည်မှန်းချက်ကို ချမှတ်ခဲ့သည်။ ယင်းရည်မှန်းချက် ရရှိနိုင်ရေးအတွက် လိုအပ်မည့်အစီအမံများကိုလည်း ညီလာခံ၌ ထည့်သွင်းဆွေးနွေးကြသည်။

ထို့နောက် ကမ္ဘာ့ကုလသမဂ္ဂညီလာခံကြီးက အဆိုပါ အစီအမံများကို အတည်ပြုပေးရင်း တစ်ဆက်တည်းမှာပင် အဆိုပါ ဇီဝမျိုးစုံမျိုးကွဲများဆိုင်ရာ ရည်မှန်းချက်ကို ထောင်စုနှစ်ရည်မှန်းချက်များအနက် အမှတ်စဉ်(၇)ရည်မှန်းချက်ဖြစ်သည့် "ပတ်ဝန်းကျင်ကောင်းရေရှည်တည်တံ့မှု သေချာစေရေး(To Ensure Environmental sustainability)" ဟူသော ခေါင်းစဉ်အောက်၌ ထည့်သွင်းပေးခဲ့သည်။ ထို့နောက် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးအတွက် အရေးပါလှသော သဘာဝထိန်းသိမ်းရေးနယ်မြေများတည်ထောင်ရန် အစီအမံများချမှတ်ခဲ့သည်။

အထူးသဖြင့် ကမ္ဘာ့ရာသီဥတု ပြုပြင်ပြောင်းလဲမှုများကြောင့် သဘာဝပတ်ဝန်းကျင်သည်လည်း ကမ္ဘာတစ်ဝန်း၌ ပျက်ယွင်းမှုများ ဖြစ်ပေါ်လာခဲ့သည်။ ထိုစဉ်မှာပင် ကမ္ဘာ့ပျမ်းမျှအပူချိန်မှာ ၁၈၅၀ ပြည့်နှစ်မှ ၂၀၀၅ ခုနှစ်အတွင်း ၀ ဒသမ ၇၆ ဒီဂရီစင်တီဂရိတ်ခန့် တိုးလာသည်။ ကမ္ဘာ့အပူချိန်မြင့်တက်လာမှုမှာ နှစ်ပေါင်း ၃၀အတွင်း ၃ ဒီဂရီစင်တီဂရိတ်အထိ မြင့်တက်လာခဲ့၍ ကမ္ဘာ့ဝင်ရိုးစွန်းဒေသများရှိ ရေခဲပြင်များ အရည်ပျော်မှု လျင်မြန်လာခဲ့သည်။ ၂၁ ရာစုမကုန်မီမှာပင် ကမ္ဘာ့ပျမ်းမျှအပူချိန်သည် ၄ ဒီဂရီစင်တီဂရိတ်မှ ၆ ဒသမ ၄ စင်တီဂရိတ်အထိ ရှိခဲ့သည်။ ထို့အတူ ကမ္ဘာလေထုနှင့် သမုဒ္ဒရာများ၏ ပျမ်းမျှအပူချိန်မြင့်တက်လာမှုသည် ကမ္ဘာကြီးပူနွေးလာမှု(Global Warming)ကို ဖြစ်စေခဲ့ရာ မှတ်တမ်းအရ ၁၉၉၀ ပြည့်နှစ်မှ ၂၀၀၈ ခုနှစ်အတွင်း ကမ္ဘာ့ပျမ်းမျှအပူချိန်မှာ အမြင့်ဆုံး ၁၀ ကြိမ် ဖြစ်ပေါ်လာခဲ့သည်။

ထို့အပြင် လူသားနှင့် သက်ရှိများအား အန္တရာယ်ပြုနိုင်သည့် ခရမ်းလွန်ရောင်ခြည်များကို ဒိုင်းကြီးသဖွယ် ကာဆီးပေးထားသော အိုဇုန်းလွှာမှာလည်း တဖြည်းဖြည်းပါးရာမှ ပေါက်သည့်အခြေအနေသို့ ရောက်ရှိခဲ့သည်။ ထိုစဉ်မှာပင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလလယ်အတွင်း အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ အရှေ့အလယ်ပိုင်း (East Central Tropical Paciafic Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် အားကောင်းသောအယ်လ်နီညို(El-Nino) ဖြစ်ပေါ်စေသည့်အဆင့်အထိ ပူနွေးလာမှုကြောင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၆ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအထိ သုံးလအတွင်း ပျမ်းမျှ ပင်လယ်ရေမျက်နှာပြင်အပူချိန်သည် အားအကောင်းဆုံးအယ်လ်နီညိုကို ဖြစ်ပေါ်စေခဲ့သည်။ ၂၀၁၅ ခုနှစ် တစ်နှစ်တာကာလအတွင်း ရာသီဥတုဖြစ်စဉ်ကြောင့် ကမ္ဘာတစ်ဝန်း ထိခိုက်ခံစားခဲ့ရသူဦးရေမှာ ၉၈ ဒသမ ၆ သန်း ရှိခဲ့သည်။

ထို့ကြောင့် ကမ္ဘာမြေဂေဟစနစ်ကို ထိန်းသိမ်းပေးနေသော ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရန် သစ်တောသစ်ပင်များ ပြုန်းတီးပျက်စီးနေခြင်းနှင့် တောရိုင်းတိရစ္ဆာန်များ တရားမဝင် သတ်ဖြတ်ခြင်းများကို ထိန်းသိမ်းကာကွယ်ရန် လိုအပ်လာပြီ ဖြစ်သည်။ မြန်မာနိုင်ငံတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများဟူ၍ အဆင့်ဆင့် ခွဲခြားသတ်မှတ်လျက် သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထာဝစဉ်တည်တံ့စေရန် နှစ် ၃၀ အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံသည် သစ်တောဖုံးလွှမ်းမှု အလွန်ကောင်းမွန်သောနိုင်ငံဖြစ်၍ သစ်တောဖုံးလွှမ်းမှုပမာဏကို လေ့လာကြည့်သောအခါ ၁၉၇၅ ခုနှစ်၌ နိုင်ငံ့ဧရိယာ၏ ၆၀ ဒသမ ၈၉ ရာခိုင်နှုန်း ၁၉၉၀ ပြည့်နှစ်တွင် နိုင်ငံ့ဧရိယာ၏ ၅၇ ဒသမ ၉၆ ရာခိုင်နှုန်း၊ ၂၀၀၀ ပြည့်နှစ်၌ နိုင်ငံ့ဧရိယာ၏ ၅၀ ဒသမ ၅၄ ရာခိုင်နှုန်း၊ ၂၀၀၅ ခုနှစ်တွင် နိုင်ငံ့ဧရိယာ၏ ၄၉ဒသမ ၂၅ ရာခိုင်နှုန်း၊ ၂၀၁၀ ပြည့်နှစ်၌ နိုင်ငံ့ဧရိယာ၏ ၄၆ ဒသမ ၉၆ ရာခိုင်နှုန်းသို့ အသီးသီးပြောင်းလဲလာခဲ့သည်။ ထိုသို့ သစ်တောများ လျော့နည်းပြုန်းတီးလာခဲ့၍ ယနေ့မျက်မှောက်ကာလ၌ ကြီးမားသည့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာတစ်ရပ် ဖြစ်ခဲ့ပြီး ရာသီဥတုပြောင်းလဲခြင်းနှင့် မုန်လုံအိမ်ဓာတ်ငွေ့ အာနိသင် ဖြစ်ပေါ်မှုအပေါ် အကျိုးသက်ရောက်မှု ရှိလာခဲ့သည်။

အထူးသဖြင့် ဇီဝမျိုးစုံမျိုးကွဲများသည် လူသားများအသက်ရှင်နေထိုင်ရေးအတွက် တိုက်ရိုက်အထောက်အပံ့ပေးမှုများမှာ အစားအစာ၊ ရေချို၊ ရေကောင်းရေသန့်၊ သစ်နှင့် သစ်တောထွက်ပစ္စည်းများ စသည်တို့ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့လူဦးရေသန်းပေါင်း ၇၀၀၀ ကျော်တို့ အသက်ရှင်နေထိုင်ရေးအတွက် ရာသီဥတုနှင့်ပတ်သက်၍ ပံ့ပိုးမှုပေးရာ၌ ဥတုရာသီမျှတစေသည်။ သဘာဝဘေးအန္တရာယ်မှ ကာကွယ်မှုပေးရာတွင် ရေလွှမ်းမိုးမှုမဖြစ်စေရန် ကာကွယ်ပေးနေသည်။ လူသားတို့ကျန်းမာရေးနှင့် စပ်လျဉ်း၍ ရောဂါကာကွယ်ပေးနေသည့်အပြင် ရေကို သန့်ရှင်းစင်ကြယ်စေသည်။ ဇီဝမျိုးစုံမျိုးကွဲတို့သည် လူသားတို့စိတ်ပျော်ရွှင်ရေးအတွက် အပန်းဖြေနေရာအဖြစ် တည်ရှိနေသည်သာမက ရိုးရာယုံကြည်မှုကိုးကွယ်မှုအတွက် ပံ့ပိုးပေးခြင်း၊ သဘာဝအလှအပများဖန်တီးပေးခြင်းတို့ကိုပါ ပံ့ပိုးပေးလျက်ရှိသည်။

မြန်မာနိုင်ငံသည် ပထဝီအနေအထားများအရ ဟိမဝန္တာနှင့် အင်ဒိုမလေးဒေသကြီးအတွင်း ပါဝင်နေသည့်အပြင် ရေခဲတောင် ဂေဟစနစ်မှသည် ပင်လယ်ကမ်းရိုးတန်းနှင့် ကျွန်းစုများ ဂေဟစနစ်အထိ ဂေဟစနစ်မျိုးစုံရှိသည်။ ဇီဝယူနစ်ဇုန်များ စုံလင်၍ ကမ္ဘာပေါ်ရှိ ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝသော နိုင်ငံတစ်နိုင်ငံပင်ဖြစ်သည်။ ပြုစုထားသော မှတ်တမ်းများအရ နို့တိုက်သတ္တဝါမျိုး ၂၆၀၊ ငှက်မျိုးစိတ် ၁၀၉၆ မျိုး၊ ကုန်းနေရေနေနှင့် တွားသွားမျိုးစိတ် ၄၀၈ မျိုး၊ ရေချိုနှင့်ရေငန်ငါးမျိုးစိတ် ၇၇၅ မျိုး၊ ဝါး၊ ကြိမ်နှင့် ဆေးဖက်ဝင်အပင်များ အပါအဝင် မျိုးစိတ်ပေါင်း ၁၁၈၀၀ တွေ့ရှိခဲ့သည်။ ယင်းတို့အနက် နို့တိုက်သတ္တဝါ နှစ်မျိုး၊ ကျေးငှက်ခြောက်မျိုး၊ ကုန်းနေရေနေနှင့် တွားသွားသတ္တဝါခုနစ်မျိုး၊ အပင်မျိုးစိတ်ရှစ်မျိုး စသည်တို့မှာ မြန်မာနိုင်ငံတွင်သာ တွေ့ရှိရသော ရှားပါးမျိုးရင်းများ ဖြစ်ကြသည်။

ထို့အပြင် လူသားအားလုံး၏ပတ်ဝန်းကျင်ရှိ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရာ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနယ်မြေများ တည်ထောင်ခြင်းသည် အရေးပါလှသည်။ လက်ရှိအခြေအနေတွင် မြေအသုံးချမှုများ ပြောင်းလဲခြင်း၊ စည်းကမ်းမဲ့ အမဲလိုက်ခြင်း၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို တရားမဝင်ကုန်သွယ်မှု များပြားလာခြင်း စသည်တို့သည် ကမ္ဘာပေါ်ရှိ ဇီဝမျိုးစုံမျိုးကွဲများစွာကို ပျောက်ကွယ်စေခဲ့သည်။ အချို့သော ရှားပါးမျိုးတို့မှာလည်း ကာကွယ်ထိန်းသိမ်းထားဆဲဖြစ်သည့် သဘာဝနယ်မြေများတွင်သာ ကျန်ရှိနေပြီဖြစ်သည်။ မြန်မာနိုင်ငံ၌ ဂေဟဒေသ ၁၄ ခု ရှိပြီး မျိုးသုဉ်းအန္တရာယ်နီးကပ်နေသည့် တောရိုင်းတိရစ္ဆာန်မျိုးစိတ် အနည်းဆုံး ၁၀၃ မျိုးနှင့် ကမ္ဘာလုံးဆိုင်ရာ မျိုးသုဉ်းလုနီးမျိုးစိတ် ၂၃၃ မျိုး နေထိုင်ကျက်စားလျက်ရှိသည်။

ယခုအခါ လူဦးရေတိုးတက်လာသည်နှင့်အမျှ တောရိုင်းတိရစ္ဆာန်ဆင်များကို တရားမဝင် အမဲလိုက်သတ်ဖြတ်မှုများ အပါအဝင် အခြားအကြောင်းအရင်းများကြောင့် သဘာဝတောများ၌ တောဆင်ရိုင်းကောင်ရေ တစ်စတစ်စ လျော့နည်းလာခဲ့သည်။ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် တောဆင်ရိုင်းများ တရားမဝင်သတ်ဖြတ်ခဲ့ခြင်းနှင့်ပတ်သက်၍ ပြစ်မှု စုစုပေါင်း၇၂ မှု ဖမ်းဆီးအရေးယူခဲ့ရသည်။ ယင်းပြစ်မှု ၇၂ မှုအနက် ၂၆ မှုသည် အစွယ်ရလိုမှု၊ သားရေနှင့် အသားရလိုမှုတို့ကြောင့် တောဆင်ရိုင်းများကို သတ်ဖြတ်ပြီး တရားမဝင်ကုန်သွယ်မှုများ ပြုလုပ်ခဲ့ခြင်းပင်ဖြစ်သည်။ ၂၀၁၄-၂၀၁၅ ခုနှစ် ဒီဇင်ဘာလအထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မှတ်ပုံတင်ထားသော ဆင်အထီး ၁၉၆၁ ကောင်၊ အမ ၂၆၈၈ ကောင်၊ စုစုပေါင်း ၄၆၄၉ ကောင်ရှိသည်။ ၁၉၉၄ ခုနှစ် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေအရ ဆင်ကို လုံးဝကာကွယ်ထားသော တောတိရစ္ဆာန်အဖြစ် ထိန်းသိမ်းကာကွယ်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ဟူးကောင်းချိုင့်ဝှမ်းဒေသသည် ကမ္ဘာပေါ်၌ အကြီးဆုံးကျားထိန်းသိမ်းရေးဒေသအဖြစ် ကျော်ကြားခဲ့သည်။ ယခုနောက်ပိုင်းတွင် တရားမဝင် ရွှေတူးဖော်မှုများပြားလာခဲ့ခြင်းကြောင့် ကျားများကျက်စားရာနယ်မြေနှင့် အစာရှားပါးလာခြင်းများကြောင့် ကျားကောင်ရေလျော့နည်းလာသည်။ ဟူးကောင်းချိုင့်ဝှမ်းဒေသ၌ ၂၀၁၃-၂၀၁၄ ခုနှစ် မှတ်တမ်းများအရ ကျားကောင်ရေ ၃၀ နှင့် ၈၂ ကောင်ကြားရှိသည်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ် ၌ ကျားမျိုး လျော့ပါးလာရခြင်းအကြောင်းရင်းမှာ သစ်တောများပြုန်းတီးလာခြင်းကြောင့်လည်းကောင်း၊ ကျားသားရေနှင့် ကျားရိုး၊ ကျားစွယ်များကို တရုတ်စျေးကွက်တွင် လွန်စွာ စျေးကောင်းပေးနေသောကြောင့် ကျားများကို ကျားလိုက်မုဆိုးများက သေနတ်၊ ခေါ်း၊ လုံ၊ မိုန်း၊ တိုက်မိုင်းထောင်ပြီး သတ်ဖြတ်နေခြင်းကြောင့်လည်းကောင်း၊ ကျား၏အစာဖြစ်သော ကျွဲ၊ နွား၊ ဆိတ်၊ ခွေး စသည့်သတ္တဝါများ၌ ဓာတုဗေဒပစ္စည်း အဆိပ်များသုတ်လိမ်းကာ အစာထောင်ဖမ်းဆီးမှုတို့ကြောင့် လည်းကောင်း ဖြစ်သည်။

ထို့အပြင် ဇီဝမျိုးစုံမျိုးကွဲများ ပျောက်ကွယ်ရခြင်း၏ အဓိကအကြောင်းအရင်းတစ်ခုမှာ ဇီဝမျိုးစုံမျိုးကွဲများတည်ရှိသည့် မူရင်းဒေသများကို အခြားမြေအသုံးပြုမှုသို့ ပြောင်းလဲအသုံးပြုနေခြင်းကြောင့်ဖြစ်သည်။ အထူးသဖြင့် ဇီဝမျိုးစုံမျိုးကွဲများ တည်ရှိသည့် သစ်တောကြီးများသည် ကြောက်ခမန်းလိလိ ပျက်စီးနေခြင်းပင်ဖြစ်သည်။ အခြားအကြောင်းအရင်းတစ်ခုမှာ ဇီဝမျိုးစုံမျိုးကွဲများမှ ထုတ်ပေးနိုင်သောပမာဏထက် ပိုမိုထုတ်ယူနေခြင်းပင်ဖြစ်သည်။ ကမ္ဘာပေါ်တွင်တွေ့ရှိပြီးဖြစ်သော အပင်မျိုးရင်းပေါင်း ၃၀၀၀၀၀ ကျော်ရှိရာ ခေတ်မီဆေးဝါးများ၏ ရာခိုင်နှုန်း ၅၀ကျော်သည် အပင်ကိုအခြေပြုထုတ်လုပ်လျက်ရှိသည်။ ထို့အပြင် ကမ္ဘာ့လူဦးရေ၏ ရာခိုင်နှုန်း ၈၀ သည် အပင်၊ အခေါက်၊ အရွက်၊ အသီး၊ အပွင့်၊ အမြစ်တို့ကို အခြေခံကာ ရိုးရာတိုင်းရင်းဆေးများစွာကို ထုတ်လုပ်သုံးစွဲလျက်ရှိကြသည်။ အပင်ကိုအခြေပြု၍ ထုတ်လုပ်ထားသည့် ဆေးဝါးစျေးကွက်သည် တစ်ကမ္ဘာလုံး၌ နှစ်စဉ် ၄၃ ဘီလီယံ ရှိသည်။

အထူးသဖြင့် မှတ်တမ်းများအရ နှစ်စဉ်နှစ်တိုင်း ကြံ့ကောင်ရေတစ်ထောင်ကျော်သည်လည်းကောင်း၊ အာဖရိကဆင် ၃၅၀၀၀ ကျော်သည်လည်းကောင်း၊ အမဲလိုက်မုဆိုးများ လက်ချက်ဖြင့် သတ်ဖြတ်ခြင်းခံနေရသည်။ အာရှနိုင်ငံအချို့၏ စျေးဆိုင်ခန်းများ၌ ကျားအရေခွံများ၊ ရောမပင်လယ်လိပ်ခွံကြီးများကို တွေ့မြင်နေရခြင်းက ကမ္ဘာမြေ၏ အဖိုးတန်လှသော ဇီဝမျိုးစုံမျိုးကွဲများ လျော့ပါးခြင်းနှင့် မျိုးသုဉ်းခြင်းအခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သတိပေးနေပြီဖြစ်သည်။

ထို့ကြောင့် ၁၉၉၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်က ကျင်းပခဲ့သော ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေစုဝေးခြင်းအစီအစဉ်၏ ဒုတိယအကြိမ်မြောက် ကော်မတီအစည်းအဝေး၌ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ အကြောင်းကိစ္စများကို ပိုမိုနားလည်စေရန် ရည်ရွယ်၍ နှစ်စဉ်နှစ်တိုင်း မေ ၂၂ ရက်ကို အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲနေ့ (International Day For Biological Diversity)အဖြစ် သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။ ကမ္ဘာပေါ်တွင် မျိုးသုဉ်းရန် အန္တရာယ်ရှိနေသည့် ဇီဝမျိုးစုံမျိုးကွဲများဖြစ်သော နို့တိုက်သတ္တဝါများ၊ ငှက်များ၊ တွားသွားသတ္တဝါများ၊ ကျောရိုးမဲ့သတ္တဝါများနှင့် အပင်များ မပျောက်ကွယ်စေရန်နှင့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များစွာတို့ကို လက်ရှိလူသားများက ထိန်းသိမ်းစောင့်ရှောက်ကြပါမှ အနာဂတ်မျိုးနွယ်အားလုံး တည်ရှိ အသက်ရှင်နေထိုင်နိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**မြန်မာနိုင်ငံသည် ပထဝီအနေအထားများအရ ဟိမဝန္တာနှင့် အင်ဒိုမလေးဒေသကြီးအတွင်း ပါဝင်နေသည့်အပြင် ရေခဲတောင် ဂေဟစနစ်မှသည် ပင်လယ်ကမ်းရိုးတန်းနှင့် ကျွန်းစုများ ဂေဟစနစ်အထိ ဂေဟစနစ်မျိုးစုံရှိသည်။ ဇီဝယူနစ်ဇုန်များ စုံလင်၍ ကမ္ဘာပေါ်ရှိ ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝသော နိုင်ငံတစ်ခုပင်ဖြစ်သည်။ ပြုစုထားသော မှတ်တမ်းများအရ နို့တိုက်သတ္တဝါမျိုး ၂၆၀၊ ငှက်မျိုးစိတ် ၁၀၉၆ မျိုး၊ ကုန်းနေရေနေနှင့် တွားသွားမျိုးစိတ် ၄၀၈ မျိုး၊ ရေချိုနှင့်ရေငန်ငါးမျိုးစိတ် ၇၇၅ မျိုး၊ ဝါး၊ ကြိမ်နှင့် ဆေးဖက်ဝင်အပင်များ အပါအဝင် မျိုးစိတ်ပေါင်း ၁၁၈၀၀ တွေ့ရှိခဲ့သည်။ ယင်းတို့အနက် နို့တိုက်သတ္တဝါ နှစ်မျိုး၊ ကျေးငှက်ခြောက်မျိုး၊ ကုန်းနေရေနေနှင့် တွားသွားသတ္တဝါခုနစ်မျိုး၊ အပင်မျိုးစိတ်ရှစ်မျိုး စသည်တို့မှာ မြန်မာနိုင်ငံတွင်သာ တွေ့ရှိရသော ရှားပါးမျိုးရင်းများ ဖြစ်ကြသည်**

## ရာနှုန်းပြည့် တည်ဆောက်ပြီးစီးသည့်အပြင် လူနေထိုင်ခွင့် (BCC) ကျပြီးဖြစ်၍ အဆင်သင့်တက်ရောက်နေထိုင်နိုင်ပါပြီ



ပေးချေရသည့်
ငွေတန်ဖိုးထက်မက
ပိုမိုထိုက်တန်စွာ ရရှိနိုင်မည့်
အထူးအခွင့်အရေး

တစ်ပေပတ်လည်လျှင်
၉၀၀၀၀ /- နှုန်း
မှစတင်၍..
ရောင်းချပေးနေပါပြီ

# စွယ်တော်စီးတီး အိမ်ရာ

မင်္ဂလာဒုံမြို့နယ်



■ ရန်ကုန်မြို့တော်၏ မြောက်ဖက် အဝိကဝင်ပေါက်၊ အမှတ် (၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေးကားဂိတ်၊သီရိရတနာ လက်လီ လက္ကားဈေး၊ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့နှင့် အနီးဆုံးနေရာဖြစ်ပြီး မင်္ဂလာဒုံစက်မှုဇုန် ၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ် မြေကေ (၃၀) ပေါ်တွင် တည်ဆောက်ထားပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့်အချိုးကျ မြေပိုင်ဆိုင်မှု ရရှိမည့် စီးပွားရေးအရ အချက်အခြာကျသည့်နေရာရှိ အဆင့်မြင့်စုပေါင်းအိမ်ရာ ဖြစ်ပါသည်။

■ Thai နိုင်ငံ G4 Architects မှ ရေးဆွဲသောဗိသုကာဒီဇိုင်း၊Pile-Foundation၊ခေတ်မီ Post-Tensioned စံနစ်ဖြင့် 10” Concrete Slab၊ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်း ဆောက်လုပ်ထားသည့် (၈)ထပ် အဆင့်မြင့်ကွန်ဒိုမီနီယံဖြစ်ပြီး အဆောက်အဦတိုင်းတွင် 2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိသည့်အပြင် Schindler အမျိုးအစား ဓာတ်လှေကား (၄)စီး ၊Security System,CCTV, Fire Protection & Fire Alarm System,Back up Generator System များ ပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်း Underground Cable များကိုသာ အသုံးပြုထားပါသည်။





■ ရေကူးကန်၊ စားသောက်ဆိုင်၊ Fitness Center,SPA, Convenience Store, လူဦးရေ(၃၀၀)ခန့် စုဝေးနိုင်သည့် မြက်ခင်းပြင်ကျယ်နှင့် ခန်းမများ ပါဝင်သော Clubhouse တစ်ခု ထည့်သွင်း တည်ဆောက် ထားပါသည်။



■ (၃)ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန်ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းနှင့် စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့်လမ်းများနှင့် အဆောက်အဦး ပတ်လည်တွင်သာယာလှပသောပန်းခြံ ဥယျာဉ်၊ကလေးကစားကွင်းများ အပါအဝင် ယာဉ်ရပ်နားရန် Car Parking နေရာများ အလုံအလောက် ပါဝင်ပါသည်။

**အထူးအစီအစဉ်အနေဖြင့် AYA BANK နှင့် ချိတ်ဆက်၍ (၅) နှစ် မှ (၁၀) နှစ်အထိ အရစ်ကျ ငွေပေးချေမှုစနစ်ဖြင့် ဝယ်ယူနိုင်ရန် အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါသည်။**

**DEVELOPER-**

**GRAND STYLE CO.,LTD.**
အမှတ် (၂၄၅)၊ ဗားကရာလမ်း (ဂမုန်းပွင့် မြေနီကုန်း) ၊စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

**TEL : 09 797-332211, 09 797-221133**
**09 799-332211, 09 799-221133**

# မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများမှ သွယ်ဝိုက်ခွန်ကောက်ခံသည့် အခွန်နှုန်းများ အသိပေးကြေညာခြင်း

၁။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် သွယ်ဝိုက်ခွန်များကို ကုန်သွယ်လုပ်ငန်းခွန်(Commercial Tax)/တန်ဖိုးဖြည့်ခွန်(Value-Added Tax)/ကုန်စည်နှင့်ဝန်ဆောင်မှုခွန်(Goods and Services Tax)စသည့်စနစ်များဖြင့် ကောက်ခံလျက်ရှိကြပါသည်။ အခွန်ထမ်း မိဘပြည်သူများအနေဖြင့် မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအချို့၏ အခွန်ကောက်ခံမှုနှုန်းထားများအား သိရှိလေ့လာနိုင်ပါရန် အောက်ဖော်ပြပါအတိုင်း ဖော်ပြအပ်ပါသည်-

(မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများ)

| စဉ် | နိုင်ငံအမည် | ကုန်သွယ်လုပ်ငန်းခွန်/ တန်ဖိုးဖြည့်ခွန်/ကုန်စည်နှင့် ဝန်ဆောင်မှုခွန် |
|---|---|---|
| ၁။ | မြန်မာ | ၅% |
| ၂။ | ကမ္ဘောဒီးယား | ၁၀% |
| ၃။ | အင်ဒိုနီးရှား | ၁၀% |
| ၄။ | မလေးရှား | ၆% |
| ၅။ | ဖိလစ်ပိုင် | ၁၂% |
| ၆။ | စင်ကာပူ | ၇% |
| ၇။ | ထိုင်း | ၇% |
| ၈။ | ဗီယက်နမ် | ၁၀% |

(ကမ္ဘာ့နိုင်ငံများ)

| စဉ် | နိုင်ငံအမည် | ကုန်သွယ်လုပ်ငန်းခွန်/ တန်ဖိုးဖြည့်ခွန်/ကုန်စည်နှင့် ဝန်ဆောင်မှုခွန် |
|---|---|---|
| ၁။ | တရုတ် | ၁၇% |
| ၂။ | ပြင်သစ် | ၂၀% |
| ၃။ | ဂျာမနီ | ၁၉% |
| ၄။ | ဒိန်းမတ် | ၂၅% |
| ၅။ | အိန္ဒိယ | ၅-၁၅% |
| ၆။ | ဂျပန် | ၈% |
| ၇။ | နယူးဇီလန် | ၁၅% |
| ၈။ | နော်ဝေ | ၂၅% |

၂။ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအချို့၏ အခွန်ကောက်ခံမှုနှုန်းထားများအား လေ့လာသုံးသပ်ပါက သွယ်ဝိုက်ခွန်ဖြစ်သည့် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံမှုနှုန်းထားသည် မြန်မာနိုင်ငံမှ အနည်းဆုံးဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

၃။ ကုန်သွယ်လုပ်ငန်းခွန်(Commercial Tax)/တန်ဖိုးဖြည့်ခွန်(Value-Added Tax)/ကုန်စည်နှင့် ဝန်ဆောင်မှုခွန်(Goods and Services Tax)ကောက်ခံသည့် တစ်ကမ္ဘာလုံး၏ ပျမ်းမျှနှုန်းထားမှာ ၁၅ ဒသမ ၅ရာခိုင်နှုန်းဖြစ်ပါသည်။

၄။ အထက်ဖော်ပြပါ အခွန်နှုန်းထားများကို www. pwc.com နှင့် www.world wide-tax.comတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ
# ကြေညာချက်
# (ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ မေလ ၂၅ ရက်)

၁။ ၂၀၁၇ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့တွင် ကျင်းပမည့် (၃)ကြိမ်မြောက် ကျပ် ၅၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို အောက်ပါအတိုင်းရောင်းချခဲ့ပါသည်-

(က) (၃)ကြိမ်မြောက်နှင့် ၂၀၁၇ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့တွင် ဖွင့်လှစ်မည်ဟူသောစာသားပါရှိသည့် ထီလက်မှတ် **(''က'' အက္ခရာမှ အစဉ်လိုက်''န''အက္ခရာထိ)** = ၂၀ လုံး

(ခ) အကြိမ်မြောက်နှင့် မည်သည့်နေ့တွင် ဖွင့်လှစ်မည်ဟူသောစာသားမပါရှိသည့် **အရန်ထီလက်မှတ် (''ကဒ'' အက္ခရာမှ အစဉ်လိုက်''ကအ''အက္ခရာထိ)** = ၁၆ လုံး

**စုစုပေါင်းအက္ခရာ = ၃၆ လုံး**

၂။ (၃)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ရောင်းချရသည့် အက္ခရာပေါင်းမှာ (၃၆)လုံးဖြစ်၍ ထီစာအုပ်ပေါင်း(၂၈၄၅၄၄၈)အုပ်ဖြစ်ပြီး ထီလက်မှတ်စောင်ရေပေါင်းမှာ (၃၂၃၉၉၉၂၈) စောင် ဖြစ်ပါသည်။

၃။ ထီလက်မှတ်စာအုပ်ရောင်းရငွေပေါင်းမှာ(ကျပ်သန်းပေါင်း ၁၄၇၂၇·၂၄)ဖြစ်ပါသည်။ ၆၀% ထီဆုငွေအဖြစ် ခွဲဝေပေးမည့် ငွေပေါင်းမှာ(ကျပ်သန်းပေါင်း ၈၈၃၆ ဒသမ ၃၄၄)ဖြစ်ပါသည်။

၄။ ထီဆုငွေများကို အောက်ပါအတိုင်း ခွဲဝေချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။

**(က) အထူးဆုကြီးစနစ်**

| | | |
|---|---|---|
| (၁) ကျပ်သိန်းတစ်သောင်း | = | (၁) ဆု |
| (၂) ကျပ်သိန်းငါးထောင် | = | (၁) ဆု |
| (၃) ကျပ်သိန်းတစ်ထောင် | = | (၁) ဆု |

**(ခ) ဆုတစ်ဆုချင်းစနစ်**

| | | |
|---|---|---|
| (၁) ကျပ်သိန်းတစ်ရာ | = | (၁၇) ဆု |
| (၂) ကျပ်သိန်းငါးဆယ် | = | (၃၉) ဆု |
| (၃) ကျပ်ဆယ်သိန်း | = | (၄၁) ဆု |

**(ဂ) ဝေဝေဆာဆာပဒေသာဆုမဲစနစ်**

| | | |
|---|---|---|
| (၁) ကျပ်သုံးသိန်း | = | (၁၀၀) ဆု |
| (၂) ကျပ်နှစ်သိန်း | = | (၁၀၀၀) ဆု |
| (၃) ကျပ်တစ်သိန်း | = | (၂၉၀၀၀) ဆု |
| (၄) ကျပ်ငါးသောင်း | = | (၇၀၀၀၀) ဆု |
| **စုစုပေါင်း** | = | **၁၀၀၂၂၀ ဆု** |

၅။ (၃)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို ၁-၆-၂၀၁၇ ရက်(ကြာသပတေးနေ့)နံနက်၈ နာရီအချိန်တွင် အမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး (၃၄၁)ကြိမ်မြောက် ကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကိုလည်း တစ်ဆက်တည်း ကျင်းပပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**အောင်ဘာလေသိန်းဆုဌာနခွဲ**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ဆုံးခြင်း**

ယာဉ်အမှတ် 6G/6476 Toyota Hilux VIGO KUN 26 P/U(4×4) ® ယာဉ်လက်ဝယ်ရှိသူ ဒေါ်ချိုသက်ပိုင်ထွန်း ၁၂/အစန(နိုင်)၂၃၆၅၅၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊အင်းစိန်**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ဆုံးခြင်း**

ယာဉ်အမှတ် ၃၉ယ/၅၀၇၂၈ Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမြင့်အောင် ၁၄/ပသရ(နိုင်)၀၀၇၂၆၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**




မာ်
SEVEN စုံ
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊
တောင်ပိုင်းရှိ မြေကွက်များ
ရောင်းလိုပါသလား ?
အိမ်အရောက်ငွေပေးချေသည်၊
"ပွဲခ လုံးဝ မယူပါ"
09-33 333 511
09-33 333 514
09-33 333 644

Basic Engineering Course
(လျှပ်စစ်၊ စက်တပ်ဆင်၊ ပိုက်ဆက်၊ ဂဟေဆက်၊ အဲယားကွန်း)အခြေခံ/ကျွမ်းကျင်သင်တန်းတက်လိုသူများ
ကျန်းမာရေးအကူကျွမ်းကျင်သင်တန်း တက်လိုသူများ
ပြည်တွင်း/ပြည်ပ – အလုပ်အကိုင်ရှာနေသူများ နှင့်
ဝန်ထမ်းကောင်းများရှာနေသည့် အလုပ်ရှင်များ
ဝန်ကြီးဌာန၏ တရားဝင်ခွင့်ပြုလိုင်စင်များရှိထားသော
သုခစုစံ ကုမ္ပဏီ သို့ ဆက်သွယ်ပါ။
ပန်းဆိုးတန်းမှတ်တိုင်၊ ကုန်သည်လမ်းမကြီး(၁၉-လမ်းထောင့်)၊ တိုက်အမှတ်(၅၀၆)။
Ph : (01)377343, 377344, www.tkss.com.mm, Fb- thukhasusan111

အောင်သရဖူ
အိမ်ပြောင်း၊ အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
လူကြီးသင်းတို့၏ အိမ်ခန်း၊ ရုံးခန်းများ ပြောင်းရွှေ့ခြင်း
အတွက် အလုပ်သမား နှင့် ကား စီစဉ်ပေးသည်၊
အမှတ်-၁၇၃၊ မြယမုံအိမ်ရာ၊ လေးထောင့်ကန်လမ်းမ၊
09254009334,
09254009335,
09254009336

အောင်ပြည့်စုံ
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763

တက်နေဝန်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့်
လုပ်သားအပြီးအစီး
ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721


## ဂုဏ်ယူဝမ်းမြောက်ခြင်း



"PARADISO CINEMAS CO., Ltd" မှ တတိယရုပ်ရှင်ရုံ (၁၀၀/၃) PARADISO (ဖျာပုံ) ရုပ်ရှင်ရုံအား ၂၆–၅–၂၀၁၇ ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ရုပ်ရှင်ရုံ (၁၀၀) စီမံကိန်း အမြန်ဆုံးပြည့်မီ အောင်မြင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

အောင်သီရိရုပ်ရှင်ထုတ်လုပ်ရေး
အောင်တိုင်းကျော်ရုပ်ရှင်ထုတ်လုပ်ရေး
ဇေရတ်ရုပ်ရှင်ထုတ်လုပ်ရေး
မိုးကောင်းကင်ရုပ်ရှင်ထုတ်လုပ်ရေး
ထားဝယ်ရုပ်ရှင်ထုတ်လုပ်ရေး
သုခမိန်ရုပ်ရှင်ထုတ်လုပ်ရေး
စနိုးပိုက်ရုပ်ရှင်ထုတ်လုပ်ရေး
မေတ္တာရောင်ပြန်ရုပ်ရှင်ထုတ်လုပ်ရေး
ရွှေမင်းသမီးရုပ်ရှင်ထုတ်လုပ်ရေး
စိမ်းဝါနီရုပ်ရှင်ထုတ်လုပ်ရေး
ခရေဖြူရုပ်ရှင်ထုတ်လုပ်ရေး

လူစွမ်းကောင်းရုပ်ရှင်ထုတ်လုပ်ရေး
စိန်ငွေးရုပ်ရှင်ထုတ်လုပ်ရေး
Home ရုပ်ရှင်ထုတ်လုပ်ရေး
နှင်းဆီရင်ခွင်ရုပ်ရှင်ထုတ်လုပ်ရေး
သောဝန်းကြာဖြူရုပ်ရှင်ထုတ်လုပ်ရေး
The Eyes ရုပ်ရှင်ထုတ်လုပ်ရေး
ဖိုးသူတော်ရုပ်ရှင်ထုတ်လုပ်ရေး
ပါဝါကင်းရုပ်ရှင်ထုတ်လုပ်ရေး
သင်္ကေတရုပ်ရှင်ထုတ်လုပ်ရေး
မိုးရုပ်ရှင်ထုတ်လုပ်ရေး
အောင်တိုင်းကျော်ရုပ်ရှင်ထုတ်လုပ်ရေး

အနော်မာရုပ်ရှင်ထုတ်လုပ်ရေး
နိယာယနရုပ်ရှင်ထုတ်လုပ်ရေး
လာဗင်ဒါရုပ်ရှင်ထုတ်လုပ်ရေး
ဆောင်းညပြာသီရုပ်ရှင်ထုတ်လုပ်ရေး
Media ကမ္ဘာရုပ်ရှင်ထုတ်လုပ်ရေး
အနော်မာသုခအင်တာတိန်းမန့်ရုပ်ရှင်ထုတ်လုပ်ရေး
The grade ဖိုးစိန်ရုပ်ရှင်ထုတ်လုပ်ရေး
Yagon Post
Myanmar Media group
Laurel ရုပ်ရှင်ထုတ်လုပ်ရေး
လပ်ကီးဆဲဗင်းရုပ်ရှင်ထုတ်လုပ်ရေး

## ဝန်ထမ်းအလိုရှိသည်
## (ပြည်တွင်း၌သာ ခန့်ထားရန်)

AYA Bank ဧရာဝတီဘဏ် Your Trusted Partner

### ဧရာဝတီဘဏ်လီမိတက်၏ ဘဏ်ခွဲအသီးသီးတွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ရာထူးများ လျှောက်ထားနိုင်ပါသည်။

**၁ ။ Branch Manager (၁၀၀) ဦး**

တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ စီးပွားရေးပညာရပ်နှင့်သက်ဆိုင်သော မဟာဘွဲ့၊ ဒီပလိုမာများ၊ LCCI, ACCA, CIMA ဒီပလိုမာ ရရှိထားသူများ၊ အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော တတ်ကျွမ်းသူ ဖြစ်ရမည်။ Financial, Sales, Marketing နှင့် Accounting နယ်ပယ်များတွင် လုပ်ငန်းအတွေ့အကြုံ (၃)နှစ်မှ (၄)နှစ်အတွင်း ရှိသူများဖြစ်ပြီး၊ ကြီးကြပ်စီမံခန့်ခွဲခြင်း အတွေ့အကြုံ အနည်းဆုံး (၂)နှစ် ရှိရမည်ဖြစ်သည်။ ကွန်ပျူတာ စာစီစာရိုက် ကျွမ်းကျင်ပြီး Word, Excel, PowerPoint, PageMaker, Internet & E-mail အသုံးပြုတတ်သူ ဖြစ်ရမည်။ လူမှုဆက်ဆံရေး ပြေပြစ်ကောင်းမွန်ပြီး ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိကာ ဝန်ဆောင်မှု စိတ်ဓာတ်အပြည့်ဖြင့် ပြဿနာများကို ညှိနှိုင်းကိုင်တွယ် ဖြေရှင်းနိုင်သူ ဖြစ်ရမည်။

**၂ ။ Branch Executive (၁၀၀)ဦး**

တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ Financial, Sales, Marketing နှင့် Accounting နယ်ပယ်များတွင် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိသူ ဖြစ်ရမည်။ စီးပွားရေးပညာရပ်နှင့် သက်ဆိုင်သော ဘွဲ့၊ ဒီပလိုမာ၊ LCCI, ACCA, CIMA ဒီပလိုမာ ရရှိထားသူများ၊ အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော ကျွမ်းကျင်သူများအား ဦးစားပေး ခန့်ထားပါမည်။ ကွန်ပျူတာစာစီစာရိုက်ကျွမ်းကျင်ပြီး Word, Excel, PowerPoint, PageMaker, Internet & E-mail အသုံးပြုတတ်သူဖြစ်ရမည်။ လူမှုဆက်ဆံရေး ပြေပြစ်ကောင်းမွန်ပြီး ပူးပေါင်းဆောင်ရွက်လိုစိတ်ရှိကာ ဝန်ဆောင်မှု စိတ်ဓာတ်အပြည့်ဖြင့် ပြဿနာများကို ညှိနှိုင်းကိုင်တွယ် ဖြေရှင်းနိုင်သူ ဖြစ်ရမည်။

**၃ ။ အငယ်တန်း ဘဏ်လက်ထောက် (၁၅၀)ဦး**

တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ စီးပွားရေးပညာရပ်နှင့် သက်ဆိုင်သော ဘွဲ့၊ ဒီပလိုမာ ရရှိထားသူများ၊ အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော ကျွမ်းကျင်သူများအား ဦးစားပေးခန့် ထားပါမည်။ ကွန်ပျူတာ စာစီစာရိုက် ကျွမ်းကျင်ပြီး Word, Excel, PowerPoint, PageMaker, Internet & E-mail အသုံးပြုတတ်သူ ဖြစ်ရမည်။ ကျန်းမာသန်စွမ်းပြီး လုပ်ငန်းတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက် လုပ်ကိုင်နိုင်သူ ဖြစ်ရမည်။

**၄ ။ လုံခြုံရေး (၂၅၀) ဦး**

အခြေခံပညာ အလယ်တန်းအဆင့်ရှိသူ ဖြစ်ရမည်။ အရပ် (၅)ပေ (၅)လက်မနှင့်အထက်ရှိပြီး ကိုယ်အလေးချိန် ပေါင်(၁၂၀)နှင့်အထက်ရှိသူ ဖြစ်ရမည်။ ဝန်ဆောင်မှု စိတ်ဓာတ်ရှိကာ ကျန်းမာရေးကောင်းမွန်ပြီး လုပ်ငန်းတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက် လုပ်ကိုင်နိုင်သူဖြစ်ရမည်။

**၅ ။ သန့်ရှင်းရေး (၅၀) ဦး**

အခြေခံပညာ အလယ်တန်းအဆင့်ရှိသူ ဖြစ်ရမည်။ နိုးကြားတက်ကြွစွာ လုပ်ကိုင်ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။ ဝန်ဆောင်မှု စိတ်ဓာတ်ရှိကာ ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

လျှောက်ထားလိုသူများအနေဖြင့် မိမိတို့၏ ကိုယ်ရေးရာဇဝင်အကျဉ်းအား လျှောက်ထားလိုသောရာထူးနှင့် လုပ်ငန်းအတွေ့အကြုံ ထည့်သွင်းရေးသား၍ နိုင်ငံသားစိစစ်ရေးကဒ်မိတ္တူ၊ သက်ဆိုင်ရာ ပညာအရည်အချင်း ထောက်ခံစာမိတ္တူများ (အမှတ်စဉ် ၁ မှ ၃ အထိ လျှောက်ထားသူများသည် တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်မိတ္တူနှင့် သက်ဆိုင်ရာဒီပလိုမာ/ဘွဲ့ လက်မှတ်မိတ္တူများ)၊ ၆-လအတွင်း ပြုလုပ်ထားသော ပတ်စ်ပို့ဆိုဒ် ဓာတ်ပုံ(၂)ပုံ၊ သက်ဆိုင်ရာ ရပ်ကွက်ရုံး ထောက်ခံစာ၊ မြို့နယ်ရဲစခန်း ထောက်ခံစာ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ စသည်တို့ကို ပြည့်စုံစွာပူးတွဲပြီး ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း အောက်ဖော်ပြပါ လိပ်စာသို့ လျှောက်ထားနိုင်ပါသည်။

ပဏာမအဆင့် စိစစ်ရွေးချယ်ခြင်း ခံရသူများကိုသာ ပြန်လည်ဆက်သွယ်မည် ဖြစ်ပါသည်
လျှောက်ထားသူများ အားလုံးအား ဧရာဝတီဘဏ်လီမိတက်မှ ကျေးဇူးအထူးတင်ရှိပါသည်

အမှတ်(၁၄၉)၊ တတိယထပ် (ဧရာဝတီဘဏ် ရန်ကုန်-၂၊ ဗိုလ်အောင်ကျော်ဘဏ်ခွဲ အပေါ်ထပ်)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ E-mail - hr.recruit@ayabank.com

---

### မိဘအမည်မှန်

ပေါက်ခေါင်းမြို့၊ အထက တက္ကသိုလ်ဝင်တန်း(င)မှ မရွှေရည်ဖြိုးနှင့် ဒုတိယတန်းမှ မောင်ပိုင်ခန့်ကျော်တို့၏ မိဘအမည်မှန်မှာ ဦးကျော်ကျော်လတ်နှင့် ဒေါ်ဌေးဌေးရီ ဖြစ်ပါကြောင်း။

**ဦးကျော်ကျော်လတ်-ဒေါ်ဌေးဌေးရီ**

### အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ အနော်ရထာအိမ်ရာဝင်း၊ အိမ်အမှတ်(၇ဘီ)၊သုံးလွှာနေ အဖ ဦးမောင်ချော ၃/ဘအန(နိုင်)၁၈၀၉၅၇၊အမိ ဒေါ်စုမသီး ၁၂/မဂဒ(နိုင်)၀၉၇၆၈၃တို့၏သမီး အထက (၅)ကမာရွတ်အထက်တန်းကျောင်း ဆဋ္ဌမတန်းမှ မသွန်းသစ္စာချော အား မသရဖူလင်းလက်ဟု အမည်ပြောင်းလဲခေါ်ဆိုပေးပါရန်။

**ဦးမောင်ချော**

### ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အထက(၃)၊ န၀မတန်းမှ မောင်အောင်ကိုမြင့်နှင့် အမက(၅) စတုတ္ထတန်းမှ မရှင်းပြည့်အိမ်တို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းစိန် ၁၂/သခန(နိုင်)၀၆၆၃၆၁ဖြစ်ပါကြောင်း။

**ဦးဝင်းစိန်**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4E/7314 Mazda Demio DE 3FS Hatch Back (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်မူမူဌေး ၅/တမန(နိုင်)၀၀၂၀၁၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင် အထက တက္ကသိုလ်ဝင်တန်းမှ မဇာဇာပို၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်ဦး၉/မခန(နိုင်)၁၇၀၇၀၁ ဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၃ယ/၅၂၇၆၇ Yunde 110-60, M/C ယာဉ်အမည်ပေါက်သူ Maw Cherry Land Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် သ/၈၀၀၃ Toyota Dyna Bu 62 L/T ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဌေ ၅/ပလန(နိုင်)၀၁၂၄၆၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန (မုံရွာ)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာခရိုင်၊ မုံရွာမြို့၊ မြို့သစ်ရပ်ကွက်၊ ကွင်းအမှတ်(၃၃၄-က၊ကွေ့ကြီးအရှေ့မြောက်)၊ ဦးပိုင်အမှတ်(၉လမ်း-၇၅-က၊ ၇၇-က၊ ဗိုလ်ချုပ်လမ်း-၇၆-က၊ ၇၈)၊ ဧရိယာ ၀.၁၁၁၂၀ဧက၊ မြဝတီရပ်ကွက်၊ ကွင်းအမှတ် (၆၇၄၊ ရှောက်ခါးတောင်)၊ ဦးပိုင်အမှတ်(၇၂/ခ) ဧရိယာ ၀.၁၁၁၂၈၁ဧက နှင့် သလ္လာရပ်ကွက်၊ ကွင်းအမှတ်(၅၉၊ ထနောင်းမြိုင်)၊ ဦးပိုင်အမှတ် (၆)၊ ဧရိယာ ၀.၁၁၁၈၈ဧကရှိ မြေများကို ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း အမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားလာရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်သတ္တတစ်ပတ်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် သ/၈၀၀၃၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (မုံရွာ)**

### ပျောက်ဆုံးကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ကွေ့ကြီးရပ်၊ ဦးခင်မောင်ဝင်း၅/မလန(နိုင်)၀၀၃၉၆၃၏ မိတ်ကောင်းရေယာဉ် ၈၇၂၀/ရညန/လငလစ/ဗဟ(ခ-၂)/၀၁၁၂ လုပ်ငန်းလိုင်စင် အပိုင်း(၂)ကတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၇၀၅၀၇၇၅**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/1665၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (နေပြည်တော်)**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့ အထက၊ တက္ကသိုလ်ဝင်တန်းမှ မထက်ထက်ဝင်းနှင့် နဝမတန်းမှ မစိုးစိုးစံတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်စန်း ၅/ခဥတ(နိုင်)၀၈၂၀၂၂ ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၂၀၈၀၉)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧက၊ ဒေါ်ဝင်းမာ ၇/ဝမန(နိုင်)၀၀၃၄၁၄(ဘ) ဦးစံချစ် အမည်ပေါက် နှစ်(၃၀)မြေငှားဂရန်စာချုပ်မြေကွက်ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၃၄/၂၀၁၇(၁၆-၅-၂၀၁၇) တင်ပြ၍ ဒေါ်ရတနာအောင် ၁၂/မရက(နိုင်)၁၀၈၄၀၀ (ဘ) ဦးလှအောင်မှ မြေကွက်အမည်ပေါက်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေကွက်အမည်ပေါက်ပြောင်းလဲခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်၊ ညောင်ပင်ကြီးစုကွက်သစ်ရှိ မြေကွက်အမှတ်ပ-၂၇၁၊ဧရိယာ ၀ဒသမ၀၈၂ဧက၊ ဒေါ်နီနီ ၉/ပမန(နိုင်)၀၁၇၆၈၄ (ဘ) ဦးထွန်းရွှေ အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်ကြည်ကြည်မြင့် ၈/မကန(နိုင်)၀၀၇၇၉၅ (ဘ)ဦးတင်အေးမှ မြေပေးမိန့်မိတ္တူ၊ မြေကွက်အရောင်းအဝယ်စာချုပ်မိတ္တူ၊ မြေကွက်ရောင်းချသူ၏ ရောင်းချထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဝယ်သူ၏ ဝယ်ယူထားကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်မူရင်း၊ရဲစခန်းထောက်ခံချက်မူရင်း၊ မြေကွက်ဝယ်ယူသူ(လျှောက်ထားသူ)၏ ဝန်ခံကတိပြုချက်မူရင်းတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ကြော်ငြာပါသည့်ရက်မှစ၍၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာခရိုင်၊ မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ အကွက်အမှတ်(၃/၁၆၊နန္ဒဝန်)၊ ဦးပိုင်အမှတ် (သီရိမင်္ဂလာလမ်း-၂၆)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိမြေသည် ဒုတိယဗိုလ်မှူးကြီးသိန်းကြိုင် ၈/ပခက(နိုင်)၀၄၀၀၁၂အမည်ဖြင့် နန္ဒဝန်မြို့သစ်မြေနေရာချထားရေးကော်မတီမှချထားပေးသောမြေကွက်ဖြစ်ပြီး ဒုတိယဗိုလ်မှူးကြီးသိန်းကြိုင်ထံမှ ဦးကျော်သိန်း ၅/အရတ(နိုင်)၀၁၀၈၉၉၊ဒေါ်စန်းညို ၅/အရတ(နိုင်)၀၀၁၉၆၂တို့က မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၌ မှတ်ပုံတင်စာချုပ် ချုပ်ဆိုဝယ်ယူခဲ့ပြီး၎င်းအမည်ဖြင့် မြေငှားစာချုပ်(အသစ်)ထပ်မံလျှောက်ထားလာရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့်ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆိုယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်းအထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၇/ဒက္ခိဏသီရိအရှေ့ရပ်၊ မြေကွက်အမှတ်ဒ-၂၃၅၄၊ဧရိယာ၀ဒသမ ၂၂၉ဧက ဦးစိုင်းလုံ (ဘ) ဦးစန္ဒာ ၁၃/မဆန(နိုင်)၀၀၉၁၃၉အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်နန်းဆိုင်အမ်း (ဘ)ဦးဆန်ဝိ ၁၃/မပတ(နိုင်)၀၃၇၂၄၁မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ယာယီအိမ်ရှင်အဖြစ်ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ တိုက်ခန်းအားကန်ထရိုက်တာထံမှ ဝယ်ယူထားသူက သမီး (၃)ဦးသို့ မေတ္တာဖြင့်အပိုင်ပေးကမ်းခဲ့ပြီး ၎င်းတို့မှ အဆောက်အအုံ နေထိုင်ခွင့်စာချုပ် ချုပ်ဆိုခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ကန်ထရိုက်တာဦးတင်ထွန်း (LC - ၃၄၅) (မှ) ဦးဝင်းမြင့် ၁၂/ကတတ(နိုင်)၀၁၄၃၇၅(မှ) | ဒေါ်နီလာဝင်း ၁၂/ကတတ(နိုင်)၀၀၂၁၆၁ ဒေါ်သီတာ ၁၂/ကတတ(နိုင်)၀၀၂၁၆၂ ဒေါ်ကြည်ကြည်စု ၁၂/ကတတ(နိုင်)၀၂၅၂၇၅ | တိုက်အမှတ် (၂၅၃/၂၅၇)၊ အခန်း(ပထမထပ်)ယာစွန်လမ်း ၄၀၊ ကျောက်တံတားမြို့နယ်။ |
| ၂။ | ကန်ထရိုက်တာဦးတင်အောင် (LC -၀၈၅) (မှ) ဦးဝင်းမြင့် ၁၂/ကတတ(နိုင်)၀၁၄၃၇၅(မှ) | ဒေါ်နီလာဝင်း ၁၂/ကတတ(နိုင်)၀၀၂၁၆၁ ဒေါ်သီတာ ၁၂/ကတတ(နိုင်)၀၀၂၁၆၂ ဒေါ်ကြည်ကြည်စု ၁၂/ကတတ(နိုင်)၀၂၅၂၇၅ | တိုက်အမှတ်(၂၇၇)၊အခန်း(၅လွှာ)ယာ၊ လမ်း (၄၀) ကျောက်တံတားမြို့နယ်။ |

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံတက္ကသိုလ်၊ အဝေးသင်ဌာနခွဲ၊ သမိုင်း၊ နောက်ဆုံးနှစ်အောင်မှ မောင်ပါးလို၏ဖခင် ဦးလော်ဂျာနှင့် ဦးအားချာမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးလော်ဂျာ(ခ)ဦးအားချာ**

### အမည်ပြောင်းလဲခြင်း

ဒိုက်ဦးမြို့နယ်၊ ကျိုက်ဇကောအရှေ့ ကျေးရွာနေ ဦးရန်နိုင်ဝင်း-ဒေါ်ရီရီဝင်းတို့၏သမီး အခြေခံပညာအထက်တန်းကျောင်းခွဲ ကျိုက်ဇကော ပဉ္စမတန်းမှ မကျန်ကျန်မေအား ယနေ့မှစ၍ မစုမြတ်ဝင်းဟုပြောင်းလဲခေါ်ဆိုပါရန်။

**ဦးရန်နိုင်ဝင်း-ဒေါ်ရီရီဝင်း**

### မွေးသက္ကရာဇ်အမှန်

ဦးမြင့်ဆွေ၏သမီး မမြတ်မြတ်ဆွေ ၁၂/ဥကတ(နိုင်)၁၁၄၉၁၈၏ မွေးသက္ကရာဇ် အမှန်မှာ ၂၅-၁၀-၁၉၇၃ဖြစ်ပါသည်။

### ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်၊ အမှတ် ၃၅၇၊ ၄၀လမ်းနေ မောင်ကောင်းစည်သူ(ခ)မင်းခန့်ကျော် အလက(၁၆)၏ ဖခင်အမည်မှန်မှာ ဦးထွန်းလွင်ဦး ၁၄/ဒဒရ(နိုင်)၁၄၃၆၃၇ဖြစ်ပါကြောင်း။

**ဦးထွန်းလွင်ဦး**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄/မင်္ဂလာ၊ ဦးပိုင်အမှတ် ၂၈၊ ဧရိယာ ၀ဒသမ၀၅၅ဧကရှိ ဒေါ်မြစိန်အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးမိုးအောင်ကျော် (ပျဉ်းမနားမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၆၅၄/၂၀၁)ရသူ ၉/ပမန(နိုင်)၀၁၈၁၄၀ (ဘ) ဦးကျော်ဟန်မှ အမွေဆက်ခံစာချုပ်မူရင်း၊စွန့်လွှတ်စာချုပ်မူရင်းများတင်ပြ၍ ပေးကမ်းခြင်းစာချုပ်ချုပ်ဆိုရန်မြေပုံရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၈၃၀/ကြပ်ပြင်ကြီးကွင်း၊ ဦးပိုင်အမှတ် ၁၀-ခ၊ မြေဧရိယာ ၀ ဒသမ ၀၈၃ ဧကရှိ မြေကွက်အား ဦးမြင့်ဦး TTN-၁၆၃၅၆၁မှ နေထိုင်ပိုင်ဆိုင်ကြောင်း တရားရုံးကျမ်းကျိန်လွှာမူရင်းတင်ပြပြီး နှစ် ၃၀ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်ချထားခြင်းအား ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**



# ဒေသခံများလိုလားနေသော ဆားလင်းကြီး မိုးကြိုးအက်စစ်စက်ရုံ ရွှေ့ပြောင်းရန် ပြည်ထောင်စုအစိုးရကို တိုက်ရိုက်တင်ပြဆွေးနွေးဆောင်ရွက်သွားမည်

**မျိုးဝင်းထွန်း (မုံရွာ)**

**ဆားလင်းကြီး မေ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီး မိုးကြိုးဆာလ်ဖျူရစ်အက်စစ်စက်ရုံမှ အက်စစ်အနံ့များကြောင့် စက်ရုံပြောင်းရွှေ့ပေးရန် လိုလားနေသော ဒေသခံတို့၏ တင်ပြတောင်းဆိုချက်အရ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအနေဖြင့် အက်စစ်စက်ရုံ၏ဖြစ်စဉ်များကို သုံးသပ်ဆုံးဖြတ်ကာ ပြည်ထောင်စုအစိုးရကို တိုက်ရိုက်တင်ပြဆွေးနွေးပြီး စက်ရုံနေရာရွှေ့ပြောင်းသွားရန်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမြင့်ကြည်က မေ ၂၇ ရက်က အက်စစ်စက်ရုံအနီး ကံကုန်းကျေးရွာအထက်တန်းကျောင်းတွင် ကံကုန်းဒေသခံများနှင့် တွေ့ဆုံပွဲအပြီး မီဒီယာများက မေးမြန်းရာတွင် ပြောကြားသည်။

မေ ၂၅ ရက် ညက အက်စစ်စက်ရုံ၏ အနံ့ပြင်းများကြောင့် ဒေသခံများ အနံ့မခံနိုင်ဖြစ်ကာ စက်ရုံမှူးထံ စုပေါင်းသွားရောက်ကာ စက်ရုံအမြန် ရွှေ့ပြောင်းပေးရေးကို

*စာမျက်နှာ ၅ ကော်လံ ၁* ❍

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ (ဒုတိယအစည်းအဝေး)ကို မေ ၂၉ ရက်အထိ ဆက်လက်ကျင်းပမည်

**နေပြည်တော် မေ ၂၇**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ(ဒုတိယအစည်းအဝေး)ကို မေ ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပလျက်ရှိရာ မေ ၂၉ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# အသေးစား အလတ်စားလုပ်ငန်းများ Smart SMEs အဖြစ်ပြောင်းလဲရမည်

**သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-သက္က**

**ရန်ကုန် မေ ၂၇**

မြန်မာနိုင်ငံ၏အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် လွန်ခဲ့သော သုံးနှစ်တာကာလအတွင်း တိုးတက်မှုများရှိခဲ့သော်လည်း သမားရိုးကျထုတ်ကုန်များ ထုတ်လုပ်မှုမှ နည်းပညာအသုံးချ Smart SMEs အဖြစ်သို့ ပြောင်းလဲရန်လိုအပ်နေကြောင်း စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက ပြောသည်။

"ကျွန်မတို့မြန်မာနိုင်ငံရဲ့ SMEs လုပ်ငန်းတွေဟာ လွန်ခဲ့တဲ့သုံးနှစ်တာကာလအတွင်း တိုးတက်ပြောင်းလဲမှုတွေ အများအပြားရှိခဲ့ပါတယ်။ ထုတ်ကုန်တွေ ထုတ်တဲ့နေရာမှာ စီမံခန့်ခွဲမှုအပိုင်းတွေ ကောင်းလာတယ်။ စက်အသစ်တွေ အစားထိုးအသုံးပြုလာနိုင်တယ်။ ထုတ်ကုန်အရည်အသွေးတွေလည်း တိုးတက်လာတယ်။ ဒါပေမယ့်လည်း တန်ဖိုးမြင့်ထုတ်ကုန်တွေ အမြောက်အမြား ထုတ်လုပ်ပြီး ပြည်ပတင်ပို့နိုင်ဖို့ဆိုရင် လက်ရှိသမားရိုးကျထုတ်လုပ်နေတဲ့ စနစ်တွေကို ခေတ်မီတိုးတက်တဲ့ Smart နည်းပညာနဲ့ပြောင်းလဲသွားရမှာဖြစ်ပါတယ်။ ဒါကို မဖြစ်မနေတွန်းအားပေးဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ယနေ့မွန်းလွဲပိုင်းတွင် မရမ်းကုန်းမြို့နယ် သလ္လာဝတီလမ်းရှိ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၌ ကျင်းပသော အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့်ဂျာမနီနိုင်ငံ GIZ အဖွဲ့အစည်းတို့ ပူးပေါင်းကျင်းပသည့် Traditional SMEs to Smart SMEs (မိရိုးဖလာ SMEs မှ ခေတ်မီ SMEs သို့ပြောင်းလဲရေး)စားပွဲဝိုင်းဆွေးနွေးပွဲအခမ်းအနားတွင် ပြောကြားသည်။

*စာမျက်နှာ ၅ ကော်လံ ၅* ❖

# ထိပ်ဆုံးနေရာမှ ရန်ကုန်အသင်း ရတနာပုံအသင်းကို ရှုံးပြီး ပထမဆုံးရှုံးပွဲကြုံတွေ့

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**

**မန္တလေး မေ ၂၇**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၅) ပထမနေ့ကို ယနေ့ ညနေပိုင်းက ကျင်းပသည်။

မန္တလာသီရိကွင်း၌ ကျင်းပသည့်ပွဲတွင် လက်ရှိချန်ပီယံ ရတနာပုံအသင်းက ထိပ်ဆုံးမှ ရန်ကုန်အသင်းကို သုံးဂိုးပြတ်အနိုင်ယူပြီး ပထမအကျော့ ရှုံးကြွေးပြန်ဆပ်နိုင်ခဲ့သည်။ ရန်ကုန်အသင်းသည် ဒုတိယအကျော့ လေးပွဲကစားရာတွင် နိုင်ပွဲတစ်ပွဲသာရပြီး အဝေးကွင်း သုံးပွဲဆက် နိုင်ပွဲပျောက်ဆုံးကာ ယခုရာသီ ပထမဆုံးရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။ ရတနာပုံအသင်းသည်

*စာမျက်နှာ ၁၂ ကော်လံ ၁* ✪



ရတနာပုံအသင်းမှ သက်နိုင်၏ ထိုးဖောက်မှုကို ရန်ကုန်ဂိုးသမား ကျော်ဇင်ထက် ကာကွယ်နေစဉ်

# လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်ရောက်ရှိနိုင်

**နေပြည်တော် မေ ၂၇**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မေ ၂၇ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ် (Depression) တစ်ခုအဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်ထူထပ်နေသည်။

**(မြန်မာ့အလင်း)**

KBZ BANK
STRENGTH OF MYANMAR
သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘာ့ဇဘာဏ်